မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၃)
အမှတ် (၂၂၁)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

၂၀၁၄ ခုနှစ်၊ မေ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဇာတ်တိုက်လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်းဖြင့် အရေးကြုံလာသည့်အခါ ဘေးအန္တရာယ်အနည်းဆုံးဖြင့် ရင်ဆိုင်ကျော်လွှားနိုင်

နေပြည်တော် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီးတွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ ပြင်ဆင်လုပ်ဆောင်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြင်စလူမြို့နယ်ခွဲကုမုဒြာရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက မုန်တိုင်းဒဏ်ကာကွယ်ရေးနှင့်တုံ့ပြန်ရင်ဆိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု၊ သရုပ်ပြလေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ခွဲဆေးရုံအဖြစ် ဖွင့်လှစ်ထားသော မုန်တိုင်းဒဏ်ခံအဆောက်အအုံသို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ခန်း၊ အမျိုးသမီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ စမ်းသပ်ကုသခန်း၊ သွားဘက်ဆိုင်ရာဆေးခန်းများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် မုန်တိုင်းဇာတ်တိုက်လေ့ကျင့်မှုအစီအစဉ်ကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူလူထုနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ယခုဇာတ်တိုက်လေ့ကျင့်ခန်းများကို လုပ်ဆောင်ထားခြင်းအားဖြင့် တကယ့်အရေးကြုံလာသည့်အခါ ဘေးအန္တရာယ်အနည်းဆုံးဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးစာစောင်များတွင် ရှင်းလင်းဖော်ပြထားချက်များအတိုင်း လိုက်နာသွားကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✽

ဒုတိယသမ္မတ ဦးညဏ်ထွန်း ပြင်စလူမြို့နယ်ခွဲရှိ ဆိုင်ကလုန်းရှယ်လ်တာအတွင်း ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

(သတင်းစဉ်)

ဆွေးနွေးမှုများကို စဉ်ဆက်မပြတ်တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည်

မြစ်ကြီးနား မေ ၁၃

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မနောကွင်း မဂ္ဂယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဦးဆွမ်လွတ်ဂမ်က ၎င်းနှင့်အတူ အစည်းအဝေးတက်ရောက်လာကြသော KIO ကိုယ်စားလှယ်အဖွဲ့အား မိတ်ဆက်ပေးသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ၎င်းနှင့်အတူ ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီသည် အင်စတီကျူးရှင်းသုံးခုကို အခြေခံပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော် ယင်းသုံးခုတွင် မိမိအနေဖြင့် လွှတ်တော်ကိုယ်စားတက်ရောက်လာခြင်း ဖြစ်ပါကြောင်း၊ အထူးသဖြင့် ယနေ့ ဆွေးနွေးချက်များကို အစိုးရအဖွဲ့နှင့် ကိုယ်စားလှယ်ကြီးများက ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း။

ထိုဆွေးနွေးမှုများမှ သဘောတူညီမှုများကို အကောင်အထည်ဖော်မှုလုပ်ငန်းများ အစဉ်သဖြင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးကြီးပါကြောင်း၊ ဤသို့ ဆောင်ရွက်နိုင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးအတွက် ပိုမိုပြီး

စာမျက်နှာ ၅ ကော်လံ ၁ ☆

ယနေ့ မာတိကာ

ရေနှင့်စွမ်းအင် — ဆောင်းပါး — စာမျက်နှာ » ၆

ပြန်ပေးဆွဲခံရသော နိုင်ဂျီးရီးယားကျောင်းသူများရှာဖွေမှုတွင် အမေရိကန်ကျွမ်းကျင်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်မည် — စာမျက်နှာ » ၁၁

အက်ပ်ဒေဖလားကို အာဆင်နယ်တို့ ကိုင်မြှောက်နိုင်မလား — စာမျက်နှာ » ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အာဆီယံစီးပွားရေးအသိုက်အဝန်း

အာဆီယံတွင် တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော အသွင်လက္ခဏာ၊ တစ်ခုတည်းသောကောင်းတူဆိုးဖက် "အသိုက်အဝန်း"ဖော်ဆောင်၍ သွက်လက်စွာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသိုက်အဝန်းမဏ္ဍိုင်ကြီးသုံးရပ်ထူထောင်ထားပါသည်။ အာဆီယံ လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်းဟူ၍ဖြစ်ပါသည်။

ဤအသိုက်အဝန်းသုံးရပ်အနက် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC)သည် အာဆီယံအသင်းအဖွဲ့ကြီးကို ကြွယ်ဝသောယှဉ်ပြိုင်မှု၊ ဆင်းရဲနွမ်းပါးမှုနှင့်လူမှုစီးပွားရေးကွာဟမှုနည်းပါးသောဒေသကြီးဖြစ်လာစေရန် မျှော်မှန်းထားပါသည်။ အာဆီယံဒေသကို ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းနိုင်ရန်၊ ငွေကြေးအရင်းအနှီးများ ပိုမိုလွတ်လပ်စွာ စီးဆင်းနိုင်သည့်ဒေသဖြစ်လာစေရန် ဆောင်ရွက်နေပါသည်။ တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှုအခြေခံဒေသ၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသ၊ စီးပွားရေးဖွံ့ဖြိုးမှု မျှတသောဒေသ၊ ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝပါဝင်ပေါင်းစည်းမှုရှိသော ဒေသဖြစ်လာစေရန်ဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်းကို လာမည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်ဖော်ဆောင်သွားရန် အာဆီယံနိုင်ငံများက ကြိုးပမ်းလျက်ရှိပါသည်။ သို့သော် အာဆီယံအဖွဲ့ကြီးသို့ နောက်မှဝင်ရောက်ခဲ့သည့် မြန်မာအပါအဝင် ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အခြားအာဆီယံနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်မှုစွမ်းအား လိုက်မီရန်လိုအပ်ချက်များရှိနေဦးမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြီးခဲ့သောထိပ်သီးအစည်းအဝေးတွင် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းအချိန်မီပေါ်ပေါက်လာရေး၊ အာဆီယံအင်စတီကျူးရှင်းများမြှင့်တင်ရေးနှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းအတွက် မဟာဗျူဟာရည်မှန်းချက်တစ်ရပ်ပေါ်ပေါက်လာရေးတို့အတွက် မိမိတို့အလေးထားဆွေးနွေးခဲ့သည်ဟု ဆိုပါသည်။

မည်သို့ပင်ရှိစေကာမူ အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်မှုသည် စိန်ခေါ်မှုများရှိသလို တိုးတက်မှုအလားအလာများ စွာရှိနေခြင်းကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံအတွက် များစွာအရေးပါလျက်ရှိပါသည်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အခြားအာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာအောင်မြှင့်တင်သွားရမည်ဖြစ်ပါသည်။ အခြားသော အာဆီယံနိုင်ငံဈေးကွက်များ အကြိုက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့လာနိုင်ရမည်ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်ရုံအလုပ်ရုံများ ပေါ်ထွန်းလာမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးလာနိုင်သည်နှင့်အမျှ မြန်မာနိုင်ငံစီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအပါအဝင် စီးပွားရေးအင်အားစုများအားလုံး ပြည်တွင်းဈေးကွက်တစ်ခုတည်းကိုသာမကြည့်ဘဲ အာဆီယံဈေးကွက်မှသည် ကမ္ဘာ့ဈေးကွက်အထိမျှော်မှန်းပြီးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးတီထွင်ကြံဆလုပ်ကိုင်သွားကြရမည်ဖြစ်ပါသည်။ ဈေးကွက်ထိုးဖောက်အောင်မြင်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာ၊ စီမံကိန်း၊ စီမံချက်များအချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်မှုနှင့်အတူလိုက်ပါပြီး မြန်မာ့စီးပွားရေးသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အသေးစားအရင်းအနှီးချေးငွေ၊ လယ်ယာနှင့်လုပ်ငန်းသုံးပစ္စည်းများ ကူညီပံ့ပိုးပေး

ထားဝယ် မေ ၁၃

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကို၊ ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့နှင့်အတူ မေ ၁၁ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနား" သို့ တက်ရောက်ခဲ့သည်။

ယခုအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့်မြို့ပြနေ အခြေခံပြည်သူများအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံအသေးစားချေးငွေကျပ်သိန်းပေါင်း ၂၁၁၂ ဒသမ ၀၀ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တန်ဖိုးကျပ်သိန်းပေါင်း ၄၂၄ ဒသမ ၀၈ သိန်းရှိသည့် လယ်ထွန်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာပေါင်း ၇၃ စီးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း၊ ထို့အတူ တန်ဖိုးငွေကျပ်သိန်းပေါင်း ၈၂ ဒသမ ၂ သိန်းရှိ အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းကိရိယာပေါင်း ၄၉ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အသေးစားချေးငွေလုပ်ငန်းများကို ယုံကြည်စွာ ပူးပေါင်းပြီးအလွဲသုံးစားမပြုစေရန် အသင်းသားများက ဝိုင်းကြီးချုပ်စနစ်ဖြင့် အချင်းချင်းထိန်းကျောင်းပြီး (Micro-finance)လုပ်ငန်း အောင်မြင်အောင်ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်း၊ ချေးယူရရှိသည့် ချေးငွေများကို စီးပွားရေးလုပ်ငန်းများတွင် အမှန်တကယ်ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် အဖွဲ့ဝင်အချင်းချင်းထိန်းကျောင်း တည့်မတ်ပေးကြရမှာဖြစ်ကြောင်း၊ ချေးငွေများ ပျက်ကွက်မှုမရှိဘဲ ပေးဆပ်နိုင်ရေးအတွက် အသင်းသားများသည် ရိုးသားကြိုးစားပြီး သစ္စာရှိ ကတိတည်ဖို့ လိုအပ်ပါကြောင်း၊ သို့မှသာ ဆင်းရဲနွမ်းပါးခြင်းဆိုသည့် နွံအိုင်ထဲမှ ရုန်းထွက်နိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ NGO အဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ သမဝါယမအသင်းသားများနှင့် အမှုဆောင် စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်တိုင်းတွင် မီးသတ်ဆေးဘူးများ ထားရှိရန် မှာကြား

ကလေး မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသို့ မော်တော်ယာဉ်များတွင် အရေးပေါ်မီးသတ်ဆေးဘူးများ ထားရှိသွားကြရန် လမ်းညွှန်မှာကြားထားကြောင်း သိရသည်။

"ကျွန်တော်တို့ ယာဉ်လိုင်းတွေကို မီးသတ်ဆေးဘူးတွေထားရှိပေးသွားရန်နှင့် မော်တော်ယာဉ်တွေမှာလည်း မီးသတ်ဆေးဘူးများကိုလုံလောက်စွာ ထားရှိသွားရန်တို့ကို ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီက မေ ၉ ရက် ရက်စွဲနဲ့ စာထုတ်အကြောင်းကြားထားပါတယ်။

"ကလေးမြို့ပေါ်တွင် ချင်းပြည်နယ်ကို သွားတဲ့ကားဂိတ်တွေ၊ မုံရွာ၊ မန္တလေးကိုသွားတဲ့ ဂိတ်တွေ၊ တမူး၊ ကလေးဝကို သွားတဲ့ဂိတ်တွေရှိတယ်။ ဂိတ်တွေအားလုံးကို အကြောင်းကြားထားပါတယ်။ ကလေးမြို့ပေါ်မှာ စုစုပေါင်းဂိတ်ပေါင်း ၂၀ ကျော်ရှိပါတယ်"ဟု မစကရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"မီးသတ်ဆေးဘူးတွေ ထားခိုင်းတာကို သိရလို့ ဝမ်းသာပါတယ်၊ တကယ်လို့ ကားကမောင်းနေရင်း မတော်တဆမီးလောင်ရင် အရေးပေါ်မီးသတ်ဆေးဘူးပါမှ အဆင်ပြေပါမယ်။ ကားက ဘယ်နေရာမှာ ဘာဖြစ်မယ်ဆိုတာ မသိရဘူးလေ။ မတော်တဆမီးလောင်ရင်ရေမရှိဘူးဆို အားလုံးမီးထဲပါသွားမှာပဲ၊ ဒါကြောင့် အရေးပေါ်မီးသတ်ဆေးဘူးတွေထားခိုင်းတာ ကောင်းပါတယ်၊ ခရီးသွားတွေအတွက်လည်း မီးဘေးအန္တရာယ်သက်သာတာပေါ့"ဟု ဒေသတွင်းခရီးသည်တစ်ဦးက ပြောသည်။

ယာဉ်လိုင်းများတွင် အသင်းဝင်ယာဉ်များအားလုံး မီးသတ်ဆေးဘူး တပ်ဆင်ခြင်းမရှိဘဲ ပြေးဆွဲနေမှုကို တွေ့ရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသိပေးထားကြောင်း သိရသည်။

သျှင်နေမင်း

ကမ်းနားလမ်း ရေကာတာတည်ဆောက်ပြီးစီး

မြင်းမူ မေ ၁၃

မြင်းမူမြို့ အသောကရပ် ကမ်းနားလမ်းသည် ဧရာဝတီမြစ်ရေမြင့်တက်သောအခါ ၄င်းကျောက်ရိုးစီနံရံများသည် နှစ်ကာလကြာမြင့်သောကြောင့် အက်ကွဲခြင်း၊ ပြိုကျခြင်းများဖြစ်ပေါ်လာသည်။ မြင်းမူမြို့သည် ရေဘေးအန္တရာယ်စိုးရိမ်ရသောကြောင့် အသောကရပ် ကမ်းနားလမ်း ကျောက်ရိုးစီရေကာတာအရှည် ၁၂၅ ပေ၊ အကျယ်လေးပေ၊ အမြင့်ရှစ်ပေ ကျောက်ရိုးစီနံရံနှင့် ကတ္တရာလမ်းကြား မြေထည့်အပေါ်ယံကျောက်သွေးလောင်းခြင်း၊ နားနေသူများထိုင်ရန် ကျောက်ခုံသုံးခုံစသည့်လုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးက ငွေကျပ်သိန်း ၅၀ နှင့် မြင်းမူမြို့နယ် စည်ပင်သာယာရေးကော်မတီရန်ပုံငွေမှ ငွေကျပ် ၉၁ ဒသမ ၃ သိန်း စုစု ပေါင်းငွေကျပ် ၁၄၁ ဒသမ ၃ သိန်းဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါလုပ်ငန်းအားလုံးပြီးစီးခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(မြင်းမူ)

Excellent Myanmar
International Private School
edexcel
PEARSON
Pre-School (2 ½ to 5 Yr)
Grade I - to Grade V
Edexcel International Curriculum
Weekend Classes
မြန်မာကျောင်းအတန်းနှင့် နိုင်ငံတကာအတန်း
တစ်ပြိုင်နက်ရနိုင်မည့် အခွင့်အလမ်း
Exam Center No.95873
Ph : 09 254 200 234, 01 252 148, Email : excellentmyanmarps@gmail.com
Enroll Now!

PHO SEIN
Hot Line - 01 545440, 01 552348
09 420 700013, 09 421 168127
Cambridge exam
Activity
PRIVATE
PRIVATE

ပြည်တွင်းသတင်း

တောင်တရုတ်ပင်လယ်တွင်း လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်များရရှိရေးအရေးကြီး

နေပြည်တော် မေ ၁၃

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဌ၏ ထုတ်ပြန်ချက်ကို မေ ၁၁ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် အခန်း(၇)ခန်း၊ အချက်(၈၄)ချက် ပါရှိသည်။

ငြိမ်းချမ်းသာယာသော အာဆီယံအသိုက်အဝန်းဆီသို့ အခန်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် သံရုံးဖွင့်လှစ်နိုင်ထားခြင်းမရှိသည့် တတိယနိုင်ငံများတွင် ရောက်ရှိနေသော ၎င်းတို့၏နိုင်ငံသားများကို ကောင်စစ်ဆိုင်ရာအကူအညီပေးရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးအဆိုပြုမှု တိုးတက်မှုများကို မှတ်တမ်းတင်ကြသည်ဟူ၍လည်းကောင်း။

ကြံ့ခိုင်ပြီး စွမ်းရည်ပြည့်ဝသော အာဆီယံအသိုက်အဝန်းဆီသို့ အခန်းတွင် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများနှင့် အာဆီယံခြောက်နိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းရေးနှင့် ဒေသတွင်းသာတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် အခြေခံအုတ်မြစ်ဖြစ်သည့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ်၏ အရေးပါမှုကို အသိအမှတ်ပြုကြသည်ဟူ၍ လည်းကောင်း။

အာဆီယံပြည်သူများအတွက် အာဆီယံအခန်းတွင် ကျွန်ုပ်တို့အနေဖြင့် အာဆီယံဒေသတွင်းပြည်သူများ၏ လူမှုဘဝတိုးတက်စေရေးအတွက် ပြည်သူဗဟိုပြု အာဆီယံဖြစ်ပေါ်ရေးနှင့် အာဆီယံအသိုက်အဝန်းတည်ထောင်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများမှ ပါဝင်နိုင်မှုနှင့် အကျိုးရရှိခံစားနိုင်သည့် ပတ်ဝန်းကျင်ဖန်တီးဖော်ဆောင်ရေး ကြိုးပမ်းချက်များအား အလေးထားသည်ဟူ၍ လည်းကောင်း။

အာဆီယံ၏ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ သဘောထားအမြင် အခန်းတွင် တောင်တရုတ်ပင်လယ်တွင် လတ်တလောဖြစ်ပေါ်မှုများအပေါ် အထူးစိုးရိမ်မှုများထုတ်ဖော်ခဲ့သည်။ တောင်တရုတ်ပင်လယ်တွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းရေး၊ လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်များ ရရှိရေးတို့၏ အရေးကြီးမှုကို အလေးအနက်ထုတ်ဖော်ခဲ့သည်ဟူ၍ လည်းကောင်း။

ပြင်ပဆက်ဆံရေးအခန်းတွင် ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေး အနှစ် (၄၀)မြောက် အထိမ်းအမှတ်၊ အာဆီယံ-ကိုရီးယားသမ္မတနိုင်ငံ ဆွေးနွေးဖက်ဆက်ဆံရေး(၂၅) နှစ်မြောက် အထိမ်းအမှတ် အပါအဝင် အထိမ်းအမှတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကြိုဆိုသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံ-နယူးဇီလန် ဆွေးနွေးဖက် ဆက်ဆံရေး အနှစ်(၄၀)မြောက် အထိမ်းအမှတ်အခမ်းအနားကို မလေးရှားနိုင်ငံတွင် ကျင်းပသွားမည်။ ၂၀၁၅ ခုနှစ်တွင် အရှေ့အာရှထိပ်သီးအစည်းအဝေး (၁၀)နှစ်မြောက် အထိမ်းအမှတ်ကိုကျင်းပမည်ဖြစ်သည်ဟူ၍ လည်းကောင်း၊ အာဆီယံအသိုက်အဝန်းအတွက် အာဆီယံအဖွဲ့အစည်းများအခန်းတွင် ကျွန်ုပ်တို့အနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်မှုသို့ ဦးတည်ဆောင်ရွက်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးရုံးတို့၏ အရေးပါမှုကို အလေးအနက်ပြုသည်။ သို့ဖြစ်ရာ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးချုပ်ရုံးတို့၏ ကဏ္ဍအား ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်ဟူ၍ လည်းကောင်း။

အာဆီယံ၏ အနာဂတ်မျှော်မှန်းချက်အခန်းတွင် မိမိတို့အဖွဲ့ကြီးကို အနာဂတ်နှင့်လိုက်လျောညီထွေမှုရှိပြီး ဂုဏ်သိက္ခာရှိစွာဖြင့် အဖွဲ့ကြီး၏ အချက်အချာကျမှုကို ဖော်ဆောင်နိုင်မည့် ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကိုလည်း ရေးဆွဲရန်အရေးကြီးလိုအပ်သည်။ ကျွန်ုပ်တို့အဖွဲ့အစည်းအား စစ်မှန်သောပြည်သူကိုဗဟိုပြုသည့် အဖွဲ့ကြီးအဖြစ် ပေါ်ပေါက်လာစေရေး ထားရှိသည့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုကြသည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိသည်။

အဆိုပါ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဌ၏ ထုတ်ပြန်ချက်အပြည့်အစုံ (မြန်မာ၊အင်္ဂလိပ်)ကို ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်များဖြစ်သည့် www.moi.gov.mm နှင့် www.moi. gov. mm/npe/ တို့တွင် ဖတ်ရှုနိုင်သည်။ **(သတင်းစဉ်)**

❀ *ရှေ့ဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတသည် ဒေသခံပြည်သူများအတွက် အသက်ကယ်အင်္ကျီ၊ အရေးပေါ်သုံးဆိုလာမီးအိမ်နှင့် ပြက္ခဒိန်များပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာစောလွင်တို့က သဘာဝဘေးဒဏ် ရင်ဆိုင်ရာတွင် လိုအပ်သည့် လုပ်ဆောင်ချက်များ၊ ကျန်းမာရေးစောင့်ရှောက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ပြင်စလူအထက်တန်းစာသင်ကျောင်း အဖြစ် ဖွင့်လှစ်ထားသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာ ဆရာမများက ဒေသတွင်းလိုအပ်ချက်ဖြစ်သည့် ကျောင်းဆောင်ပြုပြင်ပေးနိုင်ရေး၊ သောက်သုံးရေအခက်အခဲများ၊ သဘာဝဘေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းစဉ်အဆင့်လိုက် လိုက်နာဆောင်ရွက်ရန် အချက်များကို ရှင်းလင်းပြောကြားပြီး ကြိမ်ချောင်းကြီးကျေးရွာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကဒုံကနီ သစ်တောကြိုးဝိုင်းအတွင်း ကွင်းအမှတ် (၄၆)ရှိ ဒီရေတော စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘိုကလေးမြို့နယ်၊ ဖျာပုံမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ ကြိုးဝိုင်းဒီရေတောဧရိယာများတွင် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ကွင်းဆင်းစာရင်းကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ဒီရေတောများ ပြန်လည်ထူထောင်ထိန်းသိမ်းခြင်း လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန်အတွက် ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ(PAS) တည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း၊ ပြန်လည်စိုက်ပျိုးပြုစုခြင်းတို့ကို နိုင်ငံတော်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

နာဂစ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အပါအဝင်ဖြစ်သော ကဒုံ-ဘိုကလေး၊ တစ်ဖက်ကမ်းမြေသားလမ်းသည် လမ်းအရှည်၄၂ မိုင်ရှည်လျားပြီး ၂၀၀၉-၂၀၁၀ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ကာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေလွှမ်းမိုးမှု အန္တရာယ်မှ ဘေးလွတ်ရာသို့ရွှေ့ပြောင်းရာတွင် ဘိုကလေးမြို့နယ်သို့တိုင် သွားရောက်ရှောင်တိမ်းနိုင်ကြောင်းနှင့် ယင်းလမ်းပေါ်တွင် မြစ်ကူး/ချောင်းကူး တံတားများလည်းပါဝင်တည်ဆောက်ပေးပြီး ယခင်က ဒေသခံများအနေဖြင့် တစ်နေရာမှတစ်နေရာ ကူးလူးသွားလာရာတွင် ရေကြောင်းခရီးကိုသာ အားထားခဲ့ကြရာမှ ယခုအခါ မော်တော်ယာဉ်များဖြင့်ပါ ကူးလူးသွားလာဆက်သွယ်နိုင်ပြီဖြစ်ကြောင်း၊ ဒေသတွင်းနေထိုင်ကြသော ဒေသခံပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေလိုအပ်ချက်ပြည့်မီစေရန် မိုးရေစုကန်များ၊ အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး ဒီရေတောစိုက်ခင်းဧရိယာမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဒီရေတောစိုက်ခင်းအတွင်း ကနစိုပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး ဒီရေတောကြိုးဝိုင်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖျာပုံမြို့နယ် ခမင်းဆိပ်သို့ရောက်ရှိပြီး ခမင်းဆိပ်မုန်တိုင်းဒဏ်ခံအဆောက်အအုံအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လိုက်လံရှင်းလင်းပြသသည်။

ဒုတိယသမ္မတက ဒေသခံပြည်သူများနှင့်တွေ့ဆုံရာတွင် သဘာဝဘေးဒဏ်များနှင့်ရင်ဆိုင်ကြုံတွေ့ရာတွင် အသင့်ဖြစ်စေရေး လိုအပ်ချက်များနှင့် လိုက်နာရန်အချက်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ဒေသခံပြည်သူများထံ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဒီရေတောစိုက်ခင်းအတွင်း ကနစိုပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် တောင်သူလယ်သမား(လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲကြေညာချက်

၁။ နိုင်ငံနှင့်အဝန်း ၇၀ ရာခိုင်နှုန်းကျော်သော ကျေးလက်နေတောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ကျေးလက်နေ မိဘပြည်သူများ အဓိကမှီခိုအားထားရာဖြစ်သည့် လယ်ယာကဏ္ဍကြီး အရှိန်အဟုန်မြင့်မားစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ အင်အားကိုရယူ၍ လယ်ယာကဏ္ဍကြီးကို ဖွံ့ဖြိုးတိုးတက် ခိုင်မာအောင် အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များအားဖြင့် တေးရေးဂီတအနုပညာရှင်များ သီကုံးရေးစပ်သော **“ဒုတိယအကြိမ် တောင်သူလယ်သမား(လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ”** အား ကျင်းပပြုလုပ်လျက်ရှိနေပြီဖြစ်ပါသည်။

၂။ တေးရေးဂီတပညာရှင်များ၏ တောင်းဆိုချက်အရ ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၄၀၊ တတိယဆု ငွေကျပ်သိန်း ၃၀၊ စတုတ္ထဆု ငွေကျပ်သိန်း ၂၀၊ ပဉ္စမဆု ငွေကျပ် ၁၀ သိန်းအပြင် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် မူလက နှစ်သိမ့်ဆု ၁၀ ဆုချီးမြှင့်မည့်အစား နှစ်သိမ့်ဆုပေါင်း ၂၀ ဆုသို့ တိုးမြှင့်သတ်မှတ်ချီးမြှင့်သွားမည်ဖြစ်ပြီး စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်းပေါင်း ၂၅၀ အား ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တောင်သူလယ်သမားကြီးများအတွက် ဆုရသီချင်းများအနက် ရေရှည်တည်တံ့ခိုင်မြဲသည့် ဂန္တဝင်မြောက် တေးသီချင်းအဖြစ် ရေးစပ်သီဆိုနိုင်ကြမည့် တေးသီချင်းများကို သီးခြားထပ်ဆောင်း ဂုဏ်ပြုချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင် စည်းမျဉ်း၊ စည်းကမ်းများအား ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) တို့မှ မကြာမီထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်တွင်းသတင်း

လွယ်မွေတောင်စခန်းမြို့ စတုရဋ္ဌသုမင်္ဂလစေတီတော် ရတနာစိန်ဖူးတော် ငှက်မြတ်နားတော် ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် လွယ်မွေတောင် စခန်းမြို့ စတုရဋ္ဌသုမင်္ဂလစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက် ကြည်ညိုပူဇော်ကြသည်။

အဆိုပါအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်၊ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် တန့်ယန်းမြို့ ဓမ္မဂုဏ်ရည်ကျောင်းတိုက် ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုခမိန္ဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် အမှူးပြုသော ဘုရားဒါယကာများက ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့်ရွှေထီးတော်ဘုံဆင့်များကို သံဃာတော်များထံဆက်ကပ်၍ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြလေယာဉ်မင်္ဂလာရထားပုံဖြင့် အစီအစဉ်အတိုင်းဆက်လက်တင်ဆောင်ခြင်း၊ တပ်ဆင်ပူဇော်ခြင်းများကို နဂါးနှစ်ကောင်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိ၊ ဝစီပိတ် ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ မိုင်းဖုန်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏသံဝရနှင့် တန့်ယန်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ ဘဒ္ဒန္တသုခမိန္ဒတို့ဦးဆောင်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘုရားဒါယကာများက ဆောင်ရွက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရတနာစိန်ဖူးတော်ကို စေတီတော်အထွတ်တွင် တပ်ဆင်ပူဇော်ကာ သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်သည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ တန့်ယန်းမြို့ ဓမ္မဂုဏ်ရည် ကျောင်းတိုက် ဆရာတော် မဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တ သုခမိန္ဒထံ ရတနာ စိန်ဖူးတော် ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့ဦးဆောင်၍ ဇယန္တော ဗောဓိယာမူလေအစချီသော ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး ရွှေထီးတော်နှင့် စေတီတော်မြတ်အား ရွှေသင်္ကန်းကပ်လှူပူဇော်ကြကာ ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို စတုရဋ္ဌသုမင်္ဂလ စေတီတော်အရှေ့ဘက်ရှိ မဟာဗောဓိညောင်ပင်တွင် သံဃာတော် အရှင်သူမြတ်များ ဦးဆောင်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များဖြင့် ကျင်းပသည်။

လွယ်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလ စေတီတော်မြတ်သည် ၁၉၆၀ ပြည့်နှစ်တွင် အမှတ်(၃) ခြေလျင်တပ်ရင်းရှိ တပ်မိသားစုများက သဲပုံစေတီ တည်ထားကိုးကွယ်ရာမှ အစပြုခဲ့သည်။ ယခုအခါ စတုရဋ္ဌသုမင်္ဂလ စေတီတော်မြတ်သည် ဉာဏ်တော် ၄၅ ပေ၊ စေတီရဲ့ ၄ ဆူ၊ အာရုံခံတန်ဆောင်း လေးခုတို့ဖြင့် ပြုပြင်မွမ်းမံ တည်ဆောက်ထားပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရာတွင် စေတနာရှင်အလှူရှင်များ၏ ထည့်ဝင်သည့် အလှူငွေပေါင်းမှာ ငွေကျပ် ၃၇၁၆ သိန်းကျော်၊ ဘတ်ငွေ ၁၁၂၀၀၀ နှင့် ဘီလပ်မြေအိတ် ၁၀၀၀ တို့ကို လှူဒါန်းပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဟန့်တားစေနိုင်သည့်ဖြစ်စဉ်ဖြစ်ရပ်များ ထပ်မံမဖြစ်ပွားရေး ဦးစားပေးဆွေးနွေး

မြစ်ကြီးနား မေ ၁၃

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ် အဖွဲ့တို့သည် ယနေ့တွင် ကချင်ပြည်နယ်မြစ်ကြီးနားမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပူးတွဲထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ ပူးတွဲထုတ်ပြန်ချက်

၂၀၁၄ ခုနှစ်၊ မေလ ၁၃ ရက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော အဖွဲ့နှင့် ဆရာကြီးဦးဆွမ်လွတ်ဂမ် ဦးဆောင်သော KIO ကိုယ်စားလှယ်အဖွဲ့တို့သည် မြစ်ကြီးနားမြို့ မဂ္ဂလာခန်းမတွင် ၂၀၁၄ ခုနှစ် မေလ ၁၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တွေ့ဆုံဆွေးနွေးကြပါသည်။ ထိုဆွေးနွေးပွဲသို့ လေ့လာသူ (Observer) များအဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးရုံးမှ Ms.Mariann Hagen၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှရေးရာ အထူးသံတမန်အဖွဲ့မှ Mr.Wang Yingfan၊ NCCT၊ UNFC နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၉ ဦးနှင့် PCG အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

၂။ ဆွေးနွေးပွဲတွင် ၂၀၁၃ ခုနှစ် မေလနှင့် အောက်တိုဘာလ တွေ့ဆုံဆွေးနွေးမှု နောက်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များကို နှစ်ဦးနှစ်ဖက်မှ ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။ နှစ်ဖက်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဟန့်တားစေနိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များ ထပ်မံမဖြစ်ပွားရေးကို ဦးစားပေးဆွေးနွေးခဲ့ကြပါသည်။

၃။ ဆွေးနွေးပွဲတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ သဘောတူညီချက်ပါ **"ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေးယန္တရား"** ကို ပထမအဆင့် အကောင်အထည်ဖော်သောအားဖြင့် **"ပဋိပက္ခ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့"** ကို ဖွဲ့စည်းရန် သဘောတူကြပါသည်။

၄။ နှစ်ဦးနှစ်ဖက်နားလည်မှုများကို ပျက်ပြားစေသော မီဒီယာများ၏ လွဲမှားစွာ ရေးသားဖော်ပြနေမှုများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

၅။ နောက်တစ်ကြိမ် အစည်းအဝေးကျင်းပရန်အတွက် နှစ်ဖက်ကိုယ်စားလှယ်များမှ ညှိနှိုင်းဆောင်ရွက်ကြရန် သဘောတူကြပါသည်။

✳ *ကျောဖုံးမှ*

မြင်ကွင်းသိပ်မကောင်းဘူး၊ "ဒုံး" ဆိုပြီး တစ်ခုခုကို စတင်တိုက်လိုက်တဲ့ အသံကြားရတယ်။ ပြီးတော့ ကား ကစလစ်ဖြစ်သလို ရမ်းခါသွားတယ်။ ယာဉ်မောင်းလည်း လိုက်ထိန်းတယ်နဲ့ တူပါတယ်။ နောက်တော့ တံတားအောက်ကိုကျသွားပြီး တစ်ကားလုံး ဆူညံသွားတယ်၊ ကျွန်မသတိရတော့ ကူညီနေတဲ့လူတွေကို တွေ့ရပြီး ဒဏ်ရာရသူတွေကို ဆေးရုံကို ပို့ပေးကြပါတယ်"ဟု ပြောကြားသည်။

အပတ်စဉ် နေပြည်တော်သို့ အလုပ်ကိစ္စနှင့် အမြန်လမ်းကို အသုံးပြုသွားလာနေရကြောင်း ပြောကြားသည့် ရန်ကုန်မြို့ တာမွေမြို့နယ်နေ အမျိုးသမီးကြီးတစ်ဦးက "အန်တီက ကားစထွက်ကတည်းက ဘုရားစာတွေ ရွတ်ဆိုနေခဲ့တာ၊ တိုးလ်ဂိတ်က ထွက်လာပြီးမကြာဘူး အခုလိုအဖြစ်ဆိုးကြီးကြုံရတာပဲ၊ ဖြစ်သွားတာက အလွန်မြန်ပါတယ်၊ ကားကအပေါ်က ပြုတ်ကျတဲ့အရှိန်နဲ့ ကိုယ်ထည်ပွင့်ထွက်သွားပြီး ထွက်ပေါက်လိုဖြစ်သွားတာ၊ အန်တီက ခေါင်းပဲနည်းနည်း ထိသွားလို့ ကံကောင်းပါတယ်" ဟု ဆိုသည်။

ယာဉ်မောင်းကို ဆေးရုံတွင် ကုသနေရဆဲဖြစ်ပြီး အခင်းဖြစ်ပွားချိန်က မော်တော်ယာဉ်ကို တစ်နာရီလျှင် ၆၀ ကီလိုမီတာနှုန်းဖြင့်သာ မောင်းနေခြင်းဖြစ်ကြောင်း၊ တိမ်းမှောက်မှုဖြစ်ပွားသည့်ယာဉ်မှာ YU-TONG အမျိုးအစား ယာဉ်အသစ်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ကဆုန်ညောင်ရေသွန်းပွဲ သန်လျင်၌ ကျင်းပ

ရန်ကုန် မေ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်လုံးဆိုင်ရာ (၆၇) ကြိမ်မြောက် ကဆုန်လပြည့်ဗုဒ္ဓနေ့ ကဆုန်ညောင်ရေသွန်းပွဲကို မေ ၁၃ ရက် နံနက် ၆ နာရီက မင်းကျောင်းပထမပြန်စာသင်တိုက်မှ စတင်၍ရပ်ကွက်/ကျေးရွာနှင့် ဘာသာရေးဝတ်အသင်းများက လှည့်လည်ပူဇော်ပြီးနောက် သာသနာ့ဗိမာန်ဝင်းအတွင်းရှိ မဟာဗောဓိပင်၌ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ ဗုဒ္ဓနေ့အခမ်းအနားကို သာသနာ့ဗိမာန်၌ ကျင်းပပြီး ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ဝတ်ရွတ်ပူဇော်ပွဲ ရပ်ကွက်/ကျေးရွာ အဆင့်တွင် ဆုရရှိသောပထမရေနံရပ်ကွက်၊ ဒုတိယအောင်ချမ်းသာရပ်ကွက်၊ တတိယမြို့မမြောက်ရပ်ကွက်နှင့် ကျောင်းနှင့် တက္ကသိုလ်အဆင့်တွင် ပထမရရှိသော အထက(၄)သန်လျင်၊ ဒုတိယရရှိသော အထက(၁) သန်လျင်၊ တတိယရရှိသော နည်းပညာတက္ကသိုလ်(သန်လျင်)တို့အား ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ **သန်းဝင်း(သန်လျင်)**

မှန်လုံယာဉ်တိမ်းမှောက်မှုတွင် သေဆုံးခဲ့သော ခရီးသည်များအတွက် အာမခံလျော်ကြေးငွေများ လာမည့်ရက်သတ္တပတ်အတွင်း ထုတ်ပေးမည်

နေပြည်တော် မေ ၁၃

နေပြည်တော်-ရန်ကုန် ရာဇမင်း မှန်လုံယာဉ် တိမ်းမှောက်မှုတွင် သေဆုံးခဲ့သောခရီးသည်များအတွက် အာမခံလျော်ကြေးများကို လာမည့် ရက်သတ္တပတ်အတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောကြားသည်။

ယာဉ်တိမ်းမှောက်မှုတွင် ပါဝင်၍ သေဆုံးခဲ့ရသော ခရီးသည်တစ်ဦးလျှင် အလုံးစုံအာမခံကြေး ငွေကျပ် ၁၀ သိန်း၊ အထူးခရီးသွားအာမခံကြေး ငွေကျပ်သိန်း ၃၀၊ သူတစ်ပါးထိခိုက်မှု အာမခံကြေးငွေကျပ် ငါးသိန်း စုစုပေါင်း ကျပ် ၄၅ သိန်းကို သေဆုံးသူနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်ရှိသူများအား ထုတ်ပေးသွားမည်ဖြစ်သည်ဟု သိရသည်။

ထိခိုက် ဒဏ်ရာရသူများအား အထူးခရီးသွားအာမခံကြေးအဖြစ် ဒဏ်ရာရရှိမှုအပေါ် မူတည်၍ ငွေကျပ် ၁၀၀၀၀မှ ငွေကျပ် ၂၄သိန်းအထိ သတ်မှတ်ထားသည့်အတိုင်း ပေးလျော်သွားမည်ဖြစ်ကြောင်း၊ သေဆုံးသူများအတွက် အာမခံလျော်ကြေးကို မထသသို့လွှဲပြောင်း၍ ခံစားခွင့်ရှိသူများကို ရှေ့တစ်ပတ်တွင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဒဏ်ရာရသူများအတွက် အာမခံလျော်ကြေးပေးလျော်မှုကိုမူ အချိန်ယူဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောကြားသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ရာဇမင်းမှန်လုံယာဉ် တိမ်းမှောက်မှုတွင် ဒဏ်ရာရရှိသူခရီးသည်များကို ကုသပေးလျက်ရှိသည့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က လာရောက် ကြည့်ရှုနှစ်သိမ့်အားပေးခဲ့ပြီး အာမခံလျော်ကြေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မျိုးဇေယျာ(ပျဉ်းမနား)

ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ပြည်တွင်းသတင်း

☆ ရှေ့ဖုံးမှ

အထောက်အကူ ပြုစေပါကြောင်း၊ ထို့အပြင် ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ယခုတွေ့ဆုံပွဲ၏ ညှိနှိုင်းဆွေးနွေးမှုများအပေါ် ကောင်းမွန်စွာ မှတ်သားပြီး အကောင်းဆုံးတုံ့ပြန်နိုင်အောင် ပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးမှုနှင့်ပတ်သက်သော လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များ အားလုံးကိုလည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့ ငြိမ်းချမ်းရေးဆွေးနွေးမှုချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့်အတူ ကြိုးပမ်းအားထုတ် ညှိနှိုင်းဆောင်ရွက်နေသည့် အချိန်တွင် ကချင်ပြည်နယ်အတွင်း အချို့ဒေသများနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အချို့ဒေသများတွင် တိုက်ပွဲများ ပိုမိုဖြစ်ပွားလာသောကြောင့် ဒေသအတွင်းရှိ ပြည်သူများ စိုးရိမ်ပူပန်လျက်ရှိပြီး ဒေသတွင်း မတည်ငြိမ်မှုများ ဖြစ်ပွားလျက်ရှိနေပါကြောင်း။

ဤကဲ့သို့ တိုက်ပွဲများအရှိန်မြင့် ပြန်လည်ဖြစ်ပွားလာခြင်းသည် သဘောတူညီချက်များကို နှစ်ဦးနှစ်ဖက်မှ တာဝန်ယူထိန်းသိမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ဖြစ်သည်ဟု သုံးသပ်ပါကြောင်း၊ ထိုနည်းတူစွာ နှစ်ဦးနှစ်ဖက်ကြားတွင် အပြန်ပါဝင်ခဲ့ပါကြောင်း၊ အစိုးရအနေဖြင့်လည်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးလုပ်နိုင်ခဲ့လျှင် KIO အဖွဲ့အပါအဝင် အပစ်အခတ် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အခြားအဖွဲ့အစည်းများနှင့်လည်း ပါဝင်လာမည်ဖြစ်သည်ဆိုသည့် ရည်မှန်းချက်ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ယင်းဖြစ်စဉ်ကို အားစိုက်ထုတ်ခဲ့ပါကြောင်း၊ KIO အဖွဲ့ဘက်မှ Technical Team များအနေဖြင့်လည်း NCCT တွင် ပါဝင်အားစိုက်ထုတ်ခဲ့ကြပါကြောင်း။

အစိုးရနှင့် NCCT ကြားတွင် အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများ ရှိခဲ့ပါကြောင်း၊ သို့သော် ယင်းဖြစ်စဉ်ကို အားစိုက်ထုတ်ရသည့်အပေါ်တွင် အစိုးရနှင့်အနေဖြင့် မန္တလေးတွင် ရှမ်းနီခေါင်းဆောင်များနှင့် တွေ့ခဲ့ပါကြောင်း၊ ၄င်းတို့၏ စိုးရိမ်ချက်များ၊ တင်ပြချက်များကိုလည်း မိမိတို့နားထောင်ဆွေးနွေးကြရမည်ဟု မျှော်လင့်ပါကြောင်း၊ ကချင်လူထု အဖွဲ့အစည်းများကလည်း စိုးရိမ်မှုများရှိကြကြောင်း၊ ယင်းတို့ကိုနားထောင်ပြီး လူထုကို အကာအကွယ်ပေးရန် နှစ်ဖက်လုံးမှ ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ ပဋိပက္ခအရှိန်အဟုန် လျှော့ချနိုင်ရန် ပူးတွဲအပစ်အခတ် စောင့်ကြည့်ရေးအဖွဲ့ကို Pilot Project အနေဖြင့် ဖွဲ့စည်းရန် သဘောတူထားတာရှိပါကြောင်း၊ ယင်းကိုဆက်လက် အကောင်အထည်ဖော်ရန် မိမိတို့နှစ်ဖက်စလုံးတွင် တာဝန်ရှိပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန် ကြိုးစားနှင့် IDPS နေရာပြန်ချရေး၊ Pilot Project များကို အကောင်အထည်ဖော်နိုင်ရန် အဆိုပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၃ ခုနှစ် အောက်တိုဘာလဆွေးနွေးပွဲနောက်ပိုင်း ဖြစ်ပေါ်ခဲ့သော ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အပြန်အလှန်ဆွေးနွေးကြပြီး ၂၀၁၃ ခုနှစ် မေလနှင့်အောက်တိုဘာလဆွေးနွေးပွဲသဘောတူညီချက်များကို ဆက်လက် အကောင်အထည်ဖော်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့နောက် ပဋိပက္ခညှိနှိုင်းဖြေရှင်းအဖွဲ့၊ ဖွဲ့စည်းသဘောတူညီလက်မှတ်ရေးထိုးထားသော စာချုပ်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးအောင်မင်းနှင့် ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်ရီ၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်၊ MPC မှ အကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေနှင့် အဖွဲ့ဝင်များ၊ KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ်ဂွမ်မော်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ကြပြီး လေ့လာသူများအဖြစ် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်လာသော တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ငြိမ်းချမ်းရေးကိစ္စများ ဆွေးနွေးစဉ်။ (သတင်းစဉ်)

အောင်မြင်ပြီး ယင်းဆွေးနွေးမှု၏ အသီးအပွင့်များကို ကချင်ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ခံစားနိုင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က ၂၀၁၁ ခုနှစ် တိုက်ပွဲများပြန်လည်ဖြစ်ပွားပြီးနောက်ပိုင်း KIO ဆွေးနွေးရေးအဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအဖွဲ့တို့ အကြိမ်ကြိမ်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ၂၀၁၃ ခုနှစ် မေလနှင့်အောက်တိုဘာလ ဆွေးနွေးပွဲများတွင် နှစ်ဖက်တိုက်ခိုက်မှုလျှော့ချရေးနှင့်တိုက်ပွဲများ ထပ်မံမဖြစ်ပွားအောင် ထိန်းသိမ်းရေးတို့အတွက် သဘောတူညီချက်များရရှိခဲ့ကြပါကြောင်း၊ အဆိုပါသဘောတူညီချက်၏ အကျိုးရလဒ်အဖြစ် နှစ်ဖက်စလုံးမှ ဝိုင်းဝန်းထိန်းသိမ်းမှုကြောင့် ကချင်ပြည်နယ်ဒေသအချို့၌ တိုက်ပွဲများ လျှော့ချသွားပြီး အချို့ဒေသများ၌ တိုက်ပွဲများ မရှိသလောက်နီးပါး တိုးတက်မှုရရှိခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း။

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ညီလာခံကိုလည်း လိုင်ဇာမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) ကိုဖွဲ့စည်းကာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရေးအတွက် ညှိနှိုင်းမှုများ စတင်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ NCCT သည် စစ်မှန်သော နိုင်ငံရေးဆွေးနွေးပွဲပေါ်ပေါက်လာစေရေးအတွက် လိုအပ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Peace Process) များ အဆင့်ဆင့်ကို ပြည်ထောင်စု ငြိမ်းအလှန်နားလည်မှု၊ လေးစားမှုနှင့် အပြန်အလှန် ယုံကြည်မှုများ၊ ဖော်ဆောင်ရေး၌လည်း အားနည်းမှုရှိနေသေးသည်ဟု သုံးသပ်မိပါကြောင်း။

မိမိတို့ KIO အနေဖြင့် လက်ရှိဖြစ်ပွားနေသော ပြဿနာများကို အမြန်ဆုံး တွေ့ဆုံညှိနှိုင်းဖြေရှင်းကြရန်နှင့် ထပ်မံမဖြစ်ပွားစေရေး ဆွေးနွေးညှိနှိုင်း အဖြေရှာကြရန် လိုအပ်သည်ဟု အလေးအနက် ယုံကြည်သည်နှင့်အညီ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအား တွေ့ဆုံဆွေးနွေးရန် အဆိုပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များ အနေဖြင့် ပြဿနာကို စိတ်ရင်းစေတနာမှန်ဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေး အဖြေရှာ သွားနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက KIO အဖွဲ့နှင့် အစိုးရတို့ မြစ်ကြီးနားတွင် ငြိမ်းချမ်းရေးဆွေးနွေးခဲ့သည်မှာ ယခုဆိုလျှင် သုံးကြိမ်ရှိပြီဖြစ်ပါကြောင်း၊ NCCT အဖွဲ့နှင့် ပထမဆုံးဆွေးနွေးခဲ့သည်မှာလည်း မြစ်ကြီးနား၌ ဖြစ်ပါကြောင်း၊ ပထမနှစ်ကြိမ် ဆွေးနွေးခဲ့ကြသည်မှာ အစိုးရနှင့် KIO အဖွဲ့တို့ကြား သဘောတူညီချက်များ ရရှိခဲ့ကြပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ် မရေးထိုးနိုင်သေးသော်လည်း အပစ်အခတ်တိုက်ခိုက်မှုများ လျှော့ချရန် သဘောတူညီခဲ့ပါကြောင်း၊ NCCT ဖွဲ့စည်းပြီးသည့်နောက်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် ညှိနှိုင်းခဲ့ကြပါကြောင်း၊ ယင်းဖြစ်စဉ်တွင် KIO အဖွဲ့ကလည်း တက်တက်ကြွကြွ KIO တို့အကြားတွင် ဆက်လက်လုပ်ဆောင်ရမည့် အချက်များအပေါ်တွင် ဆက်လက်လုပ်ဆောင်ရန် အားနည်းသွားခဲ့ပါကြောင်း၊ မကြာခင်က ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များကိုပြန်ကြည့်ပြီး သင်ခန်းစာယူရလျှင် အစိုးရနှင့်KIO အကြား ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း တစ်ပြိုင်နက်တည်း ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်သည်ဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

လက်ရှိတွင် နှစ်ဖက်က သတ်သတ်မှတ်မှတ် အသိအမှတ်ပြုထားသည့် ထိန်းချုပ်နယ်မြေကျယ်ကျယ်ပြန့်ပြန့် မရှိသေးသည့်အတွက် နှစ်ဖက်တပ်လှုပ်ရှားမှုများ လုပ်သည့်အခါ ထိတွေ့မှုများဖြစ်ကြပါကြောင်း၊ ပြဿနာအသေးလေးကို ထိထိရောက်ရောက် မဖြေရှင်းနိုင်သည့်အခါ အမှိုက်ကအစပြာသာဒ် မီးလောင်ဆိုပြီး ပြဿနာတွေပိုကြီးလာသည့်သဘောကိုတွေ့ရပါကြောင်း၊ ယင်းအတွေ့အကြုံကို သင်ခန်းစာယူပြီး မိမိတို့နှစ်ဖက်စလုံးက ပြဿနာတွေ မကြီးထွားမီ ဖြေရှင်းနိုင်ရန် Mechanism တစ်ခု ပြုလုပ်အကောင်အထည်ဖော်ရန် အဆိုပြုလိုပါကြောင်း၊ အဓိကအရေးကြီးဆုံးအချက်မှာ KIO နှင့် အစိုးရကြားတွင် သဘောတူညီချက်များ ရှိကြပါကြောင်း၊ ယင်းသဘောတူညီချက်များကို နှစ်ဖက်လုံးက လိုက်နာပြီး အကောင်အထည်ဖော်ရန်အရေးကြီးပါကြောင်း၊ အထူးသဖြင့် ပြည်သူလူထုအား ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် အကာအကွယ်ပေးထားသည့် သဘောတူညီချက်များ ရှိကြပါကြောင်း။

ဤသဘောတူညီချက်နှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဒေသအသီးသီးတွင်ရှိသည့် လူထု၏ စိုးရိမ်မှုများကို ဆွေးနွေးရန်လိုမည် ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးမလာခင်က မိမိကြရမည်ဖြစ်ပါကြောင်း၊ တချို့ IDP ရွာများကို ဆန္ဒအလျောက် ပြန်လည်အခြေချနိုင်အောင် အစပျိုး Pilot Project စရန် သဘောတူညီချက်များရှိပါကြောင်း၊ လူထုသွားလာသည့်လမ်းများကို အသုံးပြုသွားလာနိုင်အောင် ဖွင့်လှစ်ပေးရန် ဆက်လက် အကောင်အထည်ဖော်ရန်အတွက် နှစ်ဖက်စလုံးက ကြိုးစားကြရမည် ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲများ၏ အဓိကရည်ရွယ်ချက်မှာ အစိုးရနှင့် KIO တို့အကြား ယခင်ရှိထားသည့် သဘောတူညီချက်များကို ပိုမိုခိုင်ခံ့အောင် အကောင်အထည်ဖော်ရန် ရည်မှန်းပါကြောင်း၊ ယင်းသဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် ပဋိပက္ခအရှိန်အဟုန်များကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ အရေးကြီးသည့်အချက်မှာ လက်ရှိအခြေအနေမှ အစိုးရနှင့် KIO တို့အကြားတွင် အပစ်အခတ်ရပ်စဲရေးရရှိအောင် ဆောင်ရွက်နိုင်ရန်က အရေးကြီးကြောင်း၊ ယုံကြည်မှုအားနည်း၍ အပစ်အခတ်ရပ်စဲရေးလုပ်ရန် ခက်ခဲသကဲ့သို့ အပစ်အခတ်ရပ်စဲရေးမရှိ၍ ယုံကြည်မှုတည်ဆောက်ရန်ခက်သည့် စိန်ခေါ်မှုများကိုလည်း မိမိတို့ကြုံတွေ့နေရပါကြောင်း၊ ယခုအစည်းအဝေးမှ နှစ်ဖက်အကြားတွင် ဖြစ်ခဲ့သည့် ပဋိပက္ခအရှိန်အဟုန်ကို လျှော့ချနိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ ယခင်က သဘောတူညီခဲ့သည့် အချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားပါကြောင်း၊ ပြဿနာဖြေရှင်းသည့် Mechanism တစ်ခုကို တည်ဆောက်ရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း၊ သဘောတူညီထားပြီးဖြစ်သည့် ပူးတွဲအပစ်အခတ်စောင့်ကြည့် ကြီးကြပ်ရေး ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်တို့က လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် KIO ကိုယ်စားလှယ် ဗိုလ်ချုပ်ဂွမ်မော်တို့က လည်းကောင်း စာချုပ်များကို လဲလှယ်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် ပူးတွဲထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ရုံးမှ Ms.Mariann Hagen တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာ အထူးသံတမန်အဖွဲ့မှ Mr.Wang Yingfan၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသော NCCT၊ ABSDF၊ PNLO၊ KNU၊ KNPP၊ CNF၊ UNFC၊ NMSP၊ PSLF၊ SSPP၊ ANC၊ DKBA၊ LDU တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီက ဆွေးနွေးပွဲတက်ရောက်လာကြသူများအား မဂ္ဂလာခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **ပြည်နယ် ပြန်/ဆက်**

မကွေးမြို့ မြသလွန်စေတီတော်မြတ် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းသူများနှင့်စည်ကား

မကွေး မေ ၁၃

၁၃၇၆ ခုနှစ် ကဆုန်လပြည့်နေ့တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြသလွန်စေတီတော်တွင် ညောင်ရေသွန်းကုသိုလ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မြသလွန်စေတီတော်မြတ် အဝင်မုခ်ဦးနှင့် စောင်းတန်းများတစ်လျှောက် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး အအေးဒါနပြုသူများဖြင့် ကုသိုလ်ရယူလျက်ရှိရာ မြသလွန်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တွင်ရှိသော မဟာဗောဓိညောင်ပင်တွင်လည်း ညောင်ရေသွန်းကြသူများဖြင့် စည်ကားလျက်ရှိကြောင်းနှင့် စကြာမှန်ကင်းဘုရား၊ အေးစေတီဘုရားတို့တွင်လည်း ညောင်ရေသွန်းကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

တင်ထွန်းဦး

ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီ ၂၈ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃) ကော်လံ (၁) တွင် ဖော်ပြပါရှိသည့် ရခိုင်အမျိုးသားညီလာခံ(ကျောက်ဖြူ) ဖွင့်ပွဲ အခမ်းအနားသတင်းတွင် ဆရာတော် ဟိတရေ ဦးဝိမလာဘိဝံသ (ရန်ကုန်) **(အစား)** “ဘဒ္ဒန္တသုစိတ္တာဘိဝံသ”ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(ပြည်နယ် ပြန်/ဆက်)

ဆောင်းပါး

ရေနှင့် စွမ်းအင်

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

"ကမ္ဘာ့ရေနေ့- World Water Day" အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ယခု ၂၀၁၄ ခုနှစ်မတ် ၂၂ ရက်တွင် ယခင်နှစ်များကဲ့သို့ပင် ကမ္ဘာ့နိုင်ငံအများအပြား၌ ကျင်းပခဲ့ကြသည်။ စာရေးသူတို့ မြန်မာနိုင်ငံတွင် ကမ္ဘာ့ရေနေ့ကို ပထမဆုံးအကြိမ်အဖြစ် မတ် ၁၉ ရက်က ရန်ကုန်မြို့၌ကျင်းပခဲ့ရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရေနှင့်ဆက်စပ်သည့်ဌာနများ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ(INGO)နှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO)မှ ကိုယ်စားလှယ်စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာ ကြားသိခဲ့ရသည်။ ယခုနှစ် ကမ္ဘာ့ရေနေ့၏ Theme (အာဘော်)မှာ **"Water and Energy ရေနှင့်စွမ်းအင်"**ဖြစ်ပါသည်။

ရေနှင့်စွမ်းအင်သည် အပြန်အလှန်ဆက်စပ်မှုရှိနေသည်။ ရေရရှိရန် စွမ်းအင်လိုအပ်သကဲ့သို့ စွမ်းအင်ရရှိရန်လည်း ရေလိုအပ်သည်။ ရေနှင့်စွမ်းအင်သည် အပြန်အလှန်အကျိုးသက်ရောက်မှုရှိကြသည်။ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်စသည့်နေရာများမှ ရေများကိုရယူသုံးစွဲရန် စွမ်းအင်စိုက်ထုတ်ရသကဲ့သို့ စွမ်းအင်အမျိုးမျိုး ထုတ်လုပ်ရာတွင်လည်း ရေကို အနည်းနှင့်အများ သုံးစွဲရသည်။

ရေကို ထုတ်ယူခြင်း၊ သန့်စင်ခြင်း၊ ပေးပို့ခြင်းစသည်တို့တွင် စွမ်းအင်စိုက်ထုတ်ရာ၌ လူစွမ်းအင်၊ တိရစ္ဆာန်စွမ်းအင်နှင့် စက်စွမ်းအင်များကို အသုံးပြုကြရသည်။ လူတစ်ဦးသည် ပေ ၆၀ နက်သောရေတွင်းတစ်တွင်းမှ နှစ်ဂါလန်ဝင်(ကိုးလီတာခန့်၊ ၁၉ ဒသမ ၈ပေါင်ခန့်) ရေပုံးတစ်ပုံးဖြင့် ရေငင်ရာတွင် ယင်းရေပုံးကို တွင်းဝသို့ရောက်သည်အထိ အချိန်စက္ကန့် ၂၀ ကြာသည်ဆိုပါက ထိုလူစိုက်ထုတ်လိုက်ရသော စွမ်းအင်ပမာဏသည် မြင်းကောင်ရေ(Horse Power -HP) ၀ ဒသမ ၁၀၈(၈၀ wattခန့်၊ ၁HP =၅၅၀ ft-lbs^{-1}=၇၄၆ Watt) ရှိမည်ဖြစ်သည်။ ထိုနည်းတူပင် အလေးချိန်ပေါင် ၁၂၀ ရှိသော လူတစ်ဦးသည် ၂၀လီတာ (၄၄ပေါင်ခန့်)ဝင် ရေသန့်ဘူးတစ်ဘူးကို မြေပြင်မှ ပေ ၃၀ မြင့်သောအဆောက်အအုံတစ်ခုပေါ်သို့ သယ်ဆောင်သွားရာတွင် တစ်မိနစ်ကြာပါက အဆိုပါလူစိုက်ထုတ်လိုက်ရသည့် စွမ်းအင်ပမာဏသည် ၀ ဒသမ ၁၅ HPခန့်(၁၁၂ wattခန့်)ရှိသည်။

စာရေးသူငယ်စဉ်ဒုတိယတန်း၊ တတိယတန်းမန္တလေးမြို့တွင်နေစဉ်က သောက်ရေနှင့် ထမင်းဟင်းချက်ပြုတ်ရန်အတွက် ဧရာဝတီမြစ်ရေကို ဝယ်ယူသုံးစွဲရသည်ဖြစ်ရာ လေးဂါလန်ဝင်နှစ်ပုံးလျှင် ၂၅ ပြားပေးရသည်။ အဆိုပါမြစ်ရေကို စာရေးသူတို့အိမ်အထိ ရောက်ရှိအောင် ရေသည်က မြစ်တွင်းသို့ ဆင်းခပ်ပြီး ၄င်း၏ရေစည်လှည်း(နွားလှည်း)ထဲသို့ထည့်ရပါသည်။ ထို့နောက် သုံးလေးမိုင်ဝေးသော ခရီးကိုလာရပြီး သောက်သုံးသူများ၏အိမ်ကို ရောက်ရှိသည့်အခါ ရေစည်မှရေကိုပုံးဖြင့် တစ်ဖန်သယ်ယူ၍ အိမ်ထဲသို့ ပို့ဆောင်ပေးရပါသည်။ မြစ်ရေကို အလကားရသော်လည်း လူ၏စွမ်းအင်ရော တိရစ္ဆာန်၏ စွမ်းအင်များကိုပါ စိုက်ထုတ်ရခြင်းဖြစ်ပါသည်။ စာရေးသူ စတုတ္ထတန်း၊ ပဉ္စမတန်းသို့ရောက်ရှိချိန်တွင် ကျုံးရေပေးဝေသည့်ရေကန်များ ရပ်ကွက်တိုင်း၌လိုပင် ရှိလာသဖြင့် အိမ်မှ ပြဝက်ခန့်(ကိုက်၁၁၀ခန့်)ဝေးသည့် ရေကန်မှ ရေကိုသယ်ယူရပါသည်။ ရေရရှိရန်အတွက် လူ့စွမ်းအင်ကို သုံးစွဲရခြင်းဖြစ်ပါသည်။

ရေရှားပါးသော ဒေသများရှိလူများသည်ရေကို သယ်ယူရာတွင်လည်း ခရီးဝေးသည်နှင့်အမျှ စွမ်းအင်စိုက်ထုတ်ရမှုများမည်ဖြစ်ပါသည်။ လေ့လာချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားရှိ မိန်းမများနှင့် ကလေးငယ်များသည် သန့်ရှင်းသော သောက်သုံးရေခပ်ယူရန်တစ်ရက်လျှင် ခြောက်ကီလိုမီတာ(၃ ဒသမ ၆မိုင်ခန့်) ခရီးကို သွားကြရကြောင်း မှတ်သားရပါသည်။

အထက်ဖော်ပြပါ သာဓကများအရ လူသားများနှင့် တိရစ္ဆာန်များသည် ရေကို ရယူရာတွင် စွမ်းအင်စိုက်ထုတ်နိုင်ရန်ခွန်အားရှိဖို့ လိုအပ်ပါသည်။ လူသည် ခွန်အားရှိရန်ရေနှင့် ဆန်၊ ဂျုံ၊ သားငါး၊ သီးနှံ၊ ဟင်းသီးဟင်းရွက်စသည့်စားသောက်ဖွယ်ရာများကို စားသုံးကြရပါသည်။ ထိုနည်းတူပင် ကျွဲနွားများသည်လည်း ခွန်အားရှိရန် ရေနှင့်မြက်၊ ကောက်ရိုး၊ ပဲရိုးစသည်များ စားသုံးကြရပါသည်။ ဆန်၊ ဂျုံ၊ သားငါး၊ သီးနှံ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးမွေးမြူထုတ်လုပ်ရာတွင် ရေကိုအဓိကလိုအပ်ပါသည်။ ထို့ပြင် ကျန်းမာမှသာ ခွန်အားရှိမည်ဖြစ်ခြင်းကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ချိုးရေ၊ သုံးရေနှင့် အိမ်သာ/မိလ္လာရေများလည်း လိုအပ်ပါသည်။ အလျဉ်းသင့်၍ဖော်ပြရလျှင် လူတစ်ဦး ရှင်သန်ရပ်တည်ရေးအတွက် တစ်ရက်လျှင် သောက်ရေ သုံးလီတာမှ လေးလီတာ၊ အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရန် ရေနှစ်လီတာမှ သုံးလီတာ၊ တစ်ကိုယ်ရေသန့်ရှင်းရန် ရေခြောက်လီတာမှ ခုနစ်လီတာ၊ အဝတ်များလျှော်ဖွပ်ရန် ရေလေးလီတာမှ ခြောက်လီတာလိုအပ်ခြင်းကြောင့် တစ်ရက်လျှင်စုစုပေါင်း ရေ ၁၅ လီတာမှ လီတာ ၂၀ လိုအပ်ပါသည်။ (ဖော်ပြပါ ပမာဏတွင်ချိုးရေမပါသေးပါ။ ရေတစ်ခါချိုးလျှင် အနည်းဆုံးလီတာ ၂၀ ခန့် ကုန်ကျပါသည်။) ထို့ပြင် ဆန်နို့ဆီတစ်ဘူး ထုတ်လုပ်ရန် ရေ ၇၅၉ လီတာ၊ ကြက်သား ၁၀ သား(ကျပ်သား)ထုတ်လုပ်ရန် ရေ ၆၅၃ လီတာ၊ ဝက်သား ၁၀ သားထုတ်လုပ်ရန် ရေ ၈၀၉ လီတာ၊ ဆိတ်သား ၁၀ သားထုတ်လုပ်ရန် ရေ ၆၇၄ လီတာ၊ အမဲသား ၁၀ သား ထုတ်လုပ်ရန် ရေ ၂၅၈၃ လီတာ၊ အာလူး ၁၀ သားရရှိရန် ရေ ၄၂ လီတာ၊ ခရမ်းချဉ်သီး ၁၀ သားရရှိရန် ရေ ၃၃ လီတာ၊ ၂ ဒသမ ၄ ကျပ်သား လေးသော ကြက်ဥတစ်လုံးရရှိရန် ရေ ၁၃၅ လီတာ၊ ၂၅၀ မီလီလီမီတာ (တစ်လီတာဝင်ရေသန့်ဘူးတစ်ဘူး၏ လေးပုံတစ်ပုံ)ရှိသော နွားနို့တစ်ခွက်ရရှိရန် ရေလီတာ ၂၀၀ အသီးသီးကုန်ကျကြောင်းမှတ်သားရပါသည်။ ယခု ဖော်ပြထားသည့် ရေပမာဏများသည် လူတစ်ဦးစွမ်းအင်ရှိရေးအတွက် တိုက်ရိုက်သုံးစွဲရသော ရေပမာဏများ (Direct Use) နှင့်သွယ်ဝိုက်၍ သုံးစွဲရသော ရေပမာဏများ(Indirect Use) ဖြစ်ပါသည်။

မိမိကိုယ်ပိုင်အဝီစိတွင်းမှရေကို စုပ်ယူအသုံးပြုရာတွင်လည်း စွမ်းအင်စိုက်ထုတ်ရပါသည်။ အသုံးပြုသည့် ယခုစွမ်းအင်မှာ စက်စွမ်းအင် (Mechanical Energy) ဖြစ်ပါသည်။ ရေစုပ်စက်တစ်လုံးဖြင့် ပေ ၂၀၀ နက်သော အဝီစိတွင်းတစ်တွင်းမှရေဂါလန် ၁၀၀ ကို မြေပြင်ရှိရေကန်(Ground Tank) တစ်ကန်သို့ ၁၀ မိနစ်အတွင်း စုပ်ယူတင်ပို့နိုင်ပါက ဖော်ပြပါရေစုပ်စက်စိုက်ထုတ်ပေးလိုက်သော စက်စွမ်းအင်ပမာဏသည် ၁ ဒသမ ၂၂ HP (၉၁၀ Watt) ခန့်ရှိပါသည်။ စက်၏စွမ်းအင်ဆိုသော်လည်း ရေစုပ်စက်ကို လျှပ်စစ်စွမ်းအင် (Electrical Energy) ဖြင့် မောင်းနှင်ပေးခြင်းဖြစ်ပြီး ယင်းလျှပ်စစ်စွမ်းအင်သည်လည်း ရေ၊ ရုပ်ကြွင်းလောင်စာအမျိုးမျိုး၊ ဇီဝလောင်စာအမျိုးမျိုး၊ နျူကလီးယားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ ဘူမိအပူစွမ်းအင် (Geothermal Energy) စသည်များကို အခြေခံ၍ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ ထိုနည်းတူပင် မြို့ပြများ၌ ရေပေးဝေရာတွင်လည်း ရေများကို အိမ်ရာများသို့ရောက်ရှိစေရန် ရေစုပ်စက်များ၊ ရေမှုတ်စက်များကို အသုံးပြုကြရသကဲ့သို့ မြစ်ရေတင်စီမံကိန်းများတွင်လည်း ရေစုပ်စက်များ၊ ရေမှုတ်စက်များကို အသုံးပြုကြရပါသည်။ တစ်နည်းအားဖြင့် လျှပ်စစ်စွမ်းအင် စိုက်ထုတ်မှုများပင် ဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်က ရန်ကုန်မြို့နေလူထုအတွက် နေ့စဉ်ရေဂါလန်သန်းပေါင်း ၁၆၀(၇၂၇၂၇၃ ကုဗမီတာ သို့မဟုတ် ရေယူနစ်ပေါင်း ၇၂၇၂၇၃၊ ရေတစ်ယူနစ်=၁ ကုဗမီတာ=၂၂၀ ဂါလန်) ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယင်းရေများကို ဂျိုးဖြူရေလှောင်ကန် (Reservior) မှ ဂါလန် ၂၇ သန်း၊ ဖူးကြီးရေလှောင်ကန်မှ ဂါလန် ၅၄ သန်း၊ လှော်ကားရေလှောင်ကန်မှဂါလန် ၁၄ သန်း၊ ငမိုးရိပ်ရေလှောင်ကန်မှဂါလန် ၄၅ သန်းနှင့် အဝီစိတွင်း ၄၃၃ တွင်းမှ ဂါလန်သန်း ၂၀ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့နှင့်အနီးဆုံးဖြစ်သည့် လှော်ကားကန်သည် ၁၇ မိုင်ဝေးပြီး အဝေးဆုံးဖြစ်သည့် ဂျိုးဖြူကန်သည် ၄၃ မိုင်ဝေးကြောင်း သိရသည်။ အဆိုပါ ရေလှောင်ကန်များမှ ရေများကိုပိုက်ကြီးများဖြင့် ရန်ကုန်မြို့သို့ပေးပို့ရန်အတွက် ရေတွန်းစက်ရုံ ၁၈ ရုံရှိပြီး ယင်းစက်ရုံများရှိ ရေတွန်းစက်တစ်ခုချင်း၏စွမ်းအားသည် အနည်းဆုံး ၁၅ HP (၁၁ ကီလိုဝပ်) မှ အများဆုံး ၁၃၄၀ HP (၁၀၀၀ ကီလိုဝပ်) အထိရှိကြောင်း၊ ဖော်ပြပါရေတွန်းစက်များအားလုံးကို မောင်းနှင်ရန် တစ်နာရီလျှင် လျှပ်စစ်စွမ်းအင်ပမာဏစုစုပေါင်း ၁၀၈၅၆ ကီလိုဝပ် (၁၀ ဒသမ ၈၅၆ မဂ္ဂါဝပ်) လိုအပ်ကြောင်း သိရှိရပါသည်။ ဤပမာဏသည် ရေများကိုသုံးစွဲသူများထံ အရောက်ပေးပို့ခြင်းအတွက် တစ်နာရီ

ရေနှင့်စွမ်းအင်သည် အပြန်အလှန်ဆက်စပ်မှုရှိနေသည်။ ရေရရှိရန် စွမ်းအင်လိုအပ်သကဲ့သို့ စွမ်းအင်ရရှိရန်လည်း ရေလိုအပ်သည်။ ရေနှင့်စွမ်းအင်သည် အပြန်အလှန်အကျိုးသက်ရောက်မှုရှိကြသည်။ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်စသည့်နေရာများမှ ရေများကိုရယူသုံးစွဲရန် စွမ်းအင်စိုက်ထုတ်ရသကဲ့သို့ စွမ်းအင်အမျိုးမျိုးထုတ်လုပ်ရာတွင်လည်း ရေကို အနည်းနှင့်အများ သုံးစွဲရသည်

လျှင် ကုန်ကျသော စွမ်းအင်ပမာဏဖြစ်သည်။ ရေရရှိရန် စွမ်းအင်လိုအပ်ကြောင်း ဖော်ပြသော ထင်ရှားသည့်သာဓကတစ်ခုဖြစ်ပါသည်။ တစ်ကမ္ဘာလုံးမှထုတ်လုပ်သော စွမ်းအင်စုစုပေါင်းပမာဏ၏ ရှစ်ရာခိုင်နှုန်းကို ရေစုပ်ယူခြင်း၊ သန့်စင်ခြင်းနှင့်ရေသုံးစွဲသူများထံပေးပို့ခြင်း (pumping treating and transporting) များအတွက် အသုံးပြုရကြောင်း မှတ်သားဖူးပါသည်။ ရန်ကုန်မြို့မှ ရေသန့်ထုတ်လုပ်ရောင်းချသူများအား မေးမြန်းကြည့်ရာ ရေသန့်ထုတ်လုပ် ရောင်းချရာတွင် သုံးစွဲသူများထံ အရောက်ပေးပို့သည့်စရိတ်(သယ်ယူစရိတ်)သည် စုစုပေါင်းတန်ဖိုး၏ သုံးပုံတစ်ပုံမှ ထက်ဝက်ခန့်ရှိကြောင်း သိရှိရသည်။

စာရေးသူ ၂၀၁၁ ခုနှစ်က မှတ်သားထားသောသတင်းတစ်ပုဒ်အရ ရန်ကုန်မြို့တော်စည်ပင်မှ နေ့စဉ်ပေးဝေနေသော ရေဂါလန်သန်းပေါင်း ၁၆၀ အနက် ရေပြုန်းတီးမှုနှင့်လေလွင့်မှုများကြောင့် ရေဂါလန် ၆၄ သန်းခန့် (၄၀ရာခိုင်နှုန်း)ဆုံးရှုံးနေကြောင်း သိရသည်။ လက်တွေ့တိုင်းတာချက်များအရ တစ်စက္ကန့်လျှင် ရေတစ်ပေါက်နှုန်းကျနေသည့် ရေပိုက်တစ်ခုမှ တစ်ရက်လျှင် ရေဆုံးရှုံးမှု ၁၉ ဒသမ ၂ လီတာ (၄ ဒသမ ၂ ဂါလန်)ရှိသဖြင့် ရေများဒလဟောပန်းထွက်နေသောပိုက်အဆက်များ၊ အရစ်ပြုန်းနေသော ရေပိုက်ခေါင်းများမှ ရေမည်မျှအထိ ဆုံးရှုံးနိုင်သည်ကိုစာရှုသူများ ခန့်မှန်းကြည့်နိုင်ပါသည်။ ကြီးကြပ်သူများက လေလွင့်ပြုန်းတီးမှုများ လျော့နည်းစေရေးအတွက် စီမံခန့်ခွဲရန် အရေးကြီးသကဲ့သို့ ပြည်သူလူထုကလည်း နိုင်ငံကြီးသားပီသစွာ မိမိတို့၏ ပယောဂကြောင့် ရေပြုန်းတီးမှုများမဖြစ်စေရန် အလေးထားကြရမည်ဖြစ်ပါသည်။

ရေသုံးစွဲရာတွင် ခြိုးခြံချွေတာရန်မဟုတ်ပါ (ရေအလွန်ရှားပါးသည့်ဒေသများမှအပ) ရေကိုအလဟဿမဖြုန်းတီးဘဲ အလေးထားသုံးစွဲကြရန် အရေးကြီးပါသည်။ နေ့စဉ်သုံးစွဲမှုများကို အနည်းငယ်အလေးထားခြင်းဖြင့် ရေကုန်ကျမှုကိုသိသာစွာ လျှော့ချနိုင်ပါသည်။ နံနက်အိပ်ရာထ မျက်နှာသစ်ရာတွင် ရေပိုက်ခေါင်းကို တစ်ချိန်လုံးဖွင့်ထားမည့်အစား ရေခွက်ဖြင့်ခံပြီးမှ သစ်ပါက ရေကုန်ကျမှုအနည်းဆုံး သုံးပုံတစ်ပုံခန့် လျှော့နည်းနိုင်ပါသည်။ ထိုနည်းတူပင် ပန်းကန်အိုးခွက်များဆေးကြောရာတွင် ရေပိုက်ခေါင်းကိုဖွင့်ပြီး ငါးမိနစ်ကြာအောင် ဆေးပါက ရေလီတာ ၄၀ ခန့်ကုန်ကျနိုင်ပြီး ခွက်ကြီးထဲတွင်ထည့်၍ဆေးပါက ရေ ၁၂ လီတာခန့်သာ ကုန်ကျသဖြင့် ရေ ၂၈ လီတာခန့်သက်သာနိုင်မည်ဖြစ်ပါသည်။ အိမ်သာရေသုံးရာတွင်လည်း သုံးလီတာနှင့် ခြောက်လီတာခလုတ်နှစ်မျိုးပါသည့် flush tank များကို သုံးခြင်းဖြင့် အပေါ့သွားသည့် အခါသုံးလီတာသာကုန်ကျပြီး အလေးသွားသည့်အခါခြောက်လီတာကုန်ကျခြင်းဖြင့် ရေကုန်ကျမှုကိုထက်ဝက်မက လျှော့ချနိုင်သည်သာမက မိလ္လာကန် ရေလျှံခြင်းမှလည်း ကင်းဝေးနိုင်ပါသည်။ ရန်ကုန်မြို့တော်သူမြို့တော်သားတစ်ဦးချင်းက ရေကိုအလေးထားသုံးစွဲခြင်းကြောင့် တစ်ရက်လျှင် ရေဂါလန်သန်း ၁၆၀ ကုန်ကျမည့်အစား ဂါလန်သန်း ၁၄၀ သာကုန်ကျမည်ဆိုပါက လျှပ်စစ်စွမ်းအင်ကုန်ကျမှုသည် ယခုထက် ရှစ်ပုံတစ်ပုံခန့် လျော့နည်းသွားမည်ဖြစ်ပါသည်။

ရေနွေးငွေ့အင်ဂျင်များကို လွန်ခဲ့သောနှစ်ပေါင်း ၄၀၀ ကျော်ကတည်းက စတင်တီထွင်ခဲ့ကြသော်လည်း လက်တွေ့တွင် တွင်ကျယ်စွာ အသုံးမချနိုင်ခဲ့ကြပါ။ ၁၇၈၁ ခုနှစ်ရောက်ရှိမှသာ James Watt တီထွင်ခဲ့သည့်ရေနွေးငွေ့အင်ဂျင်ကို လက်တွေ့အသုံးချနိုင်ခဲ့ပါသည်။ စတင်စဉ်က မြင်းကောင်ရေ ၁၀ ကောင် (ten-horsepower) အားရှိသည့် အင်ဂျင်ကိုသာ ထုတ်လုပ်နိုင်ခဲ့သော်လည်း ၁၈၈၃ ခုနှစ်သို့ရောက်ရှိချိန်တွင်မူ မြင်းကောင်ရေ ၁၀၀၀၀ အားရှိသော အင်ဂျင်ကြီးများကို ထုတ်လုပ်နိုင်ခဲ့ကြပြီဖြစ်ပါသည်။ မီးရထားစတင် သွားလာနိုင်ခြင်းသည် James Watt ၏ရေနွေးငွေ့အင်ဂျင်ကြောင့်သာဖြစ်ကြောင်း စာရှုသူများ သိရှိကြပြီးဖြစ်ပါသည်။ ဘွိုင်လာကြီးများရှိ ရေများကို ဆူပွက်အောင် ကျောက်မီးသွေး သို့မဟုတ် ထင်းလောင်စာဖြင့်အပူစွမ်းအင်ပေးရပါသည်။ လိုအပ်သည့် အပူပမာဏတစ်နည်းအားဖြင့် ရေနွေးငွေ့စွမ်းအင်ရရှိစေရန် မီးကိုအဆက်မပြတ်(မီးရှိန်ကျမသွားစေရန်)ထိုးပေးရပါသည်။ ထို့ကြောင့်ပင် စာရေးသူတို့မြန်မာများက မီးရထား၊ မီးသင်္ဘောဟုခေါ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။ ရေနွေးငွေ့အားဖြင့်သွားသောကြောင့် ရေနွေးငွေ့ရထား၊ ရေနွေးငွေ့သင်္ဘောဟုခေါ်ဆိုပါက ပို၍ဆီလျော်မည်ဖြစ်ပါသည်။ ယခုခေါ်ဝေါ်သော မီးရထား၊ မီးသင်္ဘောသည်လည်း ခေါ်ဝေါ်ရလွယ်ကူပြီး မီး(အပူစွမ်းအင်)ကြောင့်သာ သွားလာနိုင်ခြင်းဖြစ်သောကြောင့် မှားသည်ဟု မဆိုနိုင်ပါ။ ရေနွေးငွေ့ပမာဏနည်းသွားလျှင် အင်ဂျင်ကောင်းကောင်းမလည်နိုင်တော့သဖြင့် မီးပေါင်(ရေနွေးငွေ့ဖိအား)ကျသွားပြီ မီးထိုးပါဦးဟု ပြောဆိုကြပါသည်။ စာရေးသူငယ်စဉ် မီးရထားဖြင့် ခရီးသွားသည့်အခါများက ဘူတာများတွင် ရပ်နားသည့်အချိန်၌ စက်ခေါင်းကို ရေဖြည့်ပေးသည်များကို မှတ်မိနေပါသည်။ ဘူတာတိုင်းတွင် စက်ခေါင်းအပေါ်မှနေ၍ ရေဖြည့်ပေးနိုင်သည့် ရေပိုက်ကြီးများထားရှိပါသည်။ ယခင်ပျဉ်းမနားမြို့နယ် (ယခုဥတ္တရသီရိမြို့နယ်)တွင်ရှိသော မြန်မာ့သစ်လုပ်ငန်းကျွဲရှင်းသစ်စက်မှ ဘွိုင်လာသည် ၁၉၂၀ ပြည့်နှစ်က ပြုလုပ်ခဲ့သည့်ဘွိုင်လာဖြစ်ကြောင်း စာရေးသူကိုယ်တိုင် ၁၉၈၁ ခုနှစ်က တွေ့မြင်မှတ်သားထားဖူးပါသည်။ ထိုသစ်စက်မှရေနွေးငွေ့အင်ဂျင်ကို ၂၀၀၄ ခုနှစ်အထိ အသုံးပြုခဲ့ကြောင်း၊ ဒီဇယ်အင်ဂျင်ဖြင့် ပြောင်းလဲအသုံးပြုခဲ့သော်လည်း ဖော်ပြပါဘွိုင်လာနှင့်ရေနွေးငွေ့အင်ဂျင်မှာ Running Condition တွင်ရှိနေကြောင်း သိရှိရပါသည်။ အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ-ရေယာဉ်များသည် စွမ်းအင်အကျိုးသက်ရောက်မှုအလွန်ကောင်းသည်။ ယင်းတို့သည် ကုန်းလမ်းယာဉ်များထက် စွမ်းအင်အကျိုးသက်ရောက်မှုသုံးဆရှိပြီး သံလမ်းတွင်သွားသည့်မီးရထား၊ ဓာတ်ရထား၊ ကျည်ဆန်ရထားစသည်များထက် ၄၀ ရာခိုင်နှုန်းပိုကြောင်း သိရှိရပါသည်။ ပွတ်တိုက်မှု (friction) နည်းခြင်းနှင့် ရေ၏ဖော့ဂုဏ် (buoancy) တို့ကြောင့်ဖြစ်သည်။

စီးဆင်းနေသော ရေများနှင့်အမြင့်မှကျလာသည့် ရေများကိုစွမ်းအင် (Hydro Power) အဖြစ် ရှေးနှစ်ပေါင်း ၂၂၀၀ ကျော်ကတည်းကပင် အသုံးပြုနေကြပြီဖြစ်ပါသည်။ ရေအားစွမ်းအင်ကို အသုံးပြု၍လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို အင်္ဂလန်၌ ၁၈၇၈ ခုနှစ်တွင် စမ်းသပ်အောင်မြင်ခဲ့ပြီး နာမည်ကျော်နိုင်ရာဂရာရေတံခွန်ကြီး (Niagara Fall) မှ ရေများဖြင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ၁၈၈၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ စတင်ခဲ့ပြီး ၁၈၈၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့တွင် ရေအားလျှပ်စစ်စက်ရုံပေါင်း ၄၅ ခုအထိ ရှိလာကြောင်း မှတ်သားတယ်ရာဝပ်နာရီ(terawatt- hour, ၁တယ်ရာဝပ်=မီဂါဝပ်တစ်သန်း)ရှိကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းသည် အရေးပါသောကဏ္ဍတွင် ဆက်လက်ရပ်တည်နေဦးမည်ဖြစ်ပြီးလာမည့် ၂၅နှစ်အတွင်းတစ်နှစ်လျှင် ၃ ဒသမ၁ ရာခိုင်နှုန်း တိုးမြင့်ဦးမည်ဟုခန့်မှန်းထားပြီး၊ ၂၀၃၅ခုနှစ်သို့ ရောက်ရှိသည့်တိုင် ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစုစုပေါင်း ပမာဏ၏ ၁၆ရာခိုင်နှုန်းအထိရှိမည်ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်သည် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သည်သာမက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုမရှိခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ အာဖရိကနိုင်ငံ ၁၁ နိုင်ငံတွင် ၂၀၀၇ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း ၁၂ခုက ယင်းဒေသတွင် နေထိုင်သူပေါင်း သန်း ၁၀၀ အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်သာမက နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု မက်ထရစ်တန်လေးသန်းခန့် လျှော့နည်းနိုင်ကြောင်း သိရှိရသည်။

စာရေးသူတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားစုစုပေါင်း ၂၆၅၀ မဂ္ဂါဝပ် (megawatt)ခန့် ထုတ်လုပ်လျက်ရှိရာ ရေအားလျှပ်စစ်မှ မဂ္ဂါဝပ် ၂၀၀၀၊ သဘာဝဓာတ်ငွေ့ မှ ၆၂၀မဂ္ဂါဝပ်နှင့် ကျောက်မီးသွေး(တီကျစ်ကျောက်မီးသွေးစက်ရုံ)မှ မဂ္ဂါဝပ် ၃၀ ရှိကြောင်း သိရှိရသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်ကို ရေအားလျှပ်စစ်မှထုတ်ယူနေခြင်းဖြစ်ပါသည်။ ဖော်ပြပါ ရေအားလျှပ်စစ်မှ ထုတ်လုပ်နိုင်စွမ်းရှိသည့် လျှပ်စစ်ဓာတ်အားပမာဏသည် မိုးရာသီအတွင်း ရေပမာဏအပြည့်အဝရရှိချိန် full load လည်နိုင်သည့် အခါတွင်သာဖြစ်ကြောင်း၊ နွေရာသီ ရေနည်းသွားသည့်အခါ၌ မဂ္ဂါဝပ် ၁၃၀၀ ဝန်းကျင်သာ ထုတ်လုပ်နိုင်ကြောင်း သိရှိရပါသည်။

ရေကို အဓိကသုံးစွဲ၍ထုတ်လုပ်သော စွမ်းအင်နောက်တစ်မျိုးမှာ ဘူမိအပူစွမ်းအင် Geothermal Energy ဖြစ်သည်။ ကမ္ဘာမြေကြီး၏အတွင်းပိုင်း (အနက်ပိုင်း)၌ သဘာဝအရတည်ရှိနေသော အပူစွမ်းအင်များကို ဘူမိအပူစွမ်းအင်ဟုခေါ်ဆိုသည်။ ကမ္ဘာမြေကြီး၏ အတွင်းပိုင်းရှိ အပူချိန်သည်

စာမျက်နှာ ၁၀ သို့

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ညောင်ရေသွန်းလောင်းစဉ်။ (သတင်းစဉ်)

✳ *ကျော်ဖုံးမှ*

ထို့အတူ ဥပ္ပါတသန္တိစေတီတော်၌ ယနေ့နံနက်ပိုင်းမှ စတင်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများ၊ ကုသိုလ်ပုညပြုကြသူများနှင့် တရားဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတုစယ (ဓာတ်ပေါင်းစု) စေတီ၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီ၊ ကိုးနဝင်းစေတီ၊ ရန်အောင်မြင်ရွှေရွက်လှစေတီ စသည့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ၌ တရားဘာဝနာပွားများအားထုတ်ကြသူများ၊ ကုသိုလ်ပုညပြုကြသူများနှင့် ကဆုန်ညောင်ရေသွန်းလောင်းကြသူများဖြင့် နေပြည်တော် တစ်ခွင်လုံးတွင် ဒါန၊ သီလပွားများအားထုတ်သံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

(သတင်းစဉ်)

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် မန္တလေးမြို့ရှိ ဘုရားများ၌ ညောင်ရေသွန်းလောင်းကြစဉ်။ တင်မောင်(မန္တလေး)

ပြည်တွင်းသတင်း

နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်၌ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၃

ယနေ့ ၁၃၇၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်၌ ဗုဒ္ဓပူဇနိယပွဲတော် ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဦးဖုန်းဇော်ဟန်၊ ဦးကံချွန်၊ ဦးမျိုးညွန့်၊ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးတို့က သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် အနိမိတ ရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသက်န်းတော်နှင့် ဆွမ်း၊ ရေချမ်း၊ ပန်းနှင့်သစ်သီးများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ကြာကန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယ အမှူးပြုသည့် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းအခမ်းအနားကျင်းပရာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်၌ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် ဦးကံချွန်တို့ကလည်းကောင်း၊ အဇပါလညောင်ပင်၌ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးတို့က လည်းကောင်း၊ ရာဇာရတနလင်းလွန်းပင်၌ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးမြင့်အောင်သန်းတို့က လည်းကောင်း ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အဆိုပါ အခမ်းအနား မစတင်မီ နံနက် ၅ နာရီတွင် ပင့်သံဃာများအား သတ္တသတ္တာဟ မဟာဗောဓိစေတီတော်၌ အရုဏ်ဆွမ်းဆက်ကပ်လှူခဲ့ကြပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၈ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

နေပြည်တော် ဥဒယရံသီကုန်းတော်ပြင်၌ ဘုရားအလောင်းဖွားမြင်တော်မူရာနေရာ၊ မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောတော်မူရာနေရာ၊ မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာ နေရာများကို ပြည်သူများ ကြည်ညိုဖူးမြော်နိုင်ရန် ဆက်လက် တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မုဒုံ ညောင်ရေသွန်းပွဲစည်ကား

ရန်ကုန် မေ ၁၃

မုဒုံမြို့ရှိ သမိုင်းဝင်ဆံတော်ရှင်ကန်တော်ကြီးစေတီဂေါပကအဖွဲ့က ကြီးမှူး၍(၄၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကန်တော်ကြီးစေတီအရှေ့မြောက်ဘက် သောကြာထောင့်ရှိ မဟာဗောဓိပင်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ မြို့ပေါ်ရပ်ကွက်များမှ ဘာသာရေး၊ လူမှုရေးဝတ်အသင်းအဖွဲ့ ၁၂ ဖွဲ့က အသင်းဝင်များ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ပရိဝုဏ်ရှိ မဟာဗောဓိညောင်ပင်တို့၌ ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ ညောင်ရေသွန်းလောင်းပူဇော်ကြရာ အထူးစည်ကားကြောင်းသိရသည်။

ကိုချစ်

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားပေါ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

မြဝတီ မေ ၁၃

မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေရန်၊ ဘာသာရေးဆိုင်ရာ ဗုဒ္ဓတရားများ စီးဝင်ကိုင်းရှိုင်းစေရန်၊ ယဉ်ကျေးမှုဓလေ့စရိုက်ဆက်နွှယ်မှုများနှင့် ဗုဒ္ဓတရားတော်များ နားလည်သင်ယူသုံးသပ်နိုင်ရန်အတွက် မြန်မာ-ထိုင်း၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်နှင့် တာခ်ခရိုင်တို့ ပူးပေါင်း၍ မေ ၁၃ ရက် ကဆုန်လပြည့်နေ့က မြဝတီ-မဲဆောက် နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားပေါ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာ မြန်မာ-ထိုင်းရဟန်း ၁၉၉ ပါးအား မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ တာခ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက မြန်မာ-ထိုင်း ဆရာတော်-သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) ထွန်းထွန်းဦး

မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲသို့ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် မေ ၁၃

နေပြည်တော် မဏိရတနာခန်းမ၌ခင်းကျင်းပြသလျက်ရှိသည့် မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲသို့ အာဆီယံထိပ်သီးအစည်းအဝေး၏ ဂုဏ်ပြုညစာစားပွဲနှင့် ဖွင့်ပွဲအခမ်းအနားများတွင် ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပြည်ပဧည့်သည်များနှင့် သံရုံးဝန်ထမ်းများ လာရောက်လေ့လာပြီး မြန်မာ့ရိုးရာလက်မှုပစ္စည်းများကို အမှတ်တရ ဝယ်ယူကြသည်။

ခင်းကျင်းပြသ

ပြပွဲတွင် မြန်မာ့ရိုးရာလက်မှုပညာများအနက် အမရပူရ ချည်ထည်ပိုးထည်များ၊ ထူးခြားထင်ရှားသည့် အင်းလေး ကြာချည်အထည်များနှင့် တိုင်းရင်းသားရိုးရာဂျပ်ခုတ်အထည်များ၊ ရွှေချည်ထိုးများ၊ ငွေထည်နှင့် ယွန်းထည်အမျိုးမျိုး၊ ပုသိမ်ထီးအမျိုးမျိုး၊ ကျောက်စိမ်းအပါအဝင် မြန်မာ့တွင်းထွက် သယံဇာတကျောက်မျက်ရတနာများကို ပြုလုပ်ပုံအဆင့်ဆင့်နှင့်အတူ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားပြီး ဝယ်ယူလိုပါကလည်း ရောင်းချပေးလျက်ရှိသည်။

အဆိုပါပြပွဲကို မေ ၁၄ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ည ၈ နာရီအတွင်း မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှု၍ လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးအောင်မြင်စွာ ကျင်းပပြီးစီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ ဒုတိယနေ့အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ ဒုတိယနေ့အစည်းအဝေးကို ယနေ့ ၁၃၇၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ကျင်းပပြီး ညနေပိုင်းတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

တက်ရောက်ကြည်ညို

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဒုတိယနေ့အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များ၊ တိပိဋကရေ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံမှ တိုင်းဒေသကြီးနှင့် ပြည်နယ် သံဃနာယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ဂိုဏ်းပေါင်းစုံမှ မြို့နယ်သံဃနာယက ဆရာတော်များ၊ သီးခြားပင့်ဖိတ်တော်မူထားသည့် ဆရာတော်များ စုစုပေါင်း ၂၅၅၈ ပါး ကြွရောက်တော်မူကြပြီး ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ အစည်းအဝေး သဘာပတိဆရာတော်ကြီး ၁၀ ပါးနှင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော် ၄၇ ပါးတို့အား လိုဏ်ဂူတော်အတွင်းရှိ သံဃာစင်ပေါ်သို့ သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ တာဝန်ရှိသူများက ပင့်ဆောင်ကြသည်။

ထို့နောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဒုတိယနေ့အစည်းအဝေး အစီအစဉ်များကို နံနက် ၈ နာရီတွင်ကျင်းပရာ သဘာပတိအဖြစ် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်မှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြီးကြပ်တော်မူရန် အစည်းအဝေး သဘာပတိဆရာတော် ၁၀ ပါး၏ဘွဲ့အမည်စာရင်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် သဘာပတိဆရာတော်က သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်(မူကြမ်း)ကို သံဃဆန္ဒကိုရယူ၍ အတည်ပြုပေးသည်။

ယင်းနောက် ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များ၊ စာစောင်များ၊ အသံသွင်းခွေများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က စိစစ်ခွင့်ပြုပြီးမှ ထုတ်ဝေခွင့်ပြုသင့်ကြောင်း အဆိုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက တင်သွင်းလျှောက်ထားရာ မွန်ပြည်နယ်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မုဒုံမြို့နယ် နိုင်းပြိုင်ကျေးရွာဘုရားကျောင်းမှ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိနှင့် ဝေဠုဝန်ဂိုဏ်းမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရန်ကြီးအောင် ပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဏ္ဍညတို့က ထောက်ခံဆွေးနွေးတော်မူကြသည်။

ထောက်ခံဆွေးနွေးတော်မူ

ဆက်လက်၍ နိကာယ်သာသနာထွန်းကားတိုးတက်စေရေးတိုက်တွန်းကြောင်းအဆိုကို မဟာရင်ဂိုဏ်းမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လက တင်သွင်းလျှောက်ထားရာ အနောက်ချောင်းဒွါရဂိုဏ်းမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုဒ္ဒိဉာဏာဘိဝံသနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘနတို့က ထောက်ခံဆွေးနွေးတော်မူကြသည်။

ထို့နောက် ပရိယတ္တိစာမေးပွဲများဆိုင်ရာအဆိုကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝရ(မြောင်းမြ)က တင်သွင်းလျှောက်ထားရာ ရခိုင်ပြည်နယ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ကျောက်ဖြူမြို့ ယပ်လှဲကျောင်းမှ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစက္ကိန္ဒက ထောက်ခံဆွေးနွေးတော်မူသည်။

ဆက်လက်၍ သံဃနာယကအဖွဲ့ရုံးများ အတည်တကျ ဖြစ်ထွန်းလာရန်နှင့် ဥပတ္ထမ္ဘကအဖွဲ့များ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် တိုက်တွန်းကြောင်းအဆိုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဒါတသိရီဘိဝံသ (မန္တလေး)က တင်သွင်းလျှောက်ထားရာ ချင်းပြည်နယ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တတေဇောသာရက ထောက်ခံဆွေးနွေးတော်မူသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၌ ပြည်ပရေးရာအဖွဲ့ငယ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်းအဆိုကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂသေနာဘိဝံသ(မိုးမိတ်)က တင်သွင်းလျှောက်ထားရာ ဂဏဝိမုတ်ဂိုဏ်းမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ နန္ဒသီရိကျောင်းမှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နန္ဒောဘာသက ထောက်ခံဆွေးနွေးတော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အစည်းဝေးကို ပြန်လည်ကျင်းပရာ မြန်မာနိုင်ငံနယ်စပ် တောင်တန်းဒေသများ၌ သာသနာတော်ထွန်းကားပြန့်ပွားရေးကိစ္စ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေးအဆိုကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ တေဇောသာရာဘိဝံသ(မိုးကုတ်)က တင်သွင်းလျှောက်ထားရာ ကယားပြည်နယ်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘော်လခဲမြို့ မြို့မဗဟိုသာသနာပြုကျောင်းမှ ဘဒ္ဒန္တပညာဇောတက ထောက်ခံဆွေးနွေးတော်မူသည်။

ယင်းနောက် အချိန်အခါအရ ပေါ်ပေါက်လာသော ဘာသာသာသနာဆိုင်ရာ အဖွဲ့များနှင့် စပ်လျဉ်း၍ သံဃာ့အဖွဲ့အစည်းများ၏ ဩဝါဒခံယူရေးအတွက် ညွှန်ကြားလွှာထုတ်ပြန်သင့်ကြောင်း အဆိုကို နေပြည်တော် ကောင်စီနယ်မြေမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ပုဗ္ဗသီရိမြို့နယ် ကျောက်ချက်ရွာ အောင်စည်သာပရိယတ္တိစာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏက တင်သွင်းလျှောက်ထားရာ တနင်္သာရီတိုင်းဒေသကြီးမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလက ထောက်ခံဆွေးနွေးတော်မူသည်။

ဆက်လက်၍ သံဃဝိနိစ္ဆယအဖွဲ့များ၏ဆုံးဖြတ်ချက်များကို အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးရေးအဆိုကို ရခိုင်ပြည်နယ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မင်းပြားမြို့ ဓမ္မိကာရုံကျောင်းမှ သာသနဓဇ ဓမ္မာစရိယ၊ အမ်အေ ဘဒ္ဒန္တကုန္ဒာစရိယက တင်သွင်းလျှောက်ထားရာ မွန်ပြည်နယ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တသုမနက ထောက်ခံဆွေးနွေးတော်မူသည်။

ယင်းနောက် သံဃာ့အဖွဲ့အစည်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများကို ဆက်လက်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို မူလဒွါရဂိုဏ်းမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သွေးဆေးကန်ကျောင်းတိုက် နတ်မောက်ကျောင်းမှ ဓမ္မာစရိယ ဘဒ္ဒန္တခမာဓိကက အသိပေးတင်ပြလျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များ၊ ရွေးချယ်တင်မြှောက်ချက်များကို အတည်ပြုကြောင်း သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ သဘာပတိအဖွဲ့ဝင် ဆရာတော်ကြီး ၁၀ပါး၊ ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ် ဆရာတော်တစ်ပါးစီတို့က မှတ်တမ်းတင်လက်မှတ်များ ရေးထိုးတော်မူကြသည်။

ထို့နောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဒ္ဒိဗလနှင့်ရွှေသံလွင်ကုမ္ပဏီလီမိတက် မိသားစုတို့က သဒ္ဓါတရားထက်သန်စွာဖြင့် အစမှအဆုံးတိုင်အောင် ဆောင်ရွက်ခဲ့ပုံများကို ဆရာတော်ဘဒ္ဒန္တ ကုဒ္ဒိဗလက တင်ပြလျှောက်ထားသည်။

ယင်းနောက် သဘာပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဒ္ဒိဗလနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက် မိသားစုတို့၏ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ-အဓိပတိတပ်၍ ကြီးပမ်းဆောင်ရွက်ချက်များကို မော်ကွန်းမှတ်တမ်းတင်သည့် အနေဖြင့် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဒ္ဒိဗလအားလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းအားလည်းကောင်း မော်ကွန်းတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းကိုယ်စား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစု၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မော်ကွန်းမှတ်တမ်းတင်သည့်အနေဖြင့် သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နီနီနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစုများအား မော်ကွန်းတင် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်သည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက နိဂုံးချုပ်ဩဝါဒကထာ ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားချီးမြှင့်ကာ ရေစက်သွန်းချအမျှပေးဝေသည်။

ယင်းနောက် အစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များက "ဇယန္တော ဗောဓိယာမူလေ"အစချီသော နှစ်ဂါထာကို ရွတ်ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆိုကာ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ညနေ ၄ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ မြတ်စွာဘုရားအမှူးပြုသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီးဒေါ်ခင်မလေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ငွေး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်လေးခရိုင်နှင့် မြို့နယ်များ၊ ရန်ကုန်၊ မင်္ဂလာဒုံနှင့် မှော်ဘီတပ်နယ်တပ်ရင်းတပ်ဖွဲ့များ၊ ရွှေသံလွင်ကုမ္ပဏီမိသားစု၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ ကုမ္ပဏီများနှင့် အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

လှူဒါန်းခဲ့

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွှေသံလွင် ကုမ္ပဏီလီမိတက်မိသားစုက ငွေကျပ် သိန်း ၂၃၀၀၀ ကျော် အကုန်အကျခံ လှူဒါန်းခဲ့သည်။

သံဃာတော်များအတွက် သပ္ပါယဖြစ်စေရန် ဆွမ်းကွမ်း အစီအမံနှင့်ပတ်သက်၍ ပဲခူးမြို့ရွှေအုန်းပင်ထမင်းဆိုင်မှ ဦးဝင်းမြင့် ဦးဆောင်သော အမျိုးသား ၃၀၀ နှင့် ဦးကျော်ခင်မြင့်ဦးစီးသည့် ရန်ကုန်တိုင်းဒေသကြီး သာသနာ့ဂုဏ်ရည်အသင်းဝင် ဝေယျာဝစ္စအဖွဲ့သား ၁၀၀၀ကျော်တို့က ဆွမ်းချက်၊ ဆွမ်းကပ်လုပ်အား အလှူဒါနပြုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏ကြွယ်ဝချမ်းသာမှုနှင့် ငြိမ်းချမ်းမှုများကိုဖော်ဆောင်ပေးမည့် အာဆီယံခေါင်းဆောင်များဖိုရမ်

သတင်းဆောင်းပါး – ကျော်သူထက် (ကေတုမတီ)၊ ကျော်သူရ (ကျောက်ဆည်) ဟန်နီဝင်း (မကွေး)၊ ဓာတ်ပုံ – ကိုကိုစိုးညွန့် (သတင်းစဉ်)

မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏မျှော်လင့်ချက်၊ မျှော်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်းခြင်း၊ ကြွယ်ဝချမ်းသာခြင်းတို့ကို ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသအတွင်း ကြွယ်ဝချမ်းသာမှု၊ ငြိမ်းချမ်းမှုနှင့်စိန်ခေါ်မှုများကိုခံနိုင်ရည်ရှိသောအသိုက်အဝန်းတည်ဆောက်ခြင်းဆီသို့ ဦးတည်ချီတက်ကြပါစို့ ဆိုသည့်ဆောင်ပုဒ်ဖြင့် (၁၁)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များဖိုရမ်ကို မေ ၁၂ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)၌ ကျင်းပခဲ့သည်။

အဆိုပါဖိုရမ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ ဘာသာရပ်ကျွမ်းကျင်သူများနှင့် စိတ်ပါဝင်စားသူများတက်ရောက်ခဲ့ကြပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ၏ ၂၀၁၅ မျှော်မှန်းချက်များ၊ အာဆီယံ၏ အနာဂတ်စိန်ခေါ်မှုများ၊ AEC ၏ ပုဂ္ဂလိက ကဏ္ဍမြှင့်တင်သွားမည့်အစီအစဉ်များ၊ အာဆီယံဒေသအတွင်း နိုင်ငံများ၏ လွတ်လပ်စွာကုန်သွယ်မှုကို အလျင်အမြန်အကောင်အထည်ဖော်နိုင်ရေး၊ မျိုးဆက်သစ်အာဆီယံလူငယ်များအတွက် အာဆီယံ၏အခန်းကဏ္ဍ၊ အာဆီယံလူမှုအသိုက်အဝန်းတွင် အမျိုးသမီးနှင့် ငယ်ရွယ်သူများ၏ အခန်းကဏ္ဍအပါအဝင် အာဆီယံလူမှုအသိုက်အဝန်းနှင့် ယဉ်ကျေးမှု၊ အနာဂတ်တွင် ပညာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများကို တိုးမြှင့်သွားသင့်သည်များအပါအဝင် လူမှုရေးနှင့်စီးပွားရေးတို့ကို တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အာဆီယံခေါင်းဆောင်များဖိုရမ်တွင် ပါဝင်ဆွေးနွေးခဲ့ကြသူများက ယခု ဖိုရမ်နှင့်ပတ်သက်၍ ယခုလို ရှင်းပြခဲ့သည်-

သုတေသနပညာရှင် ဒေါ်မိုးသူဇာ

လူမှုယဉ်ကျေးမှုအသိုက်အဝန်းတည်ထောင်ဖို့ဆိုတာ အာဆီယံအတွက် ကြီးမားတဲ့စိန်ခေါ်မှုကြီးဖြစ်ပါတယ်။ လူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍကို အဓိကမီးမောင်းထိုးပြပြီးတော့ ပညာရှင်တွေက ဆွေးနွေးသွားပါတယ်။ လူထုကိုအခြေခံတဲ့ အာဆီယံအသိုက်အဝန်းကို တည်ထောင်မယ်ဆိုရင် ရှေ့သို့စွမ်းဆောင်နိုင်တဲ့ အင်အားစုတွေကတော့ လူငယ်တွေက တစ်ပိုင်း၊ အမျိုးသမီးတွေရဲ့ပံ့ပိုးမှုကတစ်ပိုင်းဖြစ်ပါတယ်။ လူမှုယဉ်ကျေးမှုဘဝတွေကို မြှင့်တင်ဆောင်ရွက်သွားဖို့ ဆွေးနွေးသွားတာဖြစ်ပါတယ်၊ နိုင်ငံတစ်ခုရဲ့အနာဂတ်၊ ဒေသတစ်ခုအတွက် အနာဂတ်၊ တစ်ကမ္ဘာလုံးရဲ့အနာဂတ်ကို ကြည့်ရင် လူငယ်တွေရဲ့စွမ်းအားက အရေးကြီးပါတယ်။

လူငယ်ဦးရေများပြားလာမယ့် အာဆီယံဒေသကြီးတစ်ခုလုံးမှာဆိုရင် လူငယ်တွေရဲ့စွမ်းဆောင်ချက်တွေ၊ ရည်ရွယ်ချက်တွေ၊ ဦးတည်ချက်တွေ အကုန်လုံးကို အကောင်အထည်ဖော်ဖို့အတွက် လူငယ်တွေရဲ့စွမ်းအားကို အရင်းအမြစ် သေချာရင်းနှီးမြှုပ်နှံပြီးတော့မှ စွမ်းဆောင်သွားရမယ်ဆိုတဲ့ခံယူချက်ထားပါတယ်၊ နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ တိုင်းပြည်ရဲ့အနာဂတ်ကို တက်တက်ကြွကြွဆောင်ရွက်ပေးချင်နေကြတဲ့ လူငယ်တွေများပါတယ်။

လူငယ်တွေနဲ့အမျိုးသမီးတွေအတွက် အာဆီယံခေါင်းဆောင်ပိုင်းက သူတို့တွေတစ်တပ်တစ်အား ပါဝင်ဆင်နွှဲနိုင်အောင် ဘယ်လိုအခွင့်အလမ်းပေးနိုင်မလဲဆိုတာတွေကို ပညာရှင်တွေက ဆွေးနွေးသွားပါတယ်၊ အာဆီယံဒေသအတွင်းမှာ၊ နိုင်ငံအတွင်းမှာ လူတိုင်း လူတိုင်းရဲ့ ပြောရေးဆိုခွင့်အသံဟာ ပိုပြီးတော့ ကြားလာရတာကို တွေ့ရပါတယ်။ လူထုအနေနဲ့ လက်တွေ့ တွေ့ကြုံခံစားနေရတဲ့အခြေအနေကို ပြန်ပြီးတော့ တင်ပြနိုင်တဲ့အခြေအနေရှိလာတဲ့အတွက် တစ်ဦးတစ်ယောက်ချင်းစီရဲ့ လိုအပ်ချက်တွေ၊ အသိုက်အဝန်းတစ်ခုလုံးရဲ့လိုအပ်ချက်တွေ၊ ဒေသတစ်ခုရဲ့ လိုအပ်ချက်တွေကို ဆင့်ပွားဆင့်ပွားနဲ့ အသံတဖြည်းဖြည်း ပိုပြီးတော့မြည်လာမှာပါ။

ဒီလို လူထုတွေဆီက ပြန်လာတဲ့အကြံဉာဏ်တွေကို အစိုးရအနေနဲ့ ပြန်ပြီးတော့ မူဝါဒတွေချမှတ်ရေးဆွဲတဲ့အခါထည့်သွင်းစဉ်းစားပြီးတော့ရေးဆွဲရင် ရှေ့လျှောက်မူဝါဒတွေက ပိုပြီးတော့ပြည်သူကိုအခြေပြုတဲ့အာဆီယံဖြစ်ဖို့ အလားအလာကောင်းတဲ့ အဆိုပြုချက်တွေဖြစ်ပါတယ်၊ အာဆီယံခေါင်းဆောင်ပိုင်းဖိုရမ်က အစိုးရနဲ့တိုက်ရိုက်မပတ်သက်ပေမယ့် အစိုးရကိုအကြံပြုနိုင် တင်ပြနိုင်တဲ့ ဆက်နွှယ်မှုရှိပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်လာရင် အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအရ အကူအညီတွေပံ့ပိုးပေးတဲ့အပြင် ကမ္ဘာအနှံ့မှာရှိတဲ့ အစိုးရအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေက သူတို့အစီအစဉ်တွေနဲ့ ကူညီဖို့လာကြပါတယ်။

ဆုံးရှုံးသွားတာတွေကို ပြန်လည်တည်ဆောက်ရေးမှာ ဘယ်လောက် ငွေရေးကြေးရေး အကုန်အကျရှိမယ်၊ ထည့်ဝင်မှု ဘယ်လောက်လိုအပ်မယ်ဆိုပြီး ကမ္ဘာ့အဆင့်ကနေ ကမ္ဘာ့ဘဏ်အပါအဝင် လာရောက်တွက်ချက်ပြီးတော့ အကူအညီပေးမယ့်အစီအစဉ်တွေ ရှိပါတယ်။ အာဆီယံဥက္ကဋ္ဌမယူခင် မြန်မာနိုင်ငံက ကြိုးစားခဲ့ရတာတွေ အများကြီးရှိပါတယ်။

ဒီတစ်နှစ်အတွင်းမှာ မြန်မာနိုင်ငံက အာဆီယံရဲ့ အရေးကြီးတဲ့ဆွေးနွေးချက်တွေ၊ ဦးတည်ချက်တွေအကုန်လုံးရဲ့ စုစည်းဗဟိုအချက်အချာဌာနကြီးဖြစ်ပါတယ်။ အဲဒီမှာ ဒေသပိုင်းဆိုင်ရာလိုအပ်ချက်တွေ၊ နိုင်ငံတိုင်းက ဒေသအတွက် အရေးကြီးတယ်ဆိုပြီး ခံယူထားတဲ့အချက်တွေကို ကမ္ဘာရဲ့အရေးကြီးတဲ့အချက်တွေနဲ့ယှဉ်ပြီး မြန်မာနိုင်ငံက စေ့စပ်ပေးနိုင်တဲ့အနေအထားမျိုးမှာရှိနေပြီး တန်ဖိုးရှိတဲ့အချိန်ဖြစ်ပါတယ်။

၂၀၁၅ မှာ AEC ခေါ်တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းထဲ မြန်မာနိုင်ငံက မလွဲမသွေ ဝင်ရောက်မှာပါ။ တဖြည်းဖြည်းနဲ့ မြန်မာနိုင်ငံရဲ့ တိုးတက်မှုတွေကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ အရင်တုန်းက ထက်ပိုပြီး တိုးတက်ဖို့အတွက် အခုလို ASEAN Leadership Forum လိုမျိုး တွေ့ဆုံဆွေးနွေးသွားပြီး လိုအပ်ချက်တွေကို ပြုပြင်သွားရင်းနဲ့ ၂၀၁၅ အတွက် အဆင်သင့် ဖြစ်နေမှာဖြစ်ပါတယ်။

အခုဆို ရာသီဥတုဖောက်လွဲဖောက်ပြန်မှုတွေဖြစ်နေတဲ့အတွက် အစီရင်ခံစာတွေလည်း ထွက်နေပါပြီ။ ဒီလိုကိစ္စတွေကို အာဆီယံအနေနဲ့လည်း အလေးထားပြီး အခုလို အာဆီယံဥက္ကဋ္ဌတာဝန်ယူတဲ့အချိန်မှာ ရှေ့တန်းတင် နိုင်ရင် မျက်နှာပွင့်မယ်လို့ထင်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မလေးရှားက တာဝန်ယူဆောင်ရွက်မယ့်အချိန်မှာ ပြည်သူကိုအခြေပြုတဲ့ အာဆီယံဖြစ်အောင် ဆောင်ရွက်မယ်လို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးကလည်း ပြောသွားပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာသက်သက်ခိုင်

အသေးစားနဲ့အလတ်စားလုပ်ငန်းတွေအတွက် အဓိက က Private Center ဖွင့်ပြီး ဘဏ်ကနေ တရားဝင်ငွေချေးပိုင်ခွင့်ကို လူအများစုရဖို့လိုပါတယ်။ အခုဘဏ်တွေက အပေါင်ပစ္စည်းပေးနိုင်ရင် ငွေကို Business Loans ပေးပါတယ်။ ဒါပေမယ့် ကျွန်မတို့မှာ SMEs ရှိပါတယ်။ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အပေါင်ပစ္စည်းပေးစရာမရှိပါဘူး။ သူ့မှာစီးပွားရေးအခွင့်အလမ်းတွေရှိနေပါတယ်။ ငွေအရင်းအနှီးလိုအပ်တယ်ဆိုရင် ရနိုင်တဲ့အခြေအနေမရှိပါဘူး။ အရောင်းအဝယ်လုပ်ဖို့ အခွင့်အလမ်းရှိပြီး ဝယ်မယ့်လူလည်းရှိတယ်ဆိုရင် ငွေချေးပေးသင့်ပါတယ်။ အရောင်းအဝယ်ဖြစ်ပြီးတဲ့ အခါကျရင် ပြန်ဆပ်လို့ ရပါတယ်။ အဲဒီလိုမျိုးအခွင့်အလမ်းလေးတွေ ရှိသင့်ပါတယ်။

နောက်တစ်ချက်အနေနဲ့ အတိုးနှုန်းမြင့်တဲ့ အခါကျတော့ ကုန်ပစ္စည်းဈေးနှုန်းမြင့်နေမယ်။ ကုန်ပစ္စည်းဈေးတွေရဲ့အထွေထွေကုန်ကျစရိတ် ဈေးနှုန်းတွေလည်း တက်နေပါတယ်။ အဲဒါတွေကိုချဖို့ စီးပွားရေးမှာ ကျစ်ကျစ်လျစ်လျစ် လျင်လျင်မြန်မြန်နဲ့ ကုန်ကျစရိတ်

သုတေသနပညာရှင် ဦးသုတအောင်

သုတေသနပညာရှင် ဒေါ်မိုးသူဇာ

နည်းနည်းနဲ့ အလုပ်လုပ်နိုင်အောင် လုပ်ပေးရပါမယ်။

စီးပွားရေးလုပ်တဲ့အချိန်မှာ ကုန်ကျတဲ့ကုန်ကျစရိတ်၊ ကြာတဲ့ရက်၊ ကုန်ကျငွေကို တရားဝင်သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း လိုက်နာရပါတယ်။

တရားဝင်သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေမှာ လိုက်နာရခက်အောင် ဥပဒေနဲ့ လုပ်ထားရင် စီးပွားရေးလုပ်တဲ့အခါမှာ အရင်းအနှီးနဲ့ကုန်ကျစရိတ်တွေ များသွားနိုင်ပါတယ်။ ဒါတွေကို ဖြေလျှော့ပေးဖို့လိုပါတယ်။ ဖြေလျှော့ပေးမှ ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကျလာပြီး ကုန်ကျစရိတ်တွေလည်းကျလာတဲ့အပြင် ငွေကြေးဖောင်းပွမှုနှုန်းလည်း ကျလာမှာပါ။ ပြီးတော့ အတိုးနှုန်းလည်း ကျလာမယ်။

လုပ်ငန်းရှင်တွေအတွက် Business Policy တွေကောင်းဖို့လိုပါတယ်။ စီးပွားရေးတွေ လွယ်လွယ်ကူကူလုပ်နိုင်ဖို့ စီးပွားရေးနဲ့ပတ်သက်တဲ့ဥပဒေ၊ နည်းဥပဒေတွေကို လုပ်ကိုင်သူတွေအတွက် အဆင်ပြေပြေ လွယ်ကူသထက်လွယ်ကူအောင် ပြင်ဆင်သင့်တာတွေ ပြန်လည်ပြင်ဆင်ဖို့လိုပါမယ်။ ဒီလို လွယ်ကူမြန်ဆန်အောင် အထောက်အကူပေးနိုင်တဲ့ ဥပဒေတွေ ထွက်လာရင် အချိန်အားဖြင့်လည်း မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မယ်၊ ကုန်ကျစရိတ်လည်း နည်းသွားပါမယ်။ ကုန်ပစ္စည်းတွေဈေးနှုန်းရဲ့ အထွေထွေကုန်ကျစရိတ်တွေလည်း သက်သာလာပါမယ်။

ကျွန်မတို့ဟာ ASEAN Economic Community ထဲကို ဝင်တဲ့အခါကျရင် တခြားတိုင်းပြည်တွေရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ မယှဉ်ပြိုင်နိုင်မှာကို စိုးရိမ်နေကြပါတယ်။ အဓိကလိုအပ်ချက်ကတော့ အရင်းအနှီးဖြစ်ပါတယ်။ အတိုးနှုန်းသက်သက်သာသာနဲ့ရရင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေကို ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။

သုတေသနပညာရှင် ဦးသုတအောင်

သုတေသနအဖွဲ့အစည်းတွေက ပြည်သူတွေနဲ့ အစိုးရကို ဗဟုသုတအသိပညာပေးဖို့ တာဝန်ရှိပြီး ဒီလိုအဖွဲ့အစည်းတွေ များများပေါ်ထွက်လာပြီး စားပွဲပေါ်က သုတေသနမျိုး မဟုတ်ဘဲ လုပ်ငန်းခွင်တွေမှာ ချက်ချင်းပြန်အသုံးချနိုင်တဲ့ သုတေသနပြုချက်တွေဖြစ်ဖို့ ဆွေးနွေးကြတာဖြစ်ပါတယ်။ ဥပမာ ဆင်းရဲမှုပပျောက်ရေးနဲ့ပတ်သက်ပြီး စီးပွားရေးသမားတွေကပဲ ဖြေရှင်းပေးလို့မရသလို အစိုးရတစ်ဖွဲ့တည်း ဖြေရှင်းလို့မရနိုင်ပါဘူး။

ဒီကိစ္စတွေကို အသေးစိတ်သုတေသနလုပ်ပြီး ဘယ်လိုဖြေရှင်းလို့ရမလဲဆိုတာကို အားလုံးအတူတူ ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်။ အဲဒီလိုပေါင်းပြီးလုပ်မှ ကျွန်တော်တို့ တိုင်းပြည် မြန်မြန်အလယ်အလတ်အဆင့်ရှိတဲ့ တိုင်းပြည်အဆင့်ကို ရောက်လာမှာပါ။

တချို့အလုပ်တွေက တိုင်းပြည်တစ်ခုတည်း လုပ်လို့မရတဲ့အတွက် အာဆီယံမှာ ကျယ်ကျယ်ပြန့်ပြန့်လုပ်သင့်တဲ့ကိစ္စတွေ၊ လုပ်လို့ရနိုင်တဲ့ကိစ္စတွေကို ဒီကနေ့ဆွေးနွေးပွဲမှာ ဆွေးနွေးပြီး အကောင်အထည်ဖော်ဖို့ အစပျိုးတာပါ။ အာဆီယံနိုင်ငံတွေနဲ့ ဆွေးနွေးတော့ ကိုယ့်တိုင်းပြည်မှာလုပ်ရတဲ့ တချို့အလုပ်တွေပိုပြီး မြန်လာမှာပါ။ တချို့ကိစ္စတွေမှာ အာဆီယံကိုယ်စား မြန်မာက ဦးဆောင်လို့ရတဲ့ ကိစ္စတွေရှိပါမယ်။ ဥပမာ-ဗုဒ္ဓဘာသာနဲ့ ဆိုင်တဲ့ကိစ္စတွေမှာ ကိုယ်ပြောချင်၊ ဖြစ်ချင်တာတွေကို အခုလို အာဆီယံနိုင်ငံတွေဆုံတဲ့ ဆွေးနွေးပွဲမှာ မျှဝေပေးလိုက်ပြီး အကောင်အထည်ဖော်ဖို့ အစပျိုးလို့ ရပါတယ်။

စီးပွားရေးပညာရှင် ဒေါက်တာမောင်မောင်

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံတွေမှာ လုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဟာ SMEs ဖြစ်တယ်၊ အာဆီယံနိုင်ငံတွေရဲ့ GDP မှာ အဓိကကျသလို အလုပ်အကိုင်အခွင့်အလမ်းတွေမှာလည်း အဆင်ပြေဖွံ့ဖြိုးမှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ယနေ့ အာဆီယံ SMEs တွေ ဘယ်လိုဖွံ့ဖြိုးအောင်လုပ်မလဲဆိုတာကို Issue တစ်ခုအနေနဲ့ ဆွေးနွေးမှာဖြစ်တယ်။

Global Supply Chain အာဆီယံနဲ့မြန်မာနိုင်ငံမှာ အရေးကြီးပါတယ်၊ ပြည်တွင်းလုပ်ငန်းအတော်များများက SMEs လုပ်ငန်းတွေဝင်လာရင် ပျက်စီးမှာ စိုးရိမ်နေကြပါတယ်။ AEC ဖြစ်လာရင် ကျွန်တော်တို့မှာ အခွင့်အရေးတွေ အများကြီးရှိပါတယ်။ အဲဒီအခွင့်အရေးကို အသုံးချနိုင်ရင် AEC ဖြစ်လာတဲ့အတွက် ဈေးကွက်က အကြီးကြီးဖြစ်လာမယ်။ လူတိုင်းမှာလည်း အခွင့်အရေးတွေအများကြီးရမှာပါ။

SMEs မှာလည်း တိုးတက်ဖို့အခွင့်အရေးအများကြီးရှိပါတယ်။ အာဆီယံဖြစ်လာမယ့်အတွက် ကျွန်တော်တို့ SMEs လုပ်ငန်းတွေဘာတွေလုပ်ရမယ်ဆိုရင် အရင်းအနှီး၊ အင်အား၊ နည်းပညာနဲ့သတင်းအချက်အလက်ရရှိအောင်လုပ်ငန်းတူတဲ့ လူတွေပေါင်းရမယ်၊ အရင်တုန်းက မျိုးတူတာ လုပ်ရင်ရန်သူပါ။

မြန်မာလုပ်ငန်းရှင်တွေအနေနဲ့ ပူးပေါင်းမှုလိုအပ်တဲ့ အရင်းအနှီး၊ သတင်းအချက်အလက်က အစဆက်သွယ်ရမယ်၊ လုပ်ငန်းရှင်အားလုံးက ပေါင်းစပ်မှုများများထုတ်ပြီး စရိတ်စက က နည်းတဲ့အဆင့်ရောက်လာမယ်၊ ပြည်တွင်းလုပ်ငန်းတွေက နိုင်ငံတကာလုပ်ငန်းတွေနဲ့ ပေါင်းစပ်လုပ်ကိုင်မှ လိုအပ်တဲ့အရင်းအနှီးရမယ်၊ ပိုပြီးအရေးကြီးတာက Market Access ရမယ်။

SMEs အားလုံးက ကြောက်လန့်နေမယ့်အစား ပိုပြီးတော့ လေ့လာရမယ်၊ ကိုယ့်ရဲ့ Productivity တက်အောင်လုပ်ရမယ်၊ တန်ဖိုးမြင့်တက်အောင်ကြိုးစားရမယ်။ SMEs အတွက် ငွေကြေးအရင်းအနှီးရစေဖို့ ဘဏ်တွေက Two Step Loan လို့ ခေါ်တဲ့ ဂျပန် JICA ကပေးမယ့် အထောက်အကူကို မကြာခင်မှာ ချိတ်ဆက်ပေးမှာပါ။

ဒီနှစ်မှာ နိုင်ငံတော်ကပေးတဲ့ ချေးငွေက SMEs တွေ မနှစ်ကထက် နှစ်ဆပေးထားပါတယ်။ မူလကထက်စာရင် တိုးတက်လာတာပါ။ ဟိုတုန်းက SMEs က Law တောင်မရှိဘူး၊ အခု Law ရှိတဲ့အတွက် အခု SMEs လုပ်ငန်းတွေကို ပံ့ပိုးပေးမယ့်အစီအစဉ်ကပိုပြီးရှိလာပါတယ်။ နိုင်ငံ တကာကလည်း Law ရှိတဲ့အတွက် ပိုပြီးအထောက်အပံ့တွေရှိလာမယ်၊ SMEs က AEC ဖြစ်လာရင် လုံးဝပျောက်ကွယ်သွားမလားဆိုတဲ့ စိုးရိမ်စိတ်တွေရှိလာပေမယ့် လုံးဝမကြိုးစားဘဲနေရင်တော့ ကွယ်ပျောက်ဖို့ရှိပါတယ်။

အခွင့်အရေးကို အသုံးချနိုင်ရင်တော့ တိုးတက်ဖို့ပဲရှိပါတယ်၊ AEC ဝင်လာလို့ အားလုံးဖွံ့ဖြိုးတိုးတက်လာမယ်လို့ပဲထင်ပါတယ်၊ SMEs Lawက မကြာခင် အချော ထွက်လာတော့မှာပါ။ SMEs လုပ်ငန်းတွေအတွက် အတိုးနှုန်းက အထူးအတိုးနှုန်းပါ၊ သက်သာတဲ့အတိုးနှုန်းနဲ့အပေါင်ပစ္စည်းလည်း ပေးစရာမလိုဘူး၊ မီဒီယာတော်တော်များများက ပြောကြသလို မြင်သာထင်သာမရှိဘူးလို့မဖြစ်ရအောင် ဒီတစ်ခါဘဏ်တွေက အားလုံးသိရှိအောင် ချပြထားမှာပါ။

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုအသင်းချုပ်မှ ဒေါ်သန်းသန်းဆက်

၂၀၁၅ မှာ AEC ခေါ်တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းထဲ မြန်မာနိုင်ငံက မလွဲမသွေ ဝင်ရောက်မှာပါ။ တဖြည်းဖြည်းနဲ့ မြန်မာနိုင်ငံရဲ့တိုးတက်မှုတွေကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ အရင်တုန်းကထက်ပိုပြီး တိုးတက်ဖို့အတွက် အခုလို ASEAN Leadership Forum လိုမျိုးတွေ့ဆုံဆွေးနွေးသွားပြီးလိုအပ်ချက်တွေကို ပြုပြင်သွားရင်းနဲ့ ၂၀၁၅ အတွက် အဆင်သင့်ဖြစ်နေမှာဖြစ်ပါတယ်၊ အခုလိုမျိုးဒေသအတွင်းမှာ တွေ့ဆုံဆွေးနွေးမှုတွေ အမြဲတမ်းလိုအပ်ပါတယ်။

အဓိကကျတဲ့ ပထမဆုံးစိန်ခေါ်မှုကတော့ Rule of Law တွေ ခိုင်မာမှုရှိရပါ့မယ်။ ဒါမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေစိတ်ချစွာ ဝင်ရောက်လာမယ်ဖြစ်ပါတယ်၊ ဒုတိယအချက်အနေနဲ့ ဒေသတွင်းမှာ Infrastructure လို့ခေါ်တဲ့စနစ်က Region နဲ့ Inline ဖြစ်ရပါမယ်၊ တတိယအချက်အနေနဲ့ မြန်မာနိုင်ငံလူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်သားတွေဟာ ကျန်တဲ့အာဆီယံ Region နဲ့ Inline ဖြစ်ရပါမယ်။

အစိုးရအနေနဲ့ Rule of Law နဲ့ Infrastructure ကို ဆောင်ရွက်ပေးရပါမယ်၊

အာဆီယံခေါင်းဆောင်များဖိုရမ်၌ မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။

လူသားအရင်းအမြစ်ကို တစ်ဦးတစ်ယောက်ချင်းစီက ပြင်ဆင်ရပါမယ်၊ တစ်ယောက်ချင်းစီအနေနဲ့ အတတ်ပညာ၊ အသိပညာကို ကိုယ့်ကိုယ်ကိုယ် တိုးတက်ဖို့ပြင်ဆင်ထားရပါမယ်၊ ဒေသအတွင်းမှာရှိတဲ့ နိုင်ငံတွေနဲ့ တန်းတူနီးပါးဖြစ်အောင် ပြင်ဆင်ထားရပါမယ်၊ မပြင်ဆင်ထားရင် တခြားနိုင်ငံကလာတဲ့သူတွေက အများကြီးကိုယ့်ထက်သာနေမှာပါ။

နိုင်ငံတစ်ခု၏ကြွယ်ဝချမ်းသာမှုသည် အစိုးရ၊ ပြည်သူနဲ့စီးပွားရေးလုပ်ငန်းရှင်ဆိုသည့် သုံးဦးသုံးဖလှယ် အပေးအယူညီညွတ်မျှတမှုသည် များစွာအရေးကြီးပါသည်။ အလားတူ ဒေသအတွင်းရှိ နိုင်ငံများပါဝင်သည့်အဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသောအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုသည်များစွာအရေးပါသည်။

ထို့ကြောင့် ယခုကျင်းပသည့်အာဆီယံခေါင်းဆောင်များဖိုရမ်သည် ယခင်က ကွဲပြားနေသည့်အာဆီယံဒေသအတွင်းရှိ စီးပွားရေးဆိုင်ရာပူးပေါင်းမှု အားနည်းချက်ဖော်ထုတ်၍ အနာဂတ်တွင် ပိုမိုခိုင်မာတောင့်တင်းသည့် စီးပွားရေး၊ လူမှုရေးနှင့်နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အဖြစ် ဒေသအတွင်း ပြည်သူများက အားပြုနိုင်မည့်အပြင် နိုင်ငံတကာတွင်လည်း ကြံ့ခိုင်သန်စွမ်းသည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် မဝေးတော့သည့် ကာလတွင် ဖြစ်ထွန်းပေါ်ပေါက်လာမည့်ကို ကြိုတင်သတင်းကောင်းပါး တင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်း

စာမျက်နှာ ၆ မှ

အနက် တစ်ကီလိုမီတာ(၀ ဒသမ ၆မိုင်ခန့်)သို့ ရောက်ရှိတိုင်း အကြမ်းဖျင်း ၂၅°Cမှ ၃၀°C(၇၇-၈၆°F)အထိ တိုးမြင့်နိုင်သည်။ အဆိုပါ စွမ်းအင်ကို အသုံးပြုရာတွင် နည်းနှစ်မျိုးရှိသည်။ ပထမနည်းမှာ အပူစွမ်းအင်များကို အဆောက်အအုံများနှင့် ရေကူးကန်များကို အပူပေးခြင်း၊ မှန်လုံအိမ်များကို အပူပေးခြင်းနှင့် ပင်လယ်ဆားငန်ရေများကို ရေချိုချက်ခြင်း စသည်များတွင် တိုက်ရိုက်အသုံးပြုခြင်းဖြစ်ပြီး ဒုတိယနည်းမှာ ရရှိသည့်အပူစွမ်း အင်များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြစ်သည်။ နှစ်နည်းလုံးတွင် ရေများကို ဖောက်ထားသည့်တွင်းထဲသို့ တွန်းပို့ပြီး ရေပူများ(သို့မဟုတ်)အပူလွန် ရေနွေးငွေ့များ (Super-heated Steam) ကို မြေပြင်သို့ ရယူအသုံးပြုခြင်းဖြစ်သည်။ အပူစွမ်းအင်ကို တိုက်ရိုက်အသုံးပြုမှုများတွင် အပူချိန်သည် ၃၀°Cမှ ၁၅၀°C အထိသာရှိပြီး မိမိလိုအပ်သည့် အပူချိန်ကိုလိုက်၍ အနက် တစ်ကီလိုမီတာမှ လေးကီလိုမီတာ(၂ ဒသမ ၄မိုင်ခန့်)အထိသာဖောက်ရန် လိုအပ်သည်။ လျှပ်စစ်စွမ်းအင်ပြောင်းလဲထုတ်လုပ်ရာ၌ မူလအပူချိန်ကို ၂၄၀°C မှ ၃၅၀°C အထိရရှိစေရန် အနက် ၁၀ကီလိုမီတာ (၆မိုင်ခန့်)သို့ ရောက်ရှိအောင် ဖောက်ခြင်းဖြစ်သည်။ အမေရိကန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား စသည့် နိုင်ငံပေါင်း ၂၄နိုင်ငံတွင် ဘူမိအပူစွမ်းအင်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ်က ၁၀၉၅၉ ဒသမ ၇ မဂ္ဂါဝပ်(၁၁ ဂီဂါဝပ်ခန့်) ရှိကြောင်း၊ လက်ရှိနည်းပညာအရ-နောင်တွင် ဂီဂါဝပ် ၇၀ အထိ တိုးမြင့်လာနိုင်ပြီး တိုးတက်လာမည့်နည်းပညာများအရ ဂီဂါဝပ် ၁၄၀အထိ မြင့်မားလာနိုင်ကြောင်း မှတ်သားရပါသည်။ ဘူမိအပူစွမ်းအင်မှရရှိသည့် လျှပ်စစ်စွမ်းအင်သည်လည်း ရေကိုကြားခံပစ္စည်းအဖြစ် အသုံးပြုပြီး ရရှိသည့်စွမ်းအင်ပင်ဖြစ်သည်။

နျူကလီးယားစွမ်းအင် ထုတ်လုပ်ရာတွင်လည်း ရေကိုအသုံးပြုပြီး ရေကိုလုံးဝသုံးစွဲရန် မလိုအပ်ဟုယူဆထားသည့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရာမှာပင် နေရောင်ခြည်ကို ဖမ်းယူသောSolar Panel(Solar Collector) များတွင် ကပ်နေသည့် ဖုန်မှုန့်များကို နေရောင်ခြည်ကို အပြည့်အဝစုစည်းရရှိစေရန်အတွက် ရေဖြင့်မကြာခဏ ဆေးကြောပေးရသည်။ ဖော်ပြပါသာဓကများသည် စွမ်းအင်ထုတ်လုပ်ရာတွင် ရေကို သုံးစွဲရသော သာဓကများဖြစ်သည်။

ထို့ကြောင့် ရေကိုအလေးထားခြင်းဖြင့် စွမ်းအင်သုံးစွဲမှုကို လျှော့နည်းစေနိုင်သကဲ့သို့ စွမ်းအင်သုံးစွဲမှုကို အလေးထားခြင်းဖြင့်လည်း ရေကုန်ကျမှုကို လျှော့နည်းစေနိုင်သည်။ တစ်နည်းအားဖြင့် ရေနှင့်စွမ်းအင်ကို အကျိုးရှိစွာ သုံးစွဲခြင်းဖြင့် "အစိမ်းရောင်စက်မှုလုပ်ငန်းများ" "Green Industry" ကို ဖော်ဆောင်ရာရောက်မည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ရေကိုအလေးထားသူများ တစ်စထက်တစ်စများပြားလာစေရေးအတွက် နောင်နှစ်များတွင်လည်း **"ကမ္ဘာ့ရေနေ့ - World Water Day"** အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ယခုနှစ်ထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ ကျင်းပနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။

မြန်မာ့ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ တန်နှစ်သိန်း နှစ်စဉ်ဝယ်ရန် ဂျပန်ရည်မှန်းထား

နေပြည်တော် မေ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် မေ ၁၂ ရက် မွန်းလွဲ ၁၂ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဂျပန်နိုင်ငံ လက်ကားဈေးကွက်ဥက္ကဋ္ဌ Whole Sale Market President နှင့် Kyoka Hokuhin ကုမ္ပဏီဥက္ကဋ္ဌ Mr.Kazuhiko Kagawa ဦးဆောင်သော အဖွဲ့အား တွေ့ဆုံသည်။

ရှေးဦးစွာ Mr.Kazuhiko Kagawa နှင့်အဖွဲ့က ဂျပန်နိုင်ငံ စားသုံးသူဈေးကွက်သို့ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အဆင့်မြင့်တင်ပြီး ပထမအဆင့် တန်ချိန် ငါးထောင်မှ ဒုတိယအဆင့် တန်ချိန် နှစ်သောင်း၊ တတိယအဆင့် တန်ချိန် နှစ်သိန်းအထိ စဉ်ဆက်မပြတ် နှစ်စဉ်တင်ပို့ရောင်းချနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှစ်ဦးက အပြန်အလှန် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံ လက်ကားဈေးကွက်ဥက္ကဋ္ဌ Kyoka Hokuhin ကုမ္ပဏီဥက္ကဋ္ဌ Mr.Kazuhiko Kagawa က မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို နှစ်စဉ်တန်ချိန် နှစ်သိန်းအထိ တိုးတက်၍ ဝယ်ယူတင်သွင်းနိုင်ရေး ရည်မှန်းချက်ထားရှိပြီး အအေးခန်းနှင့် အခြောက်ခံစက် အပါအဝင် အဆင့်မြင့်နည်းပညာသုံး ထုပ်ပိုးစက်များကို နေပြည်တော် ကောင်စီနယ်မြေတွင် တန်ချိန် ငါးထောင်ကိုင်တွယ်နိုင်သော စက်ရုံတစ်ရုံနှင့် (ရှမ်းပြည်နယ်တောင်ပိုင်း) ဟဲဟိုးအနီးတွင် စက်ရုံတစ်ရုံတို့ကို ပထမအဆင့် တည်ဆောက်ရင်းနှီးမြှုပ်နှံလိုကြောင်း ဆွေးနွေးကမ်းလှမ်းသည်။

ဂျပန်ကိုယ်စားလှယ်အဖွဲ့၏ ကမ်းလှမ်းချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ ကြိုတင်ပေးပို့ရောက်ရှိနေသည့် ဂျပန်မူရင်းမျိုး ပိန်းဥ၊ ကန်စွန်းဥနှင့် စပါးသီးနှံအမျိုးမျိုးတို့မှာ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိပါကြောင်း၊ လိုအပ်သော အရေအတွက် ပမာဏပြည့်မီရန် အချိန်မီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များကို ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရန် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ အကျိုးရှိမည့် လုပ်ငန်းဖြစ်၍ အားပေးကူညီဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဂျပန်နိုင်ငံ လက်ကားဈေးကွက်ဥက္ကဋ္ဌ Whole Sale Market President နှင့် Kyoka Hokuhin ကုမ္ပဏီဥက္ကဋ္ဌ Mr. Kazuhiko Kagawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ လိုက်ပါလျက် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဂျပန်နိုင်ငံ မူရင်းမျိုး ပိန်းဥ၊ ကန်စွန်းဥ စိုက်ခင်း၊ နွေစပါးစိုက်ခင်းများ၊ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်း၌ အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးထားသော နာနတ်သီးစိုက်ခင်း၊ ဖရုံသီးစိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ခရမ်းစိုက်ခင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် စက်စက်ယိုဆည်ရေသောက်စနစ်၊ တောင်သူပညာပေး ရှင်းလင်းဆောင်၌ စိုက်ကွင်းအတွင်း ပါဝင်စိုက်ပျိုးနေကြသော တောင်သူလယ်သမားများကို ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်ကိုယ်စားလှယ်အဖွဲ့က ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဂျပန်မူရင်းမျိုး ရွှေဖရုံသီးစိုက်ခင်းများ၊ ဘူးသီးစိုက်ခင်းများ၊ ငရုတ်စိုက်ခင်းများ၊ ကညွတ်ပျိုးခင်းများ၊ ပိုက်ကွန်စနစ်ဖြင့် စိုက်ပျိုးထားသော ဂျပန်မူရင်းမျိုး ကန်စွန်းစိုက်ခင်း၊ ထိုင်းနိုင်ငံမူရင်းမျိုး ကညွတ်စိုက်ခင်းနှင့် ဟင်းသီးဟင်းရွက် အမယ်စုံ စိုက်ခင်းများကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အအေးခန်းစနစ် အရောင်းပြခန်းကိုလည်းကောင်း အားပေးကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ကဆုန်လပြည့်နေ့တွင် နေပြည်တော် သတ္တသတ္တာဟစေတီတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ရွှေကုက္ကိုု

မေ ၁၃ ရက် (ကဆုန်လပြည့် ဗုဒ္ဓနေ့)က စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားရင်ပြင်တော်ရှိ မဟာဗောဓိညောင်ပင်၌ ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ် ၂၅၁၊ မြေဧရိယာစတုရန်းပေ ၃၀၀၀ ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၅၁၊ အောင်ဇေယျလမ်း၊ ၂၆ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဦးစောရွှေမောင် ၁၂/ဒဂတ(နိုင်)၀၁၈၆၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နောက်ပိုင်းတွင် ဥပဒေနှင့်အညီ တရားဝင်စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးအေး LL.B, D.B.L,D.M.L,D.I.L
WIPO,DL-101 Switzerland
(စဉ်-၈၅၅၈)(တရားလွှတ်တော်ရှေ့နေ)
အမှတ် ၁၁၇၆(လေးလွှာ/ဘီ)၊ သမာဓိလမ်း၊ မေတ္တာညွှန့်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၂၅၃၅၈၂၇၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်အေးအိမ်ရာ၊ တိုက်အမှတ် ၈/၂၊ စတုတ္ထထပ်၊ အခန်းအမှတ် ၄၄ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်အမည်ပေါက် လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်မျိုးဦး ၁၂/သကတ(နိုင်) ၁၇၁၁၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးအေး LL.B, D.B.L, D.M.L, D.I.L
WIPO, DL-101 Switzerland
(စဉ်-၈၅၅၈) တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၁၇၆(လေးလွှာ/ဘီ)၊ သမာဓိလမ်း၊ မေတ္တာညွှန့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၅၃၅၈၂၇၀



ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ ပါမစ်မြေကွက်အမှတ်(၃၈၃)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါ ပါမစ်မြေကွက်အမည်ပေါက် ဒေါက်တာဒေါ်လေးခိုင် AG-168313 (၁၂/တမန(နိုင်)၀၇၃၆၁၆)မှ ဦးအောင်ခင် DGN-၀၃၈၀၉၃ အားလည်းကောင်း၊ ဦးအောင်ခင်မှ ဒေါ်စန်းစန်းဝေ ၁၁/စတန(နိုင်)၀၁၃၁၂၃ အားလည်းကောင်း၊ ဒေါ်စန်းစန်းဝေမှ ဒေါ်နွယ်နီဦးသို့လည်းကောင်း အဆင့်ဆင့်ရောင်းချခဲ့ပါသည်။ နောက်ဆုံးမြေကွက်လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဒေါ်နွယ်နီဦးမှ ကျွန်ုပ်ဦးအေးကို ၁၂/ဒဂန(နိုင်)၀၃၃၁၄၃ အား ၁၁-၅-၂၀၁၄ ရက်တွင် အပြီးအပိုင်ရောင်းချရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။

ဦးအေးကို
ဖုန်း-၀၉-၅၀၅၅၇၉၇၊ ၀၉-၂၅၀၃၇၉၄၇၂



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၈၄၅၊ အကျယ်အဝန်း အလျားပေ၄၀×အနံပေ၅၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ် ၈၄၅ဟု ခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင်အမည်ပေါက်သူ ဒေါ်အေးအေးမြင့် ၁၂/ဥကမ(နိုင်)၁၂၃၀၆၀၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၈၁/၂၀၁၃ ရရှိထားသူ ဒေါ်သန္တာဝင်း ၈/မထန(နိုင်)၀၉၅၁၃၅၏ ညီမဖြစ်သူ ဒေါ်ရွှေစင်ဝင်း ၈/မထန(နိုင်)၀၉၅၁၃၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ဖခင်အမည်မှန်

လှိုင်ကော်တက္ကသိုလ်၊ ဒုတိယနှစ်၊ ရူပဗေဒဘာသာရပ်မှ မစုဇင်ငြိမ်းကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်းအောင် ၁၃/ဖခန(နိုင်)၀၆၀၀၇၂ ဖြစ်ပါကြောင်း။

ဦးကျော်သန်းအောင်

နိုင်ငံတကာသတင်း

အိန္ဒိယရွေးကောက်ပွဲ ဘီဂျေပီပါတီအနိုင်ရဖွယ်ရှိ ပါတီခေါင်းဆောင် နာရင်ဒရာမိုဒီ ဝန်ကြီးချုပ်သစ်ဖြစ်လာနိုင်

နယူးဒေလီ မေ ၁၃

ဟိန္ဒူအမျိုးသားရေးဝါဒီ နာရင်ဒရာမိုဒီသည် တနင်္လာနေ့ အဓိက မဲဆန္ဒနယ်လေးခု မဲစာရင်းများ ရေတွက်အပြီး လာမည့် အိန္ဒိယဝန်ကြီးချုပ်ဖြစ်လာနိုင်ကြောင်း၊ ၎င်း၏ အတိုက်အခံပါတီနှင့် မဟာမိတ်ပါတီများက ပါလီမန်တွင် မဲအများဆုံးနှင့် အနိုင်ရလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အိန္ဒိယအထွေထွေရွေးကောက်ပွဲသည် ကမ္ဘာ့အကြီးဆုံးနှင့် အရှည်ကြာဆုံး ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲဖြစ်ပြီး တနင်္လာနေ့က ပြီးဆုံးသွားသည်။

အမတ်နေရာ ၅၄၃ နေရာအနက် ၂၇၂ နေရာလိုအပ်ရာ အစိုးရပြန်လည်ဖွဲ့စည်းရမည်ဖြစ်သည်။ ရွေးကောက်ပွဲ မဲပေးမှုကို ကိုးကြိမ်ပြုလုပ်ခဲ့ပြီး အချိန်ကာလအားဖြင့် ငါးပတ် ကြာခဲ့သည်။ မေလကုန်တွင် အစိုးရသစ်ကျမ်းသစ္စာ ကျိန်ဆိုရမည်ဖြစ်သည်။

လက်ယာယိမ်းအတိုက်အခံ ဘီဂျေပီပါတီသည် မဲအများဆုံးဖြင့် အနိုင်ရဖွယ်ရှိကြောင်း ရေတွက်ပြီး မဲစာရင်းများအရ သိရသည်။

ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ် သုံးကြိမ်ဖြစ်ခဲ့သည့် ဘီဂျေပီပါတီခေါင်းဆောင် နာရင်ဒရာမိုဒီအား ဗာရာဏသီမြို့ အရှေ့ပိုင်း အဒမ်အက်ဒမီပါတီက အနီးကပ်ယှဉ်ပြိုင်ခဲ့သည်။

ရွေးကောက်ပွဲနောက်ဆုံးရလဒ်များကို သောကြာနေ့တွင် အိန္ဒိယရွေးကောက်ပွဲကော်မရှင်က ကြေညာမည်ဖြစ်သည်။ လက်ရှိရွေးကောက်ပွဲရလဒ်များအရ ဘီဂျေပီပါတီသည် လာမည့်အစိုးရသစ်ကို ဖွဲ့စည်းနိုင်ဖွယ်ရှိနေသည်။ **(ရိုက်တာ)**

ဆိုမာလီတောင်ပိုင်း၌ အစိုးရတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသည့် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

မိုဂါဒစ်ရှူး မေ ၁၃

ဆိုမာလီတောင်ပိုင်း ဘိုင်ဒိုယာမြို့ ကားဗုံးပေါက်ကွဲမှုတစ်ခုတွင် လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ၁၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲအရာရှိက ဆင်ဟွာသို့ ပြောခဲ့သည်။

ဘိုင်ဒိုယာမြို့လယ်ကောင်၌ အစိုးရတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ ပြည့်ကျပ်နေသော ယာဉ်များအကြား ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် ပေါက်ကွဲမှုဖြစ်ပွားရာနေရာအနီးရှိ အစိုးရတပ်ဖွဲ့ဝင် သုံးဦး ပါဝင်ကြောင်း၊ ၂၀၁၁ ခုနှစ် နောက်ပိုင်း အစိုးရတပ်ဖွဲ့ဝင်များနှင့် အာဖရိကသမဂ္ဂငြိမ်းချမ်းရေးသံတမန်များက အယ်လ်ရှာဘတ်စစ်သွေးကြွများကို ထိန်းချုပ်မှုများ ပြုလုပ်ပြီးနောက် သေဆုံးသူအရေအတွက် အများဆုံးဖြစ်ကြောင်း မျက်မြင်သက်သေများက ဆိုသည်။

အခင်းဖြစ်နေရာသို့ ဒေသတွင်းဆရာဝန်များရောက်ရှိလာပြီးနောက် ဒဏ်ရာရရှိသူများကို ဆေးရုံကြီးသို့ အလျင်အမြန်ပို့ဆောင်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များက ၎င်းနေရာကိုပိတ်ထားခဲ့ပြီး သံသယရှိသူများကို ရှာဖွေမှုများ ပြုလုပ်နေကြောင်း သိရသည်။ မြို့နေရာတော်တော်များများကို ပိတ်ထားခဲ့ပြီး အစိုးရနှင့်အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးမစ်ရှင် (AMISOM) နေရာအနီးဝန်းကျင်နှင့် အခင်းဖြစ်ပွားရာနေရာတွင် သွားလာခွင့်များကိုလည်း ကန့်သတ်ထားခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ထိုင်းယာယီဝန်ကြီးချုပ် ဆွေးနွေးရန် တံခါးဖွင့်ကမ်းလှမ်း

ဗန်ကောက် မေ ၁၃

ထိုင်းယာယီဝန်ကြီးချုပ်က ရွေးကောက်တင်မြှောက်ခြင်းမပြုဘဲ ပြည်သူ့ကောင်စီဖွဲ့ရန် တောင်းဆိုနေသော အစိုးရအတိုက်အခံဆန္ဒပြသူများအား ဆွေးနွေးပွဲများ ပြုလုပ်ရန်ကမ်းလှမ်းလိုက်သည်။ ဖြုတ်ချခံရသော ဝန်ကြီးချုပ်ရင်လတ်နေရာတွင် အစားထိုးလိုက်သော ယာယီဝန်ကြီးချုပ်ဘွန်းဆောင်ပိုင်ဆန်က ၎င်း၏ပါတီအနေဖြင့် အတိုက်အခံများအား ပွင့်လင်းစွာဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ဆွေးနွေးရန် တံခါးဖွင့်ထားပါကြောင်း၊ ပြည်တွင်းစစ်ဖြစ်မည်ကို မလိုလားပါကြောင်း ၎င်းကပြောကြားလိုက်သည်။ နိုင်ငံတွင်း မငြိမ်မသက်ဖြစ်မှုများသည် ခြောက်လအထိ ကြာခဲ့ပြီဖြစ်၍ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ရန် အမြန်ဆုံးပြုလုပ်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ **(ဆင်ဟွာ)**

ယူကရိန်းအရှေ့ပိုင်း ပြည်နယ်ကြီးနှစ်ခု လူထုဆန္ဒခံယူအပြီး ရုရှားနှင့် ပူးပေါင်းရန် သူပုန်များတောင်းဆို

ဒိုနက်စကီ မေ ၁၃

ယူကရိန်းအရှေ့ပိုင်း မော်စကိုလိုလားသော သူပုန်ခေါင်းဆောင်များက ကိုယ်ပိုင်အုပ်ချုပ်ခွင့် လူထုဆန္ဒခံယူပွဲ ပြုလုပ်ပြီးနောက် ယင်းတို့၏ ဒေသများ ရုရှား၏ အစိတ်အပိုင်းဖြစ်လာစေရန် တောင်းဆိုလိုက်သည်။

ဒိုနက်စကီနှင့် လူဟန့်ပြည်နယ်နှစ်ခုအနက် တစ်ခုမှာ လူထုဆန္ဒခံယူပွဲတွင် အနိုင်ရလိုက်သဖြင့် ရုရှားနှင့် ပူးပေါင်းရန်တောင်းဆိုလိုက်သည်။ မိမိတို့ဒေသသည် ယခုအခါလွတ်လပ်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ရုရှားနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း ဒိုနက်စကီပြည်သူ့ခေါင်းဆောင် ဒင်းနစ်ပွတ်ရှီလင်းက ပြောသည်။

ဒိုနက်စကီပြည်သူများသည် အမြဲတမ်းရုရှားကမ္ဘာ၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ ရုရှားသမိုင်းသည် မိမိတို့သမိုင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဒိုနက်စကီ၏ အိမ်နီးချင်း လူဟန့်ပြည်နယ် ပြည်သူများကလည်း ဒုတိယမြောက် လူထုဆန္ဒခံယူပွဲ ပြုလုပ်ပြီး ရုရှားနှင့် ပူးပေါင်းရန်ပြင်ဆင်လျက်ရှိသည်။ အဆိုပါပြည်နယ်နှစ်ခုသည် လူဦးရေ ၆ ဒသမ ၅ သန်း နေထိုင်လျက်ရှိရာ ယူကရိန်း စက်မှုထုတ်ကုန် သုံးပုံတစ်ပုံ ထုတ်လုပ်ပေးလျက်ရှိသည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်က ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ယူဂိုဆလားဗီးယား၊ ချက်ကို စလိုဗက်ကီးယားတို့ ခွဲထွက်ပြီးနောက် ယူကရိန်းမှ အဆိုပါပြည်နယ်များခွဲထွက်ခြင်းသည် အကြီးမားဆုံး ခွဲထွက်မှုတစ်ရပ်ဖြစ်သည်။ **(ရိုက်တာ)**

ဘိုကိုဟာရမ်အဖွဲ့မှ မကြာမီက ထုတ်ပြန်သော ဗီဒီယိုမှတ်တမ်းတွင် နိုင်ဂျီးရီးယားကျောင်းသူများကို တွေ့ရစဉ်။

ပြန်ပေးဆွဲခံရသော နိုင်ဂျီးရီးယားကျောင်းသူများရှာဖွေမှုတွင် အမေရိကန်ကျွမ်းကျင်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်မည်

ဝါရှင်တန် မေ ၁၃

အမေရိကန်ပြည်ထောင်စု အာဖရိကစစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင် ၁၆ဦးသည်လွန်ခဲ့သော တစ်လနီးပါးက နိုင်ဂျီးရီးယားနိုင်ငံဘိုကိုဟာရမ်စစ်သွေးကြွများက ပြန်ပေးဆွဲထားသော ရာနှင့်ချီသော နိုင်ဂျီးရီးယားကျောင်းသူများရှာဖွေကယ်ဆယ်ရာတွင် နိုင်ငံတကာအဖွဲ့နှင့်အတူ ပူးပေါင်းမည်ဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောသည်။

ဆက်သွယ်ရေး၊ ထောက်ပံ့ရေး၊ မြို့ပြရေးရာနှင့် ထောက်လှမ်းရေး ကျွမ်းကျင်သူများ ပါဝင်သော အဆိုပါ တပ်ဖွဲ့ဝင် ၁၆ ဦးကို နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တော်ရှိ အမေရိကန်သံရုံးက ဦးဆောင်သွားမည်ဟု ဆိုသည်။

ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုသည် ချီဘွတ်မြို့တွင် ကျောင်းတက်နေသော ကျောင်းသူ ၂၀၀ ကျော်အား ဧပြီ ၁၄ ရက်က ခေါ်ဆောင်သွားခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ပြန်ပေးဆွဲခံရသော နိုင်ဂျီးရီးယား ကျောင်းသူ ၂၀၀ ကျော် လွတ်မြောက်စေရန် နိုင်ဂျီးရီးယားအစိုးရကို ကူညီသွားမည်ဟု ဆိုသည်။

ဘိုကိုဟာရမ်အဖွဲ့ကို ၂၀၀၂ ခုနှစ်တွင် ထူထောင်ခဲ့ပြီး ရှီးယိုက်တို့အုပ်စိုးသော အစ္စလာမ့်နိုင်ငံ ထူထောင်ရန်ကြိုးစားနေခြင်းဖြစ်သည်။ ပဋိပက္ခအတွင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၅၀၀ သေဆုံးခဲ့ပြီးဖြစ်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရန်ကုန်တွင် ယာဉ်လမ်းညွှန်များစိုက်ထူ၊ လေးစားလိုက်နာရန်လို

ရန်ကုန် မေ ၁၃

အနော်ရထာလမ်းမ၏ လမ်းမတော်မြို့နယ်အပိုင်း လမ်းသွယ်များထိပ်တွင် ယာဉ်လမ်းညွှန်အမှတ်အသားများကို လမ်းအမည်ဖြင့်ဆွဲ၍ ဆေးရောင်ခွဲခြားကာ သိသာမြင်သာသော အရွယ်အစားဖြင့် စိုက်ထူထားသည်ကို မေလဒုတိယပတ်တွင် မြင်တွေ့လာရသည်ဟု အိမ်စီး ယာဉ်မောင်းသူတစ်ဦးက ဆိုသည်။

ယခင်က လမ်းထိပ်များတွင် လမ်းညွှန်ဆိုင်းဘုတ်များ ရှိသော်လည်း လိုက်နာမှုအားနည်းနေကြောင်း၊ ဗိုလ်ချုပ်လမ်းမပေါ်တွင် နံနက် မိုးမလင်းမီအချိန် အိမ်စီးယာဉ်တစ်စီး လမ်းကြောင်းပြောင်းပြန် အရှိန်ဖြင့် မောင်းနှင်မှုကြောင့် လမ်းမတော်ဘက်သို့ ဝင်ရောက်လာသော ဝက်သားတင်ယာဉ်နှင့် လမ်းဆုံမီးပွိုင့်တွင်တိုက်မိ၍ နှစ်စီးစလုံး သေဆုံးမှုများရှိခဲ့သည့်သတင်း၊ လမ်းသွယ်တစ်ခုတွင် လမ်းကြောင်းပြောင်းပြန်ဝင်သည့်သတင်း၊ ဓာတ်ပုံ၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း တစ်လမ်းမောင်း လမ်းသွယ်များတွင် လမ်းကြောင်းပြောင်းပြန် မောင်းနှင်နေသည့်အတွက် အရေးယူပေးရန် အပတ်စဉ်ဂျာနယ်စာစောင်သို့ ပေးပို့သည့် လူထုအော်သံတို့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပေါ် လိုက်နာမှုအားနည်းနေသည်ကို ပြသရာရောက်သည်ဟု လမ်းသွားလမ်းလာတစ်ဦးက ဆိုသည်။

မေ ၁၀ ရက် နံနက် ၆ နာရီခန့်က အနော်ရထာလမ်းမပေါ် ပြောင်းပြန်မောင်းနှင်လာသော အိမ်စီးယာဉ် အဖြူရောင်တစ်စီး ၉ လမ်းသွယ်ထဲသို့ မောင်းဝင်သွားသည်ကို လမ်းသွားလမ်းလာများမှ အံ့ဩစွာမြင်တွေ့ခဲ့ရကြောင်း၊ သို့ဖြစ်ရာ သိသာထင်ရှားသော ယာဉ်လမ်းကြောင်းပြအမှတ်အသားများ စိုက်ထူထားခြင်းသာမက ယင်းလမ်းညွှန်မှုအတိုင်း လေးစားလိုက်နာမှုရှိရေးသည် အဓိကအရေးကြီးကြောင်း၊ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်း လေးလအတွင်း နိုင်ငံအနှံ့ ယာဉ်တိုက်မှု ၅၃၂၃ မှု ဖြစ်ပွားပြီး ဒဏ်ရာရရှိသူ ၉၅၈၁ ဦး၊ သေဆုံးသူ ၁၆၅၂ ဦး ရှိကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအတွက် အရေးယူမှုအရှိန်အဟုန်မြှင့်ရန်လိုနေကြောင်း နေ့စဉ်လမ်းများပေါ်တွင် သွားလာနေသူများက ဆိုသည်။ **ခင်ဆိုင်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၃၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၄၅၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၆၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၃၅၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၇၀၀-၃၂၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၇၉၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၈၅၀၀-၁၃၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၂၀၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၄-၉၇၃
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၉-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၈-၇၇၆
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၅-၃၀.၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၄.၉-၁၅.၆
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၉-၃၀၄

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

ကလေးသူငယ်များအား အခမဲ့ဆေးဝါးကုသပေးခြင်းကို တာချီလိတ်မြို့နယ် မကာဟိုခမ်းရပ်ကွက်ရှိ လူငယ်ပရဟိတဂေဟာ၌ မေ ၁၁ ရက်က ကုသပေးရာ တာချီလိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးသူဇာက ကလေးငယ်များအား အာဟာရနို့နှင့်ပေါင်မုန့်များပေးအပ်ပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဆွေဇင်အိနှင့် အဖွဲ့ဝင်များမှ ကလေးသူငယ်များအား အခမဲ့ကုသပေးစဉ်။ မြင့်မိုရ်(တာချီလိတ်)

မြိုင်မြို့ ရွှေမြင်းတင်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

မြိုင် မေ ၁၃

မကွေးတိုင်းဒေသကြီး မြိုင်မြို့ သမိုင်းဝင်ရွှေမြင်းတင်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၈ ရက်မှစတင်၍ ကျင်းပခဲ့ကြောင်း သိရသည်။

ကျင်းပ

ရွှေမြင်းတင်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကဆုန်လဆန်းပိုင်းမှစ၍ လပြည့်ကျော် ၅ ရက်အထိ ကျင်းပရာ ငါးရက်ကြာမဟာပဋ္ဌာန်းပွဲနှင့် ကဆုန်လပြည့်နေ့တွင် သံဃိကဒါနဆွမ်းလောင်းလှူပွဲ၊ ညောင်ရေသွန်းပွဲတွင် မြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **စိန်မြိုင်**

ဖမ်းဆီးရမိ ပုံစံ(၈)ဝင် သစ်လုံး/ခွဲသား/တိုင်များရောင်းချရန် လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ပါပုံစံ(၈)ဝင် သစ်လုံး/ခွဲသား/တိုင်များကို သစ်တောဦးစီးဌာန၊ တောင်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ၂၀-၅-၂၀၁၄ရက် နံနက် ၁၀:၀၀နာရီတွင် ရပ်စောက်မြို့နယ်ရှိ ပုံစံ(၈)ဝင်သစ်များကို လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	သစ်မျိုး	အရေအတွက်	တန်	ပစ္စည်းတည်နေရာ	မှတ်ချက်
၁	အင်သစ်လုံး	၄၉ လုံး	၁၄.၉၆၆	အင်တောပျိုးဥယျာဉ်	
၂	အင်သစ်လုံး	၁၈၇ လုံး	၆၀.၄၇	(၁၈)မိုင်/ကျိုင်းခမ်း	
၃	အင်သစ်လုံး	၁၂၀ လုံး	၃၉.၂၇၆	(၁၈)မိုင်/ကျိုင်းခမ်း	
	အင်တိုင်	၂၄ လုံး	၆.၇၄၈	(၁၈)မိုင်/ကျိုင်းခမ်း	
၄	အင်တိုင်	၂၄၉ လုံး	၄၁.၁၁၅	မွေတော်ဝင်း	
၅	အင်သစ်လုံး	၄၀ လုံး	၁၀.၀၇၂	ထီးခမ်း/ဆတ်သေ	
	အင်ခွဲသား	၁၂၀ ချောင်း	၂.၉၆၈	ထီးခမ်း	
	ပေါင်း		၁၇၅.၆၁၅		

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာနတွင် ၁၂-၅-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၁၁၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

မြန်မာ့သစ်လုပ်ငန်း
ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
ဖိတ်ခေါ်ကြေညာခြင်း
www.myanmatimber.com.mm

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်နိုင်လင်းအောင် CDC-၆၃၀၂၃သည် DMAမှထုတ်ပေးထားသော SSO Certificate No.COP/R-03430 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၀၄၈၀၇

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ဝင်းနိုင်ပိုင် မော်တော်ယာဉ်အမှတ်၄C/၈၁၀၇၏(ကမ-၃) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်ပေးပါ။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၃၀၈၅၀၂၂

တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊တပ်ကုန်း၊ အထက(၁) နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ထက်နိုင်အောင်၏ဖခင် ဦးမြင့်ဆွေ(ခ) ဦးမောင်ပုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမြင့်ဆွေ(ခ)ဦးမောင်ပု
၉/တကန(နိုင်)၀၆၈၂၂၁

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဘောလုံးသမားကောင်းများ ပေါ်ထွက်လာရေး မျိုးစေ့ချပေးနေသည့် လူငယ်ဘောလုံးသင်တန်း

ထူးချွန်သောမျိုးဆက်သစ်ဘောလုံးလူငယ်များ ထွက်ပေါ်လာရေးအတွက် မြန်မာ့လက်ရွေးစင်ဟောင်းများအဖွဲ့နှင့် ကိုလာကိုလာ အချိုရည်တို့ ပူးပေါင်း စီစဉ်သည့် လူငယ်ဘောလုံးသင်တန်းကို ရန်ကုန်မြို့ရှိ တောင်ဥက္ကလာ ဘောလုံးလေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်သင်ကြားနေသည်။

ယင်းသင်တန်းကို မေ ၅ရက်မှ ၂၆ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဟောင်းနည်းပြများက သင်ကြားပေးလျက်ရှိသည်။ ယင်းသင်တန်းတွင် ဦးတင်အောင်(ဂိုး)၊ ဦးစိုးမြင့်နှင့် ဦးလှရွှေလေးတို့က ကြီးကြပ်၍ ဦးဝင်းမြင့်သွင်၊ ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဦးမောင်မောင်ဌေး၊ ဦးချစ်နိုင်၊ ဦးမြင့်ဆွေ၊ ဦးဘုန်းနိုင်၊ ဦးအောင်စိုးဦး၊ ဦးအောင်ကျော်မိုး၊ ဦးဟန်ထွန်း၊ ဦးမျိုးမင်းထွန်း၊ ဦးဝင်းမြင့်၊ ဦးဇော်နိုင်၊ ဦးငွေထွန်း၊ ဦးယဉ်မင်းအောင်၊ ဦးမြင့်ကိုနှင့် ဦးအေးနိုင် စသည့်နည်းပြဆရာများက သင်ကြားပေးလျက်ရှိသည်။ လူငယ်ဘောလုံးသင်တန်းကို သင်တန်းသား ၅၈ဦး တက်ရောက်သင်ကြားနေပြီး အခမဲ့ သင်ကြားပေးခြင်းဖြစ်သည်။

"ယခု တက်ရောက်သင်ကြားနေတဲ့ ကလေးတွေ တော်တော်များများမှာ ပင်ကိုအရည်အသွေးရှိသူတွေများပြီး ဘောလုံးကိုလည်း ဝါသနာပါပါတယ်၊ အခြေခံလည်း တော်တော်ကောင်းမွန်တာကြောင့် နောင်တစ်ချိန်မှာ တိုင်းပြည်အတွက် အားထားရမယ့် ကစားသမားများ ပေါ်ထွက်လာမယ်လို့ယုံကြည်ပါတယ်၊ ဘယ် အားကစားနည်းမဆိုအခြေခံကျေညက်ဖို့လိုပါတယ်၊ ဒါကြောင့် လာရောက် သင်ကြားနေတဲ့ ကစားသမားတွေဘောလုံးအခြေခံကျွမ်းကျင်အောင် သင်ကြားပေးနေပါတယ်၊ အခြေခံ တတ်ကျွမ်းပြီးတဲ့ သူတွေကိုလည်း သူတို့မှာရှိတဲ့ အရည်အသွေးတွေထက် ပိုမိုတိုးတက်အောင် သင်ကြားပေးနေပါတယ်"ဟု နည်းပြတစ်ဦးက ပြောကြားသည်။

မြန်မာ့လက်ရွေးစင်ဟောင်းများအဖွဲ့သည် လူငယ်ဘောလုံးသင်တန်းများကို ရန်ကုန်မြို့တွင် သာမက နယ်မြို့များတွင်လည်း ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ညီညီစိုးညွန့်

ကချင်ပြည်နယ်အဆင့်မြင့်ပညာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်

မြစ်ကြီးနား မေ ၁၃

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကချင်ပြည်နယ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပရာ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို မေ ၁၂ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခချုပ်/တက္ကသိုလ်အားကစားကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဝင်း မိုးညှင်းဒီဂရီကောလိပ်နှင့်ဗန်းမော်တက္ကသိုလ်ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်နှင့်ဗန်းမော်ခရိုင်အမျိုးသားလက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲအဖြစ် မြစ်ကြီးနားခရိုင်အသင်းနှင့်မိုးညှင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုး-ဂိုးမရှိဖြင့် မြစ်ကြီးနားခရိုင်အသင်းက အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယရရှိခဲ့သည့် မိုးညှင်းခရိုင်အသင်း၊ တစ်ဦးချင်းဆုတံဆိပ်များကို မြစ်ကြီးနားတက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဝင်းက လည်းကောင်း၊ ပထမဆုရရှိသော မြစ်ကြီးနားခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို မိုးညှင်းဒီဂရီကျောင်းအုပ် ဒေါက်တာစိုးဝင်းက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆုနှင့်တံခွန်စိုက်ဆုဖလားကို ဒုတိယပါမောက္ခချုပ်တို့က ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အေအက်ဖ်စီ ဖလားအကြို ခြေစမ်းပွဲ မြန်မာ့လက်ရွေးစင် ထိုင်းကလပ်ကို အရေးနိမ့်

မော်လ်ဒိုက်နိုင်ငံတွင် ကျင်းပမည့် AFC Challenge Cup ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းနိုင်ငံသို့ခြေစမ်းပွဲများသွားရောက်ကစားခဲ့ပြီး ပထမဦးဆုံး ပွဲစဉ်တွင် ထိုင်းပရီမီယာလိဂ်ထိပ်သီးကလပ် မြောင်တောင်ယူနိုက်တက် အသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည်ပွဲထွက်လူစာရင်းတွင် အမာခံကစားသမားများဖြစ်သည့် သီဟစည်သူ၊ ရန်ပိုင်၊ ကောင်းစည်သူ၊ဇော်မင်းထွန်း၊မင်းမင်းသူ စသောကစားသမားများဖြင့်ပွဲထွက်လာခဲ့ပြီး မြောင်တောင်ယူနိုက်တက်အသင်းကို ယှဉ်ပြိုင်ကစားခဲ့သည်။ မြောင်တောင်အသင်းတွင် ထိုင်းလက်ရွေးစင်ကစားသမားများ ပါဝင်လာခဲ့ခြင်းမရှိဘဲ ပြည်တွင်းအခြေစိုက်ကစားသမားများအပြင် နိုင်ငံခြားသားသုံးဦး ထည့်သွင်းကစားခဲ့သည်။ ပွဲအစပိုင်းတွင် မြန်မာအသင်းအပိုင်အခွင့်အရေးများ ရရှိခဲ့သော်လည်း မြောင်တောင်အသင်း၏ ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးထိုးဖောက်မှုပြုလုပ်နိုင်ခြင်းမရှိဘဲ ကွင်းလယ်တွင်သာ ဘောလုံးကစားနေခဲ့ပြီး ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာနောက်တန်းကစားသမား ဇော်မင်းထွန်း မြောင်တောင်အသင်းမှကစားသမားတစ်ဦးကို ဆွဲလှဲခဲ့သဖြင့် မြောင်တောင်အသင်းပယ်နယ်တီရရှိခဲ့သည်။

ယင်းပယ်နယ်တီကို မြောင်တောင်အသင်းမှ ဂျေဘီ ကန်သွင်းခဲ့သော်လည်း ဘားတန်းထိထွက်ခဲ့သည်။ ပွဲကစားချိန် ၆၇ မိနစ်တွင် မြန်မာအသင်းပယ်နယ်တီကန်ခွင့်ရရှိခဲ့ပြီး ယင်းပယ်နယ်တီကို ကောင်းစည်သူက အမှားအယွင်းမရှိကန်သွင်းပြီး မြန်မာအသင်းအတွက်ဦးဆောင်ဂိုးရယူပေးခဲ့သည်။ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် မြောင်တောင်အသင်းမှာ တိုက်စစ်ကို ပြန်လည်မြှင့်ကစားခဲ့ပြီး ၁၀မိနစ်အကြာ ၇၆ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီး ဆက်တိုက် ဆိုသလို ၇၇ မိနစ်တွင် အနိုင်ဂိုး သွင်းယူကာ မြန်မာအသင်းအားပြန်လည်ဦးဆောင် ခဲ့သည်။

သို့သော် ပွဲကစားချိန် မိနစ် ၉၀ပြည့်သည်အထိ မြန်မာအသင်းမှာ ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသဖြင့် ပွဲပြီးဆုံးချိန်တွင် မြောင်တောင်အသင်းက မြန်မာ့လက်ရွေးစင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း သည် မေ ၁၄ ရက်တွင်လည်း ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်းတွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားသွားမည်ဖြစ်သည်။

ကိုရဲ

ကန့်ကွက်နိုင်ကြောင်း ကြေငြာခြင်း

[illegible]

ဦးဝင်းမြင့် (LL.M)

[illegible]

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောတပ်ဦးရွာနေ ဦးမြွေ၏သား ဦးပျော့ ITBN-၀၀၂၇၆၅အား မှော်ဘီမြို့ ကိုယ်ထူကိုယ်ထ အိမ်ရာချထားရေးကော်မတီမှ ချထားပေးသော အလောင်းဘုရားလမ်း အိမ်ရာအဆင့် (AN) အကွက်အမှတ် ၁၅ ရှိ ပေ(၄၀×၆၀) မြေကွက်၊ မြေကွက်ပါမစ်ကို ဦးပျော့ထံမှဒေါ်ခင်ဝင်းမူမှ ဝယ်ယူခဲ့ပြီး ဒေါ်ခင်ဝင်းမူထံမှ ကျွန်မ ဒေါ်သီတာမြင့်မှ ဆက်လက်လွှဲပြောင်းဝယ်ယူခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်ပါမစ်မှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ မြေကွက်ပါမစ်ကို မရိုးဖြောင့်သောသဘောဖြင့် လက်ဝယ်ကိုင်ဆောင်ပြီး နှောင့်ယှက်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သီတာမြင့်

ဖုန်း-၀၉-၄၉၂၀၈၆၅၀၊ ၀၁-၄၃၀၆၃၆၊ Ext:၁၁၇

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် ဒေါက်တာဝင်းနိုင်ဦး ၇/အတန(နိုင်)၀၁၉၃၅၂ မြို့နယ်ဦးစီးအရာရှိ (မွေး/ကု)ဦးစီးဌာန တောင်ငူမြို့နယ်နှင့် ကျွန်မ မကြည်ကြည်ခိုင် ၇/အတန(နိုင်)၀၀၀၂၄၂ (အထက်တန်းပြ) အထက၊ အုတ်တွင်းမြို့တို့သည် ၂၀၁၄ ခုနှစ် မေ ၁၂ ရက်တွင် တောင်ငူမြို့နယ် ခရိုင်တရားသူကြီး ဦးမောင်မောင်အေး၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးဖြစ်ပါသည်။

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၃၇လမ်း (အလယ်) လမ်း၊ အိမ်အမှတ် ၁၅၆၊ အခန်း ၄တိုက်ခန်းပိုင်ရှင် ဦးကျော်လှထံမှ ဒေါ်ရွှေစင်ဦးမှ ၈-၅-၂၀၁၄ ရက်တွင် စရန်ပေးအရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် သတင်းစာပါကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရွှေစင်ဦး ၁၂/ကတတ(နိုင်)၀၂၂၁၅၉

အမှတ် ၃၉၉၊ မဟာဗန္ဓုလလမ်း၊ (၈)ရပ်ကွက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၆၉၆၁

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

(LL.B), DIP. in Acct.

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၆၉၉ အား အမည်ပေါက် ဦးအေးငွေ(ခ)ဦးအောင်နိုင်ဝင်း ၁၂/ဒဂန(နိုင်) ၀၁၉၁၆၄ မှ ငွေသွင်းချလန်မူရင်းပျောက်ဆုံးသွားပါကြောင်းနှင့် မြေချပါမစ်မပြုလုပ်ရသေးပါသဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

နေပြည်တော်

ဖခင်အမည်မှန်

မောင်အောင်ရွှေ(သတ္တမတန်းအောင်) နှင့် မောင်ရဲရွှေ (နဝမတန်းအောင်)တို့၏ ဖခင်အမည်မှန်မှာ ဦးဆာယိုတီ ဖြစ်ပါကြောင်း။

ဦးဆာယိုတီ

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ရေပေါ်ကြီးကျေးရွာအုပ်စု၊ ပျဉ်းမကုန်းကျေးရွာနေ မခိုင်ဇာကျော်လင်း ၁၄/ပတန(နိုင်)၂၂၀၂၈၄ နှင့် နမ့်ပြုံးမို့မို့ကျော် ၁၄/ပတန(နိုင်)၂၂၀၂၈၆ တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်သူရ ၁၄/ပတန(နိုင်)၀၁၂၀၄၉ ဖြစ်ပါသည်။

ဦးကျော်သူရ

နိုင်ငံတကာအားကစားသတင်း

အက်ဖ်အေဖလားကို အာဆင်နယ်တို့ ကိုင်မြှောက်နိုင်မလား

မိုးမြင့်လင်းလက်

အက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ် လာမယ့် မေ ၁၇ ရက်မှာ အာဆင်နယ်နဲ့ ဟားလ်စီးတီးတို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာရှိတဲ့ ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ကစားတော့မှာဖြစ်ပါတယ်။ ဥရောပလိဂ်ပြိုင်ပွဲတွေမှာ အင်္ဂလန်လိဂ်ပြိုင်ပွဲတွေက စိတ်လှုပ်ရှားစရာအကောင်းဆုံးဖြစ်ပြီး အခုအက်ဖ်အေဖလား ဗိုလ်လုပွဲဟာလည်း ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကို ရသမျိုးစုံပေးစွမ်းဦးမှာ သေချာပါတယ်။ မထင်မှတ်တဲ့ရလဒ်တွေ ထွက်ပေါ်လေ့ရှိတဲ့ အက်ဖ်အေဖလား ဗိုလ်လုပွဲရဲ့ အစဉ်အလာအတိုင်း ဘယ်အသင်းဗိုလ်စွဲမယ်ဆိုတာ ရင်ခုန်သံတွေနဲ့အတူ သက်ပြင်းတွေတဖြာဖြာနဲ့ အားပေးကြရဦးမှာဖြစ်ပါတယ်။

အာဆင်နယ်နဲ့ ဟားလ်စီးတီးတို့ဟာ အစဉ်အလာအရ ပြိုင်ဘက်ကောင်းတွေတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မထင်မှတ်ဘဲ ဟားလ်စီးတီးတို့က ပရိသတ်တွေ အံ့သြစရာ၊ မှင်သက်မိစရာတွေ လုပ်ပြသွားမလားဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်နေပါတယ်။

ဒီနှစ်သင်းတို့ရဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲရောက်အောင် ဖြတ်သန်းခဲ့မှုကိုကြည့်ရင် အာဆင်နယ်တို့က စပါးအသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပြီး ကိုဗင်ထရီကို လေးဂိုးပြတ်နဲ့ ဆက်နိုင်ကာ လီဗာပူးကို နှစ်ဂိုးနဲ့ အနိုင်ယူခဲ့တာမို့ ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့ပါတယ်။

ကွာတားဖိုင်နယ်မှာတော့ အဲဗာတန်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်လာတာဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ဝီဂန်အသင်းကို အချိန်ပိုအထိ တစ်ဂိုးစီသရေပွဲဖြစ်နေတာမို့ ပယ်နယ်တီအဆုံးအဖြတ်နဲ့ လေးဂိုး-နှစ်ဂိုးရလဒ်ကို ဖော်ဆောင်နိုင်ခဲ့တာမို့ အခုလို နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်ခဲ့တာဖြစ်ပါတယ်။

ဟားလ်စီးတီးတို့ကတော့ အက်ဖ်အေဖလား ဒုတိယအဆင့်မှာ မစ်ဒယ်ဘရော့ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူပြီး တတိယအဆင့်မှာ ဆောက်သမ်းအသင်းကို နှစ်ဂိုးပြတ်နဲ့ ဆက်တိုက်အနိုင်ယူကာ စတုတ္ထအဆင့်မှာတော့ ဘရိုက်တန်နဲ့ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ ကျော်ဖြတ်ခဲ့ပါတယ်။ ကွာတားအဆင့်မှာ ဆန်းဒါးလန်းကို သုံးဂိုးပြတ်နဲ့ အနိုင်ယူပြီး အကြိုဗိုလ်လုပွဲမှာတော့ ရှက်ဖီးယူနိုက်တက်အသင်းကို ငါးဂိုး-သုံးဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုလို နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။

ဒီနှစ်သင်းရဲ့ ဆုံတွေ့မှု ခုနစ်ပွဲမှာတော့ ဟားလ်စီးတီးတို့ တစ်ပွဲသာ အနိုင်ရခဲ့ဖူးပါတယ်။ အာဆင်နယ်က ကိုးနှစ်တာ ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ဖို့အတွက် ဒီပွဲမှာ အကောင်းဆုံးပုံစံရရှိအောင် ပြင်ဆင်ပြီး အက်ဖ်အေဖလား ရယူနိုင်ရေး ကြိုးစားမှာသေချာပါတယ်။ အက်ဖ်အေဖလားကို ၂၀၀၃ ခုနှစ်နဲ့ ၂၀၀၅ ခုနှစ်တို့မှာ ရယူခဲ့တဲ့ အာဆင်နယ်ဟာ အက်ဖ်အေဖလားရယူဖူးတဲ့ အစဉ်အလာမရှိတဲ့ ဟားလ်စီးတီးကို ပြတ်သားတဲ့ရလဒ်တွေနဲ့ အနိုင်ယူပြီး ဖလား ကိုင်မြှောက်အောင်ပွဲခံနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဖာဒီနန် မန်ယူမှထွက်ခွာတော့မည်

မန်ယူဝါရင့်ကစားသမားကြီး ဖာဒီနန်အား ၎င်းကလပ်က စာချုပ်သစ်ကမ်းလှမ်းခြင်းမရှိသည့်အတွက် မန်ယူမှနွေရာသီတွင် ထွက်ခွာမည်ဖြစ်သည်။ အသက် ၃၄ နှစ်ရှိ ဖာဒီနန်သည် မန်ယူနှင့်အတူ ၁၂ နှစ်ကြာ ကစားခဲ့ပြီးနောက် မကြာမီ မန်ယူမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။ ၎င်းသည် မန်ယူတွင် အသင်းခေါင်းဆောင်အဖြစ် ကြာမြင့်စွာကစားခဲ့ပြီး ပွဲပေါင်း ၄၅ ပွဲတွင် ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဖာဒီနန်သည် မန်ယူ၏ အဓိကအားထားရသော နောက်တန်းကစားသမားတစ်ဦးဖြစ်ပြီး မန်ယူနှင့်အတူ ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ယူရိုပါလိဂ် ပွဲစဉ်နှင့် လာလီဂါ ရပ်တည်မှု

သီဟ

ယူရိုပါလိဂ် ပွဲစဉ် **မေ ၁၅**

ဆီဗီလာ - ဘင်ဖီကာ နံနက် ၁း၁၅

စပိန်လာလီဂါ ပွဲစဉ်-၃၇ အပြီး ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	အက်သလက်တီကို	၃၇	၂၈	၅	၄	၇၆	၂၅	၈၉
၂	ဘာစီလိုနာ	၃၇	၂၇	၅	၅	၉၉	၃၂	၈၆
၃	ရီးရဲမက်ဒရစ်	၃၇	၂၆	၆	၅	၁၀၁	၃၇	၈၄
၄	ဘီလ်ဘာအို	၃၇	၂၀	၉	၈	၆၆	၃၉	၆၉
၅	ဆီဗီလာ	၃၇	၁၇	၉	၁၁	၆၆	၅၁	၆၀
၆	ဆိုစီဒက်	၃၇	၁၆	၁၁	၁၀	၆၁	၅၃	၅၉
၇	ဗီလာရီးရဲလ်	၃၇	၁၆	၈	၁၃	၅၈	၄၃	၅၆
၈	ဆယ်လ်တာဗီဂို	၃၇	၁၄	၇	၁၆	၄၈	၅၂	၄၉
၉	လီဗန်တေး	၃၇	၁၂	၁၂	၁၃	၃၅	၄၂	၄၈
၁၀	ဗလင်စီယာ	၃၇	၁၂	၁၀	၁၅	၄၉	၅၂	၄၆
၁၁	ဗယ်လက်ကာနို	၃၇	၁၃	၄	၂၀	၄၅	၇၈	၄၃
၁၂	အက်စ်ပန်ညို	၃၇	၁၁	၉	၁၇	၄၀	၄၈	၄၂
၁၃	မာလာဂါ	၃၇	၁၁	၉	၁၇	၃၈	၄၆	၄၂
၁၄	အယ်လ်ချီ	၃၇	၉	၁၃	၁၅	၂၉	၄၇	၄၀
၁၅	အယ်လ်မာရီးယား	၃၇	၁၁	၆	၂၀	၄၃	၇၁	၃၉
၁၆	ဂီတာဖေး	၃၇	၁၀	၉	၁၈	၃၃	၅၃	၃၉
၁၇	ဂရန်နာဒါ	၃၇	၁၁	၅	၂၁	၃၁	၅၆	၃၈
၁၈	အိုဆာဆူနာ	၃၇	၉	၉	၁၉	၃၀	၆၁	၃၆
၁၉	ဗယ်လာဒိုလစ်	၃၇	၇	၁၅	၁၅	၃၈	၅၉	၃၆
၂၀	ဘက်တစ်	၃၇	၆	၇	၂၄	၃၅	၇၆	၂၅

ကျူပီအာနှင့် ဒါဘီ ပရီမီယာလိဂ်တက်လာနိုင်

ကျူပီအာနှင့် ဝီဂန်ချန်ပီယံရှစ် Play-off ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ကျူပီအာက နှစ်ကျော့ပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ၍ မေ ၂၄ ရက်တွင် ဒါဘီနှင့် ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ ကျူပီအာနှင့် ဒါဘီ အနိုင်ရသောအသင်းသည် ပရီမီယာလိဂ် တန်းတက်သုံးသင်းအနက် တစ်သင်းဖြစ်လာမည်ဖြစ်သည်။ သို့သော်လည်း ဘရိုက်တန်ကို နှစ်ကျော့ပေါင်း ခြောက်ဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး တက်လာသော ဒါဘီကို ကျူပီအာတို့ အနိုင်ရရန် ခက်ခက်ခဲခဲကစားရလိမ့်မည်ဖြစ်သည်။

စဉ့်ကိုင်မြို့နယ် ကျေးရွာ ၁၅ ရွာ၌ ကျေးလက်မူကြိုကျောင်းများဖွင့်မည်

ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသများတွင် ကျေးလက် မူကြိုပညာသင်ကျောင်းများ ဖွင့်လှစ်ရန် ကျေးရွာ ၁၅ရွာက အဆိုပြုထားကြောင်း သိရသည်။

"အခုလောလောဆယ် မီးသွေးဘုတ်ကျေးရွာ၊ ရွာဟောင်းကုန်းကျေးရွာ၊ ဟင်းငုကျေးရွာ၊ ဆီဆုံကျေးရွာ၊ သပြေရိုးကျေးရွာ၊ ကန်တွင်းကျေးရွာ၊ ကတိုးကျေးရွာ၊ တပ်ကြီးကျေးရွာ၊ သင်တောင်းကျေးရွာ၊ ပလိပ်ဘူးတာရွာ၊ နတ်ရေကန်ကျေးရွာ၊ ဇော်ဂျီကျေးရွာ၊ ကြက်လျှာကျေးရွာ၊ မြောက်ကိုင်းကျေးရွာနဲ့ ထန်းတောကျေးရွာ စုစုပေါင်းကျေးရွာ ၁၅ ရွာမှာ ဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။ ကျေးရွာအလိုက် ကျောင်းသား ၃၀ ဦးလျှင် ဆရာ ဆရာမနှစ်ဦးနှုန်းနဲ့ ဒေသခံလူငယ်လူရွယ်တွေထဲကတက္ကသိုလ်ဘွဲ့ရ ဆရာ ဆရာမတွေရွေးချယ်ထားပြီး သင်တန်းပေးလျက်ရှိပါတယ်။ ဒီပညာရေးစနစ်က ဒေသတွင်းမှာရှိတဲ့ အသက်၃နှစ်မှ ၅ နှစ်အတွင်းကလေးသူငယ်တွေအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ အခုလိုကျောင်းအခြေပြုမူကြိုပညာရေးသင်ကျောင်း ဖွင့်လှစ်ဖို့အတွက် လိုအပ်တဲ့ အဆောက်အအုံ၊ ပရိဘောဂနဲ့ဆရာ ဆရာမများ လစာထောက်ပံ့မှုအတွက် ကုန်ကျစရိတ်တွေကို ရပ်ရွာကကိုယ့်အစီအစဉ်နဲ့ကိုယ် အကုန်အကျခံဖွင့်လှစ်မှာဖြစ်ပါတယ်။ လိုအပ်တဲ့ ပြင်ဆင်မှုတွေကို လည်းသက်ဆိုင်ရာ ကျေးလက်ကျောင်းများမှာ ကြိုတင်လုပ်ဆောင်နေပါပြီ။ လာမယ့် ဇွန်လကျောင်းဖွင့်ချိန်မှာ မူလတန်းကျောင်းသားများနည်းတူ ကျောင်းအပ်လက်ခံပြီး ကျေးလက်မူကြိုပညာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားသွားမှာဖြစ်ပါတယ်။ အခုလို စီစဉ်ရတာကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ အရင်ကလို မြို့ကြီးတွေမှာသာမက ကျေးလက်ဒေသများမှာပါ အိမ်မှာရှိတဲ့အလုပ်လုပ်နိုင်သူအားလုံး စက်ရုံ အလုပ်ရုံတွေမှာ အလုပ်ဝင်လုပ်လာကြပါတယ်။ ဒီအခါ အိမ်မှာရှိတဲ့ ရင်ခွင်ပိုက်မဟုတ်တဲ့အသက် သုံး နှစ်မှ ငါးနှစ်အတွင်း ကလေးငယ်တွေအတွက် ထိန်းသိမ်းဖို့ လိုအပ်လာပါတယ်။ မြို့ကြီးအချို့မှာတော့ မူကြိုကျောင်းတွေ ပုဂ္ဂလိကပိုင်အနေနဲ့ ဖွင့်လှစ်လာကြပါတယ်။ တစ်ကျောင်းနဲ့ တစ်ကျောင်း ဂုဏ်တုဂုဏ်ပြိုင်လုပ်ဆောင်ကြရင်းက အချို့မြို့တွေမှာ မူကြိုကျောင်းနှစ်နှစ်တက်ပြီးရင် မူကြိုဘွဲ့တွေဘာတွေပေးတဲ့အထိ မိဘတွေကို စိတ်ဝင်စားအောင် လုပ်ဆောင်လာကြတာကို တွေ့ရပါတယ်။ အချို့မြို့တွေမှာတော့ မူကြိုအဆင့်နဲ့မကိုက်ညီတဲ့သင်ကြားမှုတွေ၊ ဘာသာခြားစကားတွေ သင်ကြားတဲ့အထိ ချဲ့ထွင်လာကြတာကိုတွေ့ရပါတယ်။ အမှန်က အသက် သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးအရွယ်တွေမှာ စာပေအရေးအဖတ်တွေ သင်ကြားခွင့် မပြုပါဘူး။ သူတို့ရဲ့ဦးနှောက်ဟာ အဲ့ဒီလောက်မရင့်ကျက်သေးပါဘူး။ သူတို့ကိုမိဘဆွေမျိုးအသိုင်းအဝိုင်း မဟုတ်တဲ့ပတ်ဝန်းကျင်မှာ အဖွဲ့အစည်းနဲ့ နေတတ်ထိုင်တတ်အောင် သင်ကြားပေးရမှာဖြစ်ပါတယ်။ အများနဲ့စုပေါင်း ကစားရတဲ့ကစားနည်းလေးတွေသင်ကြားပေးရပါမယ်။ သီးသန့်အိပ်ချိန်ပေးရပါမယ်။ စုပေါင်းစားသောက်တတ်တဲ့ အလေ့အကျင့်တွေ ပျိုးထောင်ပေးရပါမယ်။ လွတ်လပ်စွာဆော့ကစားနိုင်တဲ့ ကစားကွင်းလေးတွေဖန်တီးပေးရပါမယ်။ကြက်တူရွေးစာအံသလို လွယ်ကူတဲ့ ကဗျာလင်္ကာလေးတွေ၊ တေးသီချင်းလေးတွေသီဆိုတတ်အောင် လေ့ကျင့်ပေးရပါမယ်။ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုတွေ၊ လွယ်ကူတဲ့ အကနည်းစနစ်တွေကို သင်ကြားပေးရပါမယ်။ ဒီလိုစနစ်တကျပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ကလေးတွေရဲ့ဦးနှောက်ဖွံ့ဖြိုးလာမှုနဲ့အတူ မူကြိုကနေမူလတန်းအဆင့် ပညာရေးကိုကူးပြောင်း သင်ကြားတဲ့အခါ အခက်အခဲမရှိဘဲ ထူးချွန်ထက် မြက်တဲ့ကလေးတွေ ဖြစ်လာတာတွေ့ရပါတယ်။ အခုလို မူကြိုပညာရေးကို တက်ရောက်ခွင့်မရဘဲ အသက် ၅ နှစ်ပြည့်မှ ကျောင်းနေရတဲ့ ကျေးလက်ဒေသ ကလေးငယ်တွေဟာ ကျောင်းစ နေစဉ်အခါမှာ တော်တော်နဲ့ အသားမကျနိုင်တာကို တွေ့ရပါတယ်။ တချို့ဆိုကျောင်းကြောက်တဲ့ ရောဂါရလာ ကြတာ တွေ့ရပါတယ်။ ပညာရေးဆုံးခန်းတိုင်အောင် မသင်ဘဲ ကျောင်းထွက်သွားကြတာ တွေ့ရတယ်။ မူကြိုနေခဲ့ဖူးတဲ့ကျောင်းသားတွေမှာတော့ ဒါမျိုးအဖြစ် နည်းတာ တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းအခြေပြု မူကြိုပညာရေးစနစ်အကောင်အထည်ဖော်နိုင်ဖို့အတွက် တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးနေကြပါတယ်"ဟု မူလတန်းကျောင်းအုပ်ဆရာမကြီးတစ်ဦးက ရှင်းလင်းပြောပြသည်။

> ဒီပညာရေးစနစ်က ဒေသတွင်းမှာ ရှိတဲ့အသက် သုံးနှစ်မှ ငါးနှစ်ကလေး သူငယ်တွေအတွက် ရည်ရွယ် . . .

အောင်မင်း(စဉ့်ကိုင်)

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အမှားများနေသော 'စ' နှင့် 'ဆ'

မြန်မာစာအရေးအသားနှင့်ပတ်သက်၍ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က သတင်းစာများတွင် အစဉ်တစိုက်ရေးသားလျက်ရှိသဖြင့် ဆရာကြီးအား ကျေးဇူးအထူးတင်မိပါသည်။ အမှားများကို ရေးသားသူများနေပါက လူအများ အထူးသဖြင့် လူငယ်များ အမှားကို အမှန်ဟု ထင်ပြီး အရိုးစွဲသွားမည်ကို အလွန်စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

ယခုတလော စာရေးသူဖတ်သည့်ဆောင်းပါးများ၊ သတင်းများနှင့်ကြော်ငြာများတွင် 'စ'နှင့် 'ဆ'ကို မိမိတို့၏ အသံထွက်များအတိုင်း စာလုံးပေါင်းသတ်ပုံမှားပြီး ရေးနေကြသည်ကို စာနယ်ဇင်းအချို့၌ တွေ့ရှိနေရပါသည်။ မူလက 'ဆ'နေရာတွင် 'စ'နှင့် မှားပြီး အသံထွက်ရာမှ (ဥပမာ-ဆားကိုစား) 'ဆ'ဖြင့်ရေးရမည့် စာလုံးပေါင်းတွင် 'စ'ဖြင့်ရေးကြရာမှ ယခုအခါတွင် 'စ' နှင့် 'ဆ'ကို အပြန်အလှန်မှားပြီး ရေးသားလျက်ရှိကြပါသည်။ ထို့ကြောင့် လူငယ်များလိုက်လံမမှားကြစေရန်၊ အမှန်သို့ပြင်နိုင်ရန် စာရေးသူ မှတ်သားထားသည့်အမှားအချို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

အမှား	**အမှန်**
သိန်းတစ်ထောင်**စု**ပေါက်ရင်	သိန်းတစ်ထောင်**ဆု**ပေါက်ရင်
ဆေးရုံအုပ်ကြီး**စီ** တင်ပြတောင်းခံ	ဆေးရုံအုပ်ကြီး**ဆီ** တင်ပြတောင်းခံ
အရေခွံကို **စုတ်**သည်	အရေခွံကို **ဆုတ်**သည်
ရွှေရင်**စို့**	ရွှေရင် **ဆို့**
ပိတ်**စို့**အရေးယူ	ပိတ်**ဆို့**အရေးယူ
စွန့်အ နားမကြား	**ဆွံ့**အနားမကြား
စမ-အမှတ်	**ဆမ**-အမှတ်
လိုရာ**စွဲ**မေး	လိုရာ**ဆွဲ**မေး
ကော်ဖီ**စိမ့်စိမ့်**လေး	ကော်ဖီ**ဆိမ့်ဆိမ့်**လေး
စိတ်ထဲမှာ **ဆိုး**ရွံ့	စိတ်ထဲမှာ **စိုး**ရွံ့
သွေးတွေ **ဆီး**ကျလာ	သွေးတွေ **စီး**ကျလာ
ရင်ထဲမှာ တ**ဆစ်ဆစ်**နာ	ရင်ထဲမှာ တ**စစ်စစ်**နာ
ရိုင်းပျ **ဆော်**ကားလွန်း	ရိုင်းပျ **စော်**ကားလွန်း
အအေးပေးစနစ်များ ပျက်**ဆီး**ခဲ့	အအေးပေးစနစ်များ ပျက်**စီး**ခဲ့
အသစ်**ဆက်ဆက်**	အသစ်**စက်စက်**
တပ်**ဆွဲ**ထား	တပ်**စွဲ**ထား
အဝါပေါ်မှာ အနက်**ဆင်း**	အဝါပေါ်မှာ အနက်**စင်း**
ဝိုင်းဝိုင်း**ဆက်ဆက်**	ဝိုင်းဝိုင်း**စက်စက်**
ဗိုလ်**ဆွဲ**သည်	ဗိုလ်**စွဲ**သည်

တက္ကသိုလ်ဆရာတစ်ဦး

SKYWALK SHOPPING MALL ဖွင့်

မန္တလေး မေ ၁၃

Skywalk Shopping Mall ဖွင့်ပွဲအခမ်းအနားကို မေ ၁၀ရက် နံနက်၉နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် ၇၈လမ်းခွဲနှင့် ၃၄လမ်းထောင့် ရတနာပုံစူပါစင်တာရှေ့ မျက်နှာစာ၌ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းတက်ရောက်ချီးမြှင့်သည်။

Skywalk Shopping Mall ၌ ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖွင့်လှစ်ထားရှိပြီး ပြည်တွင်းနှင့်နိုင်ငံခြားဖြစ် အဝတ်အထည်ဒီဇိုင်းမျိုးစုံ၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများ၊ Fancy ပစ္စည်းများ၊ အစားအစာ ရောင်းချသည့်ဆိုင်များပါဝင်သည်။

တင်မောင်(မန္တလေး)

အများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ မကာအိုခမ်းရပ်၊ အမှတ် ၅/၃၄ နေ ဦးစိုင်းဝန်းကျောက် ၁၃/တခလ(နိုင်)၀၅၁၆၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

တာချီလိတ်မြို့ရှိ မြန်မာ့တိုးနယားကုမ္ပဏီလီမိတက်ပိုင် မြေကွက်အမှတ်(C_1)၊ မြေကွက်ငယ်အမှတ်(02)၊ ဧရိယာစတုရန်းပေ ၂၄၀၀ ရှိ မြေကွက်ကို ၂၅-၅-၂၀၁၀ရက်တွင် မြန်မာ့တိုးနယားကုမ္ပဏီပိုင်ထံမှ ဦးစိုင်းဝန်းကျောက်က ဝယ်ယူလက်ရှိ ပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရန်အတွက် ဆောင်ရွက်ရာ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အရောင်းအဝယ်စာချုပ်အသစ် ပြန်လည်ပြုလုပ်ရန်နှင့် မိမိအမည်သို့ တရားဝင်အမည်ပေါက် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ကြော်ငြာထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော်ဦး (စဉ-၆၉၂၈/၀၁) **ဦးမောင်မောင် (၄၁၈၅၅/၁၃)** **ဦးသော်ဝင်းနိုင် (၄၂၂၃၃/၁၃)**

တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**

အမှတ် ၁၅/၈၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၅၂၄၀၄၉၈၊ ၀၈၁-၂၀၁၁၃၄

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် ၄၊ သုတ ၇ လမ်း၊ မြေကွက်အမှတ် ၃၇၂-ကဟုခေါ်တွင်သည့် နှစ် ၆၀ မြေငှားဂရန်တွင် ဦးချစ်မောင်-ဒေါ်စန်းစန်းမြင့်တို့မှ ပူးတွဲအမည်ပေါက် အလျားပေ၆၀×အနံပေ ၂၀၊ ဧရိယာစတုရန်းပေ ၁၂၀၀ မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသည့် ဦးချစ်မောင်ပိုင်ဆိုင်သည့်အခြမ်းရှိ မြေကွက်အလျားပေ ၆၀×အနံ ၁၀ ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဦးချစ်မောင်မှာ ၄-၃-၂၀၁၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ကလေးမမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်စိုး (စဉ-၁၆၇၃၇)
B.A(Hist:), M.A(Q)II, H.G.P, D.B.L, D.M.L, D.A.Psy, B.D.S 4/2001
စီးပွားရေးနှင့်ဥပဒေရေးရာအကြံပေးဥပဒေအကျိုးဆောင်
အိမ်-အမှတ် ၈၄၄-ခ၊ စာဂ ၁၆လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၂၀၈၅၁၃၊ ၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၁၇၁၉၂၅၊ ၀၉-၃၁၂၆၁၉၈၀

ဒေါ်ဥမ္မာမြင့် (စဉ-၈၃၅၁)
LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
ရုံး-အမှတ် ၉၉၉၊ သစ္စာလမ်း၊ (ဥပဒေရုံးအနီး)၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၆၃၃၊ မြေကွက်တည်နေရာအမှတ် ၆၃၃၊ စံပယ်လမ်း၊ ရွှေပြည်သာမြို့နယ် ဦးကျင်သန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျင်သန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းကျော်သူ ၁၂/ဥကမ(နိုင်)၀၀၁၉၄၂မှ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တင်ပြထားသောပါမစ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် အိမ်ထောင်ဦးစီးဇယားမပါရှိ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၆၈၊ မြေကွက်တည်နေရာအမှတ် ၆၈၊ ဇရာဝဏ်လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင့်ဆွေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင့်ဆွေ (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သောင်းကြည် ၁၂/သကတ(နိုင်)၀၈၁၈၅၂ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ F ၂၊ မြေကွက်အမှတ် ၇၊ မြေကွက်တည်နေရာအမှတ် ၁၀၊ သရက်တော ၁လမ်း (ကိုအေးဖေ)အမည်ပေါက် သုံးလပတ်မြေငှားဂရန်မြေအား အမည်ပေါက် ဦးအေးဖေနှင့်ဇနီး ဒေါ်စိန်နု ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်လှ ၁၂/ကမတ(နိုင်)၀၃၈၇၇၉ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၄၀၀၊ မြေကွက်တည်နေရာ ၄၀၀၊ ပင်းယ ၁၄ လမ်း၊ (၅)ရပ်ကွက် (ဦးထွေး)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဦးထွေးနှင့်ဒေါ်သိန်း) ကွယ်လွန်ပါသဖြင့် ဒေါ်စန်းစန်းရီ ၁၂/ဥကတ(နိုင်)၀၇၄၇၄၅ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၆၇၊ မြေကွက်တည်နေရာအမှတ် ၇၀၊ က/၂လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန် ဒေါ်ပြုံးပြုံးကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ပြုံးပြုံးကြည်(ကွယ်လွန်)၊ ခင်ပွန်း ဦးမျိုးဟန် ကွယ်လွန်သဖြင့် (၁) ဒေါ်ရီရီချို ၁၂/ အစန(နိုင်)၀၀၈၉၅၃၊ (၂) ဦးထွန်းလင်း ၁၂/အစန(နိုင်)၁၅၇၅၁၉၊ (၃) ဦးအောင်နိုင်မျိုး ၁၂/အစန(နိုင်)၀၀၈၉၆၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၄/ခ၊ မြေကွက်တည်နေရာအမှတ် ၄/ခ၊ ရန်ပြေ ၂၂ လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးတင်သန်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်သန်း DBN-၀၀၂၀၀၈ က ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရန်ကုန်-မန္တလေးအမြန်လမ်း နေပြည်တော်အဝင်တိုးဂိတ်အနီး ယာဉ်ကြံ့ခိုင်မှုစစ်ဆေး

နေပြည်တော် မေ ၁၃

ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းစေရေးနှင့် ခရီးသွားပြည်သူများ စိုးရိမ်ကြောင့်ကြမှု နည်းပါးစေရေးအတွက်ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်အဝင်တိုးဂိတ်အနီးတွင် မော်တော်ယာဉ်ကြံ့ခိုင်မှုများ စစ်ဆေးလျက်ရှိသည်။

စစ်ဆေးရေးအဖွဲ့တွင်နေပြည်တော်အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများ၊ အမြန်လမ်းရဲတပ်ဖွဲ့ (ပလွေး)၊ နေပြည်တော်အမြန်လမ်းမီးသတ်တပ်ဖွဲ့၊ နေပြည်တော်တိုးဂိတ်တာဝန်ခံ (စက်မှု/ပြင်ထိန်း)တို့ ပူးပေါင်း ပါဝင်ပြီး မေ ၁၀ ရက် ညပိုင်းက ခရီးသယ်တင် Express ကားကြီးများ ကိုယ်ပိုင်မော်တော်ယာဉ်ငယ်များကို ယာဉ်မောင်းလိုင်စင်၊ ယာဉ်မောင်း အကူလိုင်စင်၊ ကားလိုင်စင်၊ မီးသတ်ဆေးဘူးများ၊ ကားကြံ့ခိုင်မှုနှင့်ကားဘီးများကို အဓိက စစ်ဆေးဆောင်ရွက်ကြောင်း တွေ့ရသည်။

ကိုယ်ပိုင်ကားများ၏ တာယာများ ကြံ့ခိုင်မှုလျော့နည်းခြင်းစစ်ဆေးတွေ့ရှိရပါက နေပြည်တော်မှခရီးဆက်မည့်ကားများကို ဂိတ်အနီးတွင် အကူတာယာများလဲလှယ်အသုံးပြုစေသည်။ အမြန်လမ်းစစ်ဆေးရေးဂိတ်တွင် အစစ်ဆေးခံသူ ဝန်ထမ်းတစ်ဦးက " ကျွန်တော်တို့ ဒီလို စစ်ဆေးတာကိုကြိုက်ပါတယ်။ အမြန်လမ်းအသုံးပြုနေတဲ့ အစိုးရဝန်ထမ်းတွေ၊ ပြည်သူတွေက အမြန်လမ်းမကြီးပေါ်မှာ ယာဉ်မတော်တဆမှုသတင်းတွေ တွေ့နေရတဲ့အတွက် အမြန်လမ်းအသုံးပြုရမှုအပေါ် စိုးရိမ်ကြောင့်ကြစိတ်ဖြစ်ရပါတယ်။ အခုလို စစ်ဆေးမှုတွေလုပ်ပေးနေတဲ့အတွက်ဖြစ်လာနိုင်တဲ့အန္တရာယ်တွေ လျော့ပါးသွားနိုင်ပါတယ်"ဟု ပြောသည်။ ဆက်လက်၍ ယာဉ်မောင်းတစ်ဦးကလည်း "ခရီးသည်တင် Express ကားတွေက နေ့စဉ်ကိုယ့်ကားကို ဆီ၊ ရေ၊ လေ၊ ဝိုင် စစ်ဆေးလုပ်နိုင်တာ မှန်ပါတယ်။ အိမ်စီးမော်တော်ကားများအတွက်ကတော့ အကြောင်းကြောင်းကြောင့် ချက်ချင်းအလျင်စလိုထွက်ခဲ့ကြရတဲ့ ခရီးတွေရှိနေမှုကြောင့် ကိုယ့်ကားတာယာ၊ ယာဉ်ကြံ့ခိုင်ရေးကို စစ်ဆေးမှု မပြုနိုင်ခဲ့ပါဘူး။ ယခုလိုစစ်ဆေးရေးဂိတ်များမှာ စစ်ဆေးနေတဲ့အတွက် နောက်နောင် အမြန်လမ်းအသုံးပြုမယ်ဆိုရင် ကိုယ့်ကားကြံ့ခိုင်မှု စစ်ဆေးရမှာကို သွယ်ဝိုက်သောနည်းဖြင့် အသိပေးဆောင်ရွက်မှုဖြစ်ပေါ်စေပါတယ်"ဟုပြောသည်။

စစ်ဆေးရေးဂိတ်မှ ယာဉ်မောင်းလိုင်စင်၊ ယာဉ်စာရွက်စာတမ်းများ အစရှိသော စည်းကမ်းချက်များနှင့် မကိုက်ညီသော မော်တော်ယာဉ်များကို အရေးယူမှုများ ပြုလုပ်မည်ဖြစ်ပြီး အရေးယူခံရသူများသည်နေပြည်တော် ဒက္ခိဏတရားရုံးတွင်ဒဏ်ကြေးငွေကျပ် ၁၅၀၀ ပေးဆောင်ရမည်ဖြစ်သည်။

ယခုကဲ့သို့ စစ်ဆေးမှုများကို ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုမေလအတွင်း အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးရာတွင် နေ့စဉ် ပျမ်းမျှသုံးမှုလေးမှုအထိရှိနေကြောင်း၊ အရေးယူခံရသူများတွင် သင်မောင်းလိုင်စင်အသုံးပြုမောင်းနှင်နေသူများ၊ သတ်မှတ်လိုင်စင် မဟုတ်ဘဲ မောင်းနှင်သူများကို စစ်ဆေးတွေ့ရှိရကြောင်းသိရသည်။ **ကိုမျိုး(ရွှေပေါက္ကံ)**

ဓမ္မဝိဟာရကျောင်းတော်ကြီးတည်ဆောက်ရန် လှူဒါန်း

နေပြည်တော် မေ ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၆၆)သင်တန်းဆင်း လေးနှစ်ပြည့်အထိမ်းအမှတ် သင်တန်းဆင်းညီနောင်များက နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် နန်ချွန်ကျေးရွာရှိ အေးမြသာယာကျောင်းအတွင်း ဓမ္မဝိဟာရကျောင်းတော်ကြီးတည်ဆောက်ရန် အလှူငွေလှူဒါန်းခြင်းကို မေ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုရဲအုပ်လောင်း အမှတ်စဉ်(၆၆)သင်တန်းအမှတ်စဉ်မှ သင်တန်းဆင်းတစ်ဦးဖြစ်သည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)နေပြည်တော်မှ ဒုရဲအုပ်ရဲလင်းထိုက်က လှူဒါန်းရခြင်းအကြောင်းအရာများကို လျှောက်ထားတင်ပြပြီး နန်ချွန်ကျေးရွာ အေးမြသာယာကျောင်းဆရာတော် ဦးကောဝိဒထံမှ ငါးပါးသီလခံယူတော်မူပြီး ဆရာတော်ထံ ဓမ္မဝိဟာရကျောင်းတော်ကြီးတည်ဆောက်ရန်အတွက် နဝကမ္မအလှူငွေကျပ် ၃၅၀၀၀၀နှင့် ဆွမ်းဆန်တစ်အိတ်၊ ဆီ ငါးပိသီဿာတို့ကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်က အနုမောဒနာတရားချီးမြှင့်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ ယနေ့ကျင်းပသော လှူဒါန်းပွဲတွင် ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၆၆)မှ သင်တန်းဆင်း ဒုရဲအုပ်များ စုပေါင်းလှူဒါန်းခြင်းဖြစ်ကာ နောင်နှစ်များတွင်လည်းသင်တန်းဆင်းအထိမ်းအမှတ်နှစ်များပြုလုပ်ကာ လှူဒါန်းသွားမည်ဖြစ်ကြောင်း လှူဒါန်းပွဲဖြစ်မြောက်ရေးစီစဉ်သူ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)မှ ဒုရဲအုပ်ရဲလင်းထိုက်က ပြောကြားသည်။ **(အပေါ်ပုံ)** **မင်းမင်းလတ်(ရုပဗေဒ)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ စာမူများဖိတ်ခေါ်

ရန်ကုန် မေ ၁၃

၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ ချစ်စဖွယ်ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းမြှင့်တင်မှုများ၊ နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်မှုများ၊ တာဝန်ကျေပွန်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု စသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရေးသား၍ နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာ လေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်ပါသည်။

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံတစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင် ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို ပြိုင်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ၂၀၁၄ ခုနှစ် ဇွန် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နောင်ချိုမြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးတိုးတက်စေမည့် ကျောက်ခင်းလမ်း ခင်းကျင်းပြီးစီး

နောင်ချို မေ ၁၃

နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အုမ္မခါးကျေးရွာအုပ်စု အုမ္မခါး-ပင်တီးကျေးရွာကျောက်ခင်းလမ်းမှ ကတ္တရာလမ်းခင်းကျင်းခြင်းအရှည် တစ်မိုင်နှင့်ဘန့်ဘွေးကျေးရွာအုပ်စု ဘန့်ဘွေး-ဂန့်ဂေါလမ်း အရှည် ၄ မိုင် ၅ ဖာလုံကို မြေသားလမ်းမှကျောက်ခင်းလမ်းသို့ အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးသွားပြီဖြစ်၍ ဒေသခံကျေးလက်ပြည်သူများ ရာသီမရွေး လမ်းကိုအသုံးပြုနိုင်တော့မည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များအတွက် များစွာအထောက်အကူပြုစေတော့မည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ဒုတိယအကြိမ်မြောက်
ရွှေသိန်းသန်းဓမ္မာစရိယသင်တန်းကြီးဖွင့်လှစ်မည်

ပေါက်စေတီကျောင်းတိုက်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ဂုဏ်ပြုပူဇော်သောအားဖြင့် ကျေးဇူးတော်ရှင် ဘုန်းဘုရားကြီး ဘဒ္ဒန္တဝိဇ္ဇာစရ (ဘိုးပေါက်ဆိန်)နှင့် ပေါက်စေတီဆရာတော်ကြီး ဘဒ္ဒန္တသုမိတ္တာဘိဝံသမထေရ်မြတ်ကြီးတို့၏ မေတ္တာရိပ်ကိုခိုလှုံလျက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ပေါက်စေတီကျောင်းတိုက်ကြီး၌ ဓမ္မာစရိယ (စာချ)တန်းဝင် အရှင်မြတ်များအတွက် 'ဒုတိယအကြိမ်-ရွှေသိန်းသန်း ဓမ္မာစရိယသင်တန်းကြီး'ကို ၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက် (၁၃-၇-၂၀၁၄ရက်)မှစ၍ ၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက် (၆-၁၀-၂၀၁၄ရက်)အထိ ဝါတွင်းကာလ၌ ဓမ္မဒါနအဖြစ် ဖွင့်လှစ်သင်ကြားပို့ချပေးပါမည်။

သင်ကြားပို့ချပေးတော်မူမည့် ဆရာတော်များမှာ ပေါက်စေတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိက၊ ပေါက်စေတီစာချ ဦးသူရိယ၊ ဆရာကြီးဦးရွှေမင်းလွင် (ရွှေညဝါဒီကမ္ဘိက ရွှေညဝါ ဦးသုန်)တို့ဖြစ်ကြသည်။ သင်တန်းတက်လိုသောပုဂ္ဂိုလ်များသည် ပေါက်စေတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသိရီမထေရ်မြတ် ဖုန်း-၀၁-၆၆၀၁၄၈၊ ၀၉-၈၅၃၄၅၃၀၊ ၀၉-၄၃၃၃၆၆၉၊ ပေါက်စေတီဂဏဝါစက ဦးနန္ဒာသိရီ ၀၉-၄၃၀၅၃၅၈၁၊ ၀၉-၈၆၁၃၉၅၃၊ သင်တန်းဥက္ကဋ္ဌ ဥပါသကာကြီး ဦးသန်းမြင့် ဖုန်း-၀၉-၇၃၂၄၃၇၂၂၊ သင်တန်းအတွင်းရေးမှူး ဦးမောင်မောင်ဆွေ ဖုန်း-၀၉-၄၃၁၇၁၁၄၈ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၁၅၉၁၈ Lifan-150 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း ၈/မကန(နိုင်)၁၂၈၂၇၇က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၆၀၂၉၆ Jailing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ထွန်း ၅/ကသန(နိုင်)၀၄၉၈၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၃လမ်း၊ အမှတ် ၅၀၇ နေ ဦးကိုကိုဦး ၁၂/ဥကတ(နိုင်)၁၀၈၀၆၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၃လမ်း၊ အမှတ် ၅၀၇ ဟုခေါ်တွင်သော မြေဧရိယာ(ခန့်မှန်း ၂၄၀၀)ပေ၊ အလျားပေ၄၀×အနံပေ ၆၀ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား နှစ် ၆၀ မြေငှားဂရန်အမည်ပေါက် ဒေါ်ကြူကြူကွယ်လွန်၍ ၎င်း၏ခင်ပွန်း ဦးခင်ရှူ့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုဦးမှ အထွေထွေကိုယ်စားလှယ်လွှဲစာရယူပြီး ၂၇-၆-၂၀၁၀ရက်တွင် **နှစ်ဦးသဘောတူ မြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်**ကို ပြုလုပ်ချုပ်ဆိုပြီး ယနေ့အချိန်ထိ ဥပဒေအရ တရားဝင်လက်ရောက်၊ လက်ဝယ်ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေမှ ၎င်းဝယ်ယူပိုင်ဆိုင်နေထိုင်သည့် အထက်ဖော်ပြပါအိမ်ခြံမြေပေါ်၌ ကန်ထရိုက်တိုက် ဆောက်လုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုဦးမှ ၎င်းပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေပေါ်၌ ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ	
ဦးကိုကိုဦး	ဒေါ်ဥမ္မာအောင်	ဒေါ်သန္တာဦး
၁၂/ဥကတ(နိုင်)၁၀၈၀၆၅	(စဉ်-၈၂၅၁)	(စဉ်-၃၁၈၆၂)
	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(၈၄/က)၊ တကောင်း ၅လမ်း၊
(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၃၁၇၅၆၁၅၊ ၀၁-၈၅၀၀၂၉၅၊ ၀၉-၉၁၀၁၈၄၀၉၊ ၀၉-၂၅၆၂၉၆၉၅၉၊ ၀၉-၃၁၃၁၄၉၄၆
ဒေါ်စန္ဒီအေး (စဉ်-၄၀၉၄၈) အထက်တန်းရှေ့နေ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၂၈၂၇၇၊ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဦး ၉/မနမ(နိုင်)၁၀၅၂၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆စီ၊ မြေကွက်အမှတ် V ၁၅၀၊ မြေကွက်တည်နေရာအမှတ် ၆၀၊ အုန်းပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် K.Y.A Chettyar Firm အမည်ပေါက် စက္ကူတာမြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားမကြီးမှု အမှတ် ၃၅၉(၂၅-၉-၂၀၁၃)ရန်ကုန်အနောက်ပိုင်းခရိုင် တရားမဇာရီမှု ၁၀၄/၁၃ တင်ပြ၍ ဒေါ်စောယုမွန်(ဘိလစ်) ၁၂/သကတ(နိုင်) ၁၄၅၃၁၇ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် မေ ၁၃

၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည် ဖြစ်ပါသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀×၁၄)လက်မ တစ်မျိုးတည်းသော ပါဝင်ယှဉ်ပြိုင်ရမည်။ ပုံအရေအတွက် အကန့်အသတ်မရှိပေးပို့ ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်သည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း၊ မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆုနှင့်အထူးဆုများ ရွေးချယ်မည်ဖြစ်ပြီး ဆုများကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ချီးမြှင့်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မီးဘေးကြိုတင်ကာကွယ်တားဆီးရေး သရုပ်ပြလေ့ကျင့်မှုကို မေ ၁၁ရက်က ထားဝယ်မြို့ စည်ပင်သာယာရေးဈေးကြီးအတွင်း ပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့်သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၁၅ဦးတို့ ပူးပေါင်းသရုပ်ပြလေ့ကျင့်မှုကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင် လာရောက်ကြည့်ရှုစစ်ဆေးစဉ်။

(ခရိုင် ပြန်/ဆက်)

သီပေါမြို့ ကမ်းနားလမ်း ရေကာတာတည်ဆောက်

သီပေါ မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ကမ်းနားလမ်း (ရွှေညောင်ပင်လမ်း) တစ်လျှောက် ဒုဋ္ဌဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကာ မြို့ဧရိယာနှင့်ကားလမ်းထိခိုက်ပျက်စီးသွားသဖြင့် ဆက်လက်၍ရေတိုက်စားခြင်းမှ ကာကွယ်ရန် အရှည်ပေ ၈၀၀ ကျော်ရှိ ရေထိန်းနံရံရေတားဆည်တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ ပြည်ထောင်စု သီးသန့်ရန်ပုံငွေမှ ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်လျက်ရှိရာ ပြီးစီးမှု အခြေအနေကို မေ ၁၀ ရက်က တွေ့ရသည်။

ရေထိန်းနံရံ ရေတားဆည်တည်ဆောက်ခြင်းလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလွင်ဦးနှင့်အဖွဲ့က ဆောင်ရွက်လျက်ရှိပြီး မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လိုအပ်သောကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါလုပ်ငန်းတည်ဆောက်မှုမှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ မိုးမကျမီပြီးစီးနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

စိုင်း(သီပေါ)

မိုးရာသီကာလစာသင်ကျောင်းအနီးအနား ပတ်ဝန်းကျင်နေရာများ၌ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန် စီစဉ်ဆောင်ရွက်တော့မည်

ရန်ကုန် မေ ၁၃

၂၀၁၄ ခုနှစ် မိုးရာသီကာလ ကျောင်းဖွင့်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားရာ အများဆုံးနေရာများဖြစ်သော စာသင်ကျောင်းအနီးအနား ပတ်ဝန်းကျင်နေရာများ၌ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်အတွက် စာသင်ကျောင်းများနှင့် ယာဉ်ထိန်းရဲများက ညှိနှိုင်းကာ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး (ရန်ကုန်)မှ ဒုရဲမှူးကြီး လင်းထွဋ်က "ဒီနှစ် မိုးရာသီကို စာသင်ကျောင်းတွေနဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ညှိနှိုင်းဆောင်ရွက်သွားဖို့ ရှိနေပါတယ်၊ ပြီးတော့ သက်ဆိုင်ရာ ဌာနတွေကိုလည်း တင်ပြသွားဖို့ရှိပါတယ်၊ ကမ္ဘာအေးဘုရားလမ်းမှာဆိုရင် အထက(၂) ဗဟန်း၊ တော်ဝင်စင်တာမျက်နှာချင်းဆိုင်က အလက(၁)ဒဂုံ၊ နောက်ပြီး အထက(၁)ဒဂုံ၊အင်းလျားလမ်းမှာရှိတဲ့ ကမာရွတ်(၂) အစရှိတဲ့ နှစ်စဉ်ယာဉ်ကြောပိတ်ဆို့မှု ဖြစ်နေကျ ကျောင်းနေရာတွေကိုလျော့နည်းပပျောက်စေရေးအတွက် စီစဉ်ပြီး စနစ်တကျ ဆောင်ရွက်သွားဖို့ရှိပါတယ်၊ သက်ဆိုင်ရာ ယာဉ်ပါကင်တွေကိုလည်း ဘယ်လိုဆောင်ရွက်မလဲ၊ယာဉ်ထိန်းရဲကရော ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ စီစဉ်ဆောင်ရွက်သွားမှာပါ၊ ဒီနှစ်မိုးရာသီကာလမှာစာသင်ကျောင်းအနီး ပတ်ဝန်းကျင်တစ်လျှောက်ယာဉ်ကြောပိတ်ဆို့မှု မဖြစ်အောင် ဆောင်ရွက်သွားတော့မှာပါ"ဟု ရှင်းပြခဲ့သည်။

လက်ရှိယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်အင်အားမှာ ၈၀၀နှင့် ၉၀၀ကြား တာဝန်ထမ်းဆောင် ဆောင်ရွက်လျက်ရှိနေပြီး မြေပြင်နေရာများရှိ လမ်းနှင့် စည်းကမ်းထိန်းသိမ်းရေး အပိုင်းအင်အားမှာ ၆၀၀ ကျော်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိနေကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ စာရင်းများအရသိရသည်။

စိုးဝင်း(SP)

သတင်းတို

ကျေးရွာချင်းဆက် လမ်းဖွင့်

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ရွှေပန်းကိုင်းကျေးရွာအုပ်စုနှင့်မင်းလှမြို့နယ် တလုတ်ရင်းကျေးရွာအုပ်စု စစ်သူငယ်ကျေးရွာတို့ ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုးကျေးရွာချင်းဆက် မြေနီကျောက်ချော လမ်းဖွင့်ပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့သည်။ သရက်မြို့နယ် ဘော်နယ်မြေအနောက်ခြမ်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖောက်လုပ်ခဲ့ပြီး ရွှေပန်းကိုင်းကျေးရွာအုပ်စု ခုနစ်ရွာထီးရိုးကျေးရွာအုပ်စု နှစ်ရွာတို့၏ စုပေါင်းအားဖြင့် ရွှေပန်းကိုင်းကျေးရွာအုပ်စုမှ မင်းလှမြို့နယ် စစ်သူငယ်ကျေးရွာသို့ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ခဲ့ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ **ကိုကိုအောင်**

စစ်ကိုင်းမြို့၌ နွေစပါး စတင်ရိတ်

စစ်ကိုင်းမြို့ ကျေးရွာ ၂၉ ရွာတွင် နွေစပါး ၄၇၉၃ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ရင့်မှည့်နေပြီဖြစ်၍ အချိန်မီ ရိတ်သိမ်းပြီး အမိုးအကာအောက် ရောက်ရှိရေးနှင့် အလေအလွင့်နည်းပါရေး၊ စပါးအရည်အသွေး ထိန်းသိမ်းရေးတို့အတွက် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းလျက် ရှိသည်။ ယခုနှစ် စစ်ကိုင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု၂၉အုပ်စုတွင် အစိုးရမြစ်ရေတင် ၇၀၅ဧက၊ တောင်သူမြစ်ရေတင် ၂၃၀၉ ဧက၊ မြေအောက်ရေတွင်းဖြင့် ၁၇၇၉ဧက စိုက်ပျိုးခဲ့ပြီး ယခင်နှစ်က ၄၅၂၁ ဧက စိုက်ခဲ့ရာ ၈၄ ဒသမ ၆၆တင်း ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် မျိုးသန့်စပါးများ စိုက်ပျိုးလာနိုင်မှုကြောင့် အထွက်နှုန်းပိုမိုရရှိမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁)ဆေးဝါးစက်ရုံ(ရန်ကုန်) အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ခွင့်ပြုငွေပါ အောက်ဖော်ပြပါပစ္စည်းများအား (CIF YGN) နိုင်ငံခြားငွေ (US$)(သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာန	
(က)	Process Equipment for Anti-Snake Venom production Line (1) Lot	10 items
(ခ)	Utilities Equipment for Anti-Snake Venom production Line (1) Lot	6 items
(ဂ)	Quality Control Instrument for Anti Snake Venom production (1) Lot	11 items
(ဃ)	Biological Assay Laboratory Instrument for Anti Snake Venom Production (1) Lot	10 items

၂။ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	မြင်းမွေးမြူရေးစခန်း (မှော်ဘီ)	
(က)	Demin Water Plant (500 L/hr)	1 No
(ခ)	Distilled Plant With Storage tank	1 Set
	ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးဌာန	
(ဂ)	Ampoule Filling and Sealing Machine with Accessories	1 No
(ဃ)	ကြွက်လှောင်အိမ် (12.5"x7.8"x5.3")	1000 Nos
(င)	Lab Equipment for Quality Assurance (1)Lot	9 items
(စ)	Digital Balances (7)Nos	4 items
(ဆ)	Transfer Pump (2000 L/hr)	1 No
(ဇ)	Cooling Tower complete with pump & Accessories (80 T)	1 Set

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်**-၁၂-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်-၁၅-၆-၂၀၁၄ ရက်၊ ညနေ ၁၆း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆
Fax No.-၀၆၇-၄၀၈၁၉၅
အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၊ ဖုန်း-၀၁-၆၄၆၂၇၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၂-၅-၂၀၁၄ရက်
တင်ဒါအရောင်းပိတ်မည့်ရက် - ၁၆-၅-၂၀၁၄ရက်
တင်ဒါအရောင်းပိတ်မည့်အချိန် - ၁၆း၃၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ် -၀၆၇-၄၁၀၄၃၁

မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားအတွက် ကတ္တရာလမ်း ၁၃/၅မိုင်၊ ကျောက်လမ်း ၂၃/၁မိုင်၊ မြေသားလမ်း ၅၁/၀မိုင်၊ သစ်သားတံတား ၁၂၅၅ပေ၊ ရေပွန် ၅၀၀ပေ၊ ကျေးလက်ရေရရှိရေးအတွက် တွင်းတိမ် ၁၁ တွင်း၊ တွင်းနက် ၃၅ တွင်း၊ လက်တူးတွင်း ၂၀ တွင်း၊ မြေသားရေကန် ၂၀ ကန်၊ ကျေးလက်တန်ဖိုးနည်းအိမ်ရာ ၁၇ လုံး၊ ယင်လုံအိမ်သာ ငါးလုံး၊ ကျေးလက်မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင် ဆိုလာ ၃၆၉၁ ခုအား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်/အချိန် - ၁၄-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၉း၃၀ နာရီမှရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၃-၆-၂၀၁၄ရက် (သောကြာနေ့)၊ ၁၆း၃၀ နာရီ
တင်ဒါတင်သွင်းမည့်နေရာ - မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း၊ ကျိုက္ကမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၀၈၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၉၃၆၉ Jialing 90-1, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိင်္ဂီဦး ၉/မရတ(နိုင်)၀၄၃၃၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပြည်သူ့ ဆေးရုံတိုးချဲ့ ဆောင်ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောက်လုပ်

ကလေး မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးတွင် လူနာနှင့်အဆောင်၊ လူနာနှင့်ခုတင် မမျှမတဖြစ်နေမှုကို ဖြေရှင်းပေးနိုင်ပါရန် လွှတ်တော်၌ တင်ပြခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၄၆၉၀ဖြင့် တိုးချဲ့ဆောင်ဆောက်လုပ်မှု လုပ်ငန်းများပြီးစီးတော့မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

အဆိုပါ ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သန်းတို့က ဆေးရုံဆောက်လုပ်နေမှု၊ ခေတ်မှန်ဆောင်ဆောက်လုပ်မည့်နေရာနှင့် ဆေးရုံတက်လူနာများအတွက် သောက်ရေ၊ သုံးရေအဆင်ပြေမှုရှိ မရှိတို့ကို မေ ၉ ရက်က ကြည့်ရှုခဲ့ကြောင်း သိရသည်။

"ကလေးမြို့ ဆေးရုံဆိုတာက ခုတင် ၂၀၀ သတ်မှတ်ထားသော်လည်း ဆေးရုံနှင့်လူနာ မမျှပါဘူး၊ ကလေးမြို့ဆေးရုံကို တမူးကလည်းလာတယ်၊ ကလေးဝ၊ မင်းကင်း၊ ဂန့်ဂေါကလည်းလာတယ်၊ နောက်ပြီး ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်း၊ တီးတိန်၊ ကျီခါး၊ တွန်းဇံမြို့တွေကလည်းလာတယ်။ ဒါကြောင့် လူနာတွေကများတယ်၊ ယခု မိုးဦးကျရာသီ ရောက်လာပြီ၊ သွေးလွန်တုပ်ကွေးတွေ ဖြစ်တော့မယ် သွေးလွန်တုပ်ကွေးရာသီဆို လူနာတွေ ခုတင်အပြည့်အစုံတောင် မရပါဘူး"ဟု ဆေးရုံအထောက်အကူပြု ကော်မတီတစ်ဦးက ပြောသည်။

ယခုအခါ ကလေးမြို့ဆေးရုံတိုးချဲ့ဆောင်ကို လက်ရှိဆေးရုံကြီး၏ အဆောက်အအုံတောင်ဘက်ကို တိုးချဲ့ဆောင်အဖြစ် အလျား ပေ ၂၄၀၊ အနံ ၅၆ပေ၊ နှစ်ထပ်အာရ်စီအဆောက်အအုံအဖြစ် Alpha Wing ကုမ္ပဏီမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှစ၍ ဆောက်လုပ်နေကြောင်း သိရပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၂၅၀၀ ရရှိပြီးဖြစ်ကြောင်း၊ ကျန်ခွင့်ပြုငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ချပေးမည်ဟု သိရကြောင်း၊ အဆောက်အအုံကို အပိုင်းလိုက် ဆောင်ရွက်နေကြောင်း၊ မြို့ပြပိုင်း၊ လျှပ်စစ်ပိုင်း၊ ရေသန့်ပိုင်း၊ ရေလောင်းအိမ်သာပိုင်း၊ ရေပေးဝေရေးအပိုင်းဆိုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံကို လာတက်သည့်လူနာများ သောက်ရေ၊ သုံးရေ ပြည့်စုံလောက်ငစွာ သုံးစွဲနိုင်ရေးအတွက် အနောက်ဘက်တွင် ပေ ၁၀၀ နှင့် အရှေ့ဘက်တွင် ပေ ၁၀၀ အဝီစိရေတွင်းများကို ပုဂ္ဂလိကအလှူရှင်များဖြင့် တူးပေးပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း ပေ ၄၀၀ ရေတွင်းနှစ်တွင်း တူးပေးပြီးဖြစ်ကြောင်း၊ ရေလောင်းအိမ်သာ ခြောက်ခန်းတွဲကိုလည်း ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း ဆေးရုံအထောက်အကူပြုကော်မတီ ဦးညီက ပြောသည်။

သျှင်နေမင်း

သတ်မှတ်ထားသော မရပ်ရလမ်းနေရာ ၆၇ နေရာအပြင် လမ်းနေရာများ ထပ်မံတိုးချဲ့ဆောင်ရွက်ရန် စီစဉ်

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ယခင်သတ်မှတ်ထားရှိသော မရပ်ရလမ်းနေရာ ၆၇ နေရာအပြင် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းပပျောက်စေရန်၊ လမ်းအသုံးပြုကြသူများ အဆင်ပြေနိုင်ကြစေရန်အတွက် ထပ်မံတိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ သိရသည်။

အဆိုပါလမ်းနေရာများ တိုးချဲ့စီစဉ်ဆောင်ရွက်မည်နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး (ရန်ကုန်) မှ ဒုရဲမှူးကြီး လင်းထွဋ်က "အရင်သတ်မှတ်ထားတာက မရပ်ရလမ်းနေရာ ၆၇ လမ်းကို သတ်မှတ်ထားရှိပါတယ်၊ ဒီသတ်မှတ်ထားတဲ့လမ်းနေရာတွေနဲ့ ဆက်စပ်ပြီး ရန်ကုန်တစ်မြို့လုံးကို တစ်ပြိုင်တည်း အဆင့်လေးဆင့် ပြုလုပ်ပြီး တိုးချဲ့သွားဖို့ရှိပါတယ်၊ ဥပမာ ကျွန်းတောလမ်းဆိုရင် လမ်းနေရာသတ်မှတ်ထားတာ တစ်ပိုင်းပဲရှိပါတယ်၊ ဒါကိုပါ တစ်ခါတည်းတစ်ဆက်တည်း လုပ်သွားဖို့ရှိပါတယ်၊ အကြမ်းအားဖြင့် နေရာ ၁၀ လမ်း တိုးချဲ့ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြထားပါတယ်၊ တိုင်းဒေသကြီး Cabinet ကချပေးပါလိမ့်မယ်၊ နေရာအတွက်ကို ၁၀ လမ်းလား၊ ၁၅လမ်းလား တိုးချဲ့မယ်ဆိုတာကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်သွားပါလိမ့်မယ်" ဟု ရှင်းပြခဲ့သည်။

လက်ရှိအဆိုပါ သတ်မှတ်ထားရှိသော မရပ်ရလမ်းနေရာ ၆၇ နေရာများတွင် စည်းကမ်းမဲ့ နှစ်ထပ်ရပ်နားထားသော ယာဉ်များ၊ သတ်မှတ်နေရာမဟုတ်ဘဲ ရပ်နားထားသောယာဉ်များကို ကရိန်းဆွဲတင်ယာဉ်များဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိနေပြီး ယခုအသစ်ထပ်မံတိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားရှိသော လမ်းနေရာများကို ယခု ၂၀၁၄ ခုနှစ်အတွင်း ပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ထုတ်ပြန်ချက်အရ သိရသည်။

စိုးဝင်း(SP)

သတင်းစာစောစောရောက်၊ ဖြန့်သူရော ဖတ်သူပါ အဆင်ပြေ

နေပြည်တော် မေ ၁၃

မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာများကို မေ ၁ ရက်မှစ၍ နံနက် ၇နာရီခန့်တွင် ဖတ်ရှုနေရ၍ သတင်းစာဖတ်ရှုသူ ပြည်သူများ ဝမ်းသာမဆုံး ဖြစ်နေကြသည်။ မေ ၁၀ ရက်မှစ၍ သတင်းစာစောစောရောက်သည့်အပြင် အချပ်ပိုများပါ ထည့်သွင်းပြီးသားဖြစ်၍ သတင်းစာဖြန့်ဝေသူများလည်း အချိန်မကုန်ဘဲ အဆင်ပြေနေသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ အရင်ကဆိုရင် သတင်းစာထုတ်ရောက်ရင် အချပ်ပိုတွေက အချိန်ယူပြီး ထည့်ရတော့ အချိန်ကုန်တာပေါ့၊ အခုတော့ အချပ်ပိုထည့်ဖို့ အချိန်ကုန်စရာမလိုတော့ဘူးဆိုတော့ သတင်းစာဖတ်သူတွေလက်ထဲ မြန်မြန်ရောက်တဲ့အတွက် သူတို့လည်းစောစောဖတ်ရသလို ကျွန်တော်တို့လည်း အချိန်ကုန်သက်သာပြီး တခြားအလုပ်တစ်ခု ထပ်လုပ်နိုင်တယ်၊ မိသားစုစီးပွားရေးလည်း ဒီထက်ပိုပြေလည်တာပေါ့ဗျာ" ဟု လယ်ဝေးမြို့မှ သတင်းစာကိုယ်စားလှယ် ဦးအေးထွန်းက ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

န/လက်ခုပ်ပင်ကျေးရွာတွင် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ ရောဂါပိုးမွှားများကျရောက်

နတ်မောက် မေ ၁၃

နတ်မောက်မြို့နယ် န/လက်ခုပ်ပင်ကျေးရွာ အုပ်စု ကွင်းအမှတ် ၄၈၂/၄၈၃ရှိ လယ်များတွင် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများအတွင်း ရောဂါပိုးမွှားများ ကျရောက်လျက်ရှိသဖြင့် စပါးပင်များမှာ အဝါရောင်ဖြစ်နေကြောင်း သိရသည်။

နွေစပါးများကို မတ်လအတွင်းက စိုက်ပျိုးခဲ့ရာ ယခုအခါ သက်တမ်း နှစ်လခန့်ရှိပြီဖြစ်ကြောင်း၊ စပါးပင်များ အဖျားခြောက်ကာ အပင်များ အဝါရောင်ဖြစ်နေသည်ကို တွေ့ရကြောင်း၊ စပါးပင်အရွက်ဖျားလိပ်နေသော စပါးရွက်ကိုဖြည်၍ ကြည့်ရာ အစိမ်းရောင် လောက်ကောင်ပိုးမွှားများ တွေ့ရကြောင်း၊ စပါးစိုက်ခင်း အားလုံးနီးပါး ရောဂါပိုးဝင်သည်ဟု ယူဆရကြောင်း၊ ရောဂါပိုးမဝင်သေးသော စပါးခင်းများကိုလည်း မကြာမီ ကူးစက်ပျံ့နှံ့လာမည်ဟု ယူဆကြောင်း၊ စပါးခင်းများ ရေလုံလောက်အောင် မသောက်ရသည့် အခြေအနေတွင် ပိုးဝင်မှုပါ ကြုံတွေ့နေရ၍ တောင်သူများက စိုးရိမ်မိကြောင်း၊ ရောဂါပိုးနှိမ်နင်းရေး နည်းပညာနှင့် ကာကွယ်ဆေးများကို တောင်သူများက မျှော်လင့်နေကြောင်း စပါးစိုက်တောင်သူတစ်ဦးက ပြောပြသည်။

(၁၂၇)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါစက်ကိရိယာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	လက်တွန်းထွန်စက်နှင့်တွဲဖက်ကိရိယာများ	4 Lot
(ခ)	ထွန်စက်ကြီးများ	3 Lot
(ဂ)	ထွန်ယက်ကိရိယာများ	2 Lot
(ဃ)	ကောက်စိုက်စက်	1 Lot
(င)	စပါးရိတ်သိမ်းခြွေလှေ့စက်	1 Lot

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၁၅-၅-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဇွန် ၁၃ ရက်၊ ၁၆:၀၀ နာရီ ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ် ၅၀၊နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၂၄၂၊ ၄၁၁၂၄၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ ၆၀၀ မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

ကြမ်းခင်းဈေး - တင်ဒါဖွင့်သည့်ရက်တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ ဈေးနှုန်းထက် မနိမ့်သောဈေး

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၁-၆-၂၀၁၄ ရက် ၁၆:၀၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၁၂ နှင့် ၄၀၉၃၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

အမည်ပြောင်း

ဦးအောင်သန်းဝင်း ၈/မကန(နိုင်)၀၁၅၁၇၂ ၏သမီး မကွေးမြို့၊ အလက(၁) ဆားစည့်ကျောင်းမှ အဌမတန်းအောင်မြင်ခဲ့သော မခြူးမြတ်ပိုင်အား ယနေ့မှစ၍ မသက်ထားရွှေစင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသက်ထားရွှေစင်**

မြေကွက်ရောင်းရန်ရှိသည်

တောင်ဒဂုံ ပေ(၄၀×၆၀)
ရပ်ကွက်၊ အကွက်နံပါတ်
၁၅၃/၁၂၅
၁၄၅/၃၉၆
၁၅၂/၁၈၁၅
လှိုင်သာယာ (၁၄)ရပ်ကွက်၊ မေခလမ်း၊ မြေကွက်အမှတ်(၅၉၆/က)
၁၀ ပေ×ပေ၆၀
လှိုင်သာယာ ကုလားကြီးစုကျေးရွာ၊ ကျောင်းလမ်းသွယ် ၁လမ်း၊
ပေ ၂၀ × ပေ ၆၀
ဖုန်း-၀၉-၄၃၁၅၃၅၅၃၊
၀၉-၂၅၄၁၄၆၆၂၂

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉ကေ၂)၊ မြေကွက်အမှတ်(V-၁၈)၊ မြေကွက်တည်နေရာအမှတ် ၄၂၃၊ အောက်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် (ဒေါ်ငွေခင်နှင့် သားမောင်အောင်ခင်) အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ငွေခင်(မိခင်)နှင့် ဦးလှဖေ(ဖခင်)တို့ အသီးသီး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဖြစ်သူ ဦးအောင်ခင်(ခ) ဦးကျော်စိန် ၁၂/ပဇတ(နိုင်)၀၁၈၅၅၆ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GPအမှတ် ၁၈၀၄၃/၂၀၁၃ (၂၄-၉-၂၀၁၃)ရသူ ဦးတင်မောင် ၁၄/ဒဒရ(နိုင်)၀၈၄၂၃၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဦးစိုးတင် ၁၂/လကန(နိုင်)၁၀၀၉၃၇ မူလနှစ်ရှည်အမည်ပေါက် ပိုင်ဆိုင်ထားသော ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)တိုးချဲ့၊ င/(၁၉) လမ်းခြံကွက်၊ အမှတ် ၅၂/၅၃ မြေကွက်အား လုပ်ငန်းလိုင်စင် စာရွက်စာတမ်းများ ထုတ်ယူနိုင်ရန် ငွေသွင်းမည့်ကိစ္စအား ကန့်ကွက်မည်ဆိုပါက အထူးဇုန်(၂) ကော်မတီသို့လိပ်မူ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်ပါက လုပ်ဆောင်မှုအဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်နိုင် ၁၂/လကန(နိုင်)၁၇၃၁၇၂
ဖုန်း-၄၅၀၀၃၂၇၉၈

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ဓမ္မာရုံလမ်း၊ အမှတ် ၇၈(ဘီ) တွင် နေထိုင်သူ ဦးကိုကိုနိုင်(ခ)ဦးကျော်ရဲအောင် ၁၂/မရက(နိုင်)၁၁၁၀၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်။

ဦးကျော်ရဲအောင်သည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှတစ်ဆင့် နိုင်ငံတော်က ၎င်း၏ အမည်ပေါက်ရောင်းချပေးသော မြေကွက်အမှတ် ၁၇၈၉၊ မြေတိုင်းအမှတ် ၆၀၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေကွက်ကို တရားဝင်ရရှိခဲ့၍ ကျသင့်ငွေတန်ဖိုးကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ၁-၁၀-၁၉၉၇တွင် ပေးသွင်းပြီးဖြစ်ပါသည်။

မြေကွက်အတွက် ငွေသွင်းပြေစာချလန်မှာ ပျောက်ဆုံးသွား၍ သက်ဆိုင်ရာမြို့နယ်ရဲစခန်း၊ ရက်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ အသိပေးတိုင်ကြားပြီးဖြစ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၄-၁၂-၂၀၁၃ ရက်စွဲပါ စာအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (L_{17})၆၀၊ မြေကွက်အမှတ် ၁၇၈၉အား ဦးကျော်ရဲအောင်(ခ)ဦးကိုကိုနိုင်အမည်ဖြင့် ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်း ထောက်ခံပြန်ကြားချက်ရှိပါသဖြင့် ဦးကျော်ရဲအောင်အမည်ပေါက် မြေကွက်ပေါ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြေကွက်ကိုရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်းနှံခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြစ်မှုကြောင်း၊ တရားမကြောင်းအရ အရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသောင်းမြင့်
B.A(Law), LL.B, D.M.L, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၉၀၊ သိမ်ဖြူလမ်းသွယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၃၇၉၀၆၆၊ ၀၉-၅၀၄၂၉၄၉

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

တာချီလိတ်ရွှေတိဂုံသာသနာ့ဗိမာန်၌ နဂါးနစ်ကောင်ဆရာတော်အား ထိုင်းဘုရင်မင်းမြတ် ကိုယ်စားလှယ်တော်များဖူးမြော်

တာချီလိတ် မေ ၁၃

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင် အုပ်ချုပ်ရေးမှူး နိုင်းစုံချိုင်းလွတ်ဆာခွန်း ဦးဆောင်သည့် ဌာနဆိုင်ရာ ၅၀ နှင့် ချင်းရိုင်ခရိုင်ရှိ ဝပ်ဖန်ကျောက်ကျောင်းတိုက်မှ ဒုတိယကျောင်းထိုင်ဆရာတော် ရဒ်ဒနာမုနီ အမှူးပြုသော ချင်းရိုင်ခရိုင် ၁၇ မြို့နယ်မှ ကျောင်းထိုင်ဆရာတော် သံဃာတော် အရှင်သူမြတ် ၁၇ ပါးတို့သည် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ကိုယ်စား ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနစ်ကောင်ကျောင်းတိုက် ဆရာတော် အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ရန်အတွက် မေ ၉ ရက် နံနက် ၈ နာရီခွဲက မြန်မာ-ထိုင်းနယ်စပ် အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ဝင်ရောက်လာခဲ့ရာ စစ်ဗျူဟာ(အခြေချ) တာချီလိတ်မှ ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ တာချီလိတ်ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတို့က ကြိုဆိုခဲ့သည်။

ထို့နောက် တာချီလိတ်မြို့ ရွှေတိဂုံရင်ပြင်တော်ရှိ သာသနာ့ဗိမာန်တော်၌ နဂါးနစ်ကောင်ကျောင်းတိုက်ဆရာတော်ကို မယ်ဆိုင်အုပ်ချုပ်ရေးမှူး နိုင်းစုံချိုင်းလွတ်ဆာခွန်း ဦးဆောင်သည့် ဌာနဆိုင်ရာနှင့် သံဃာတော်များက ဖူးမြော်ကြည်ညို၍ အလှူငွေများ ကပ်လှူကြပြီး ဆရာတော်ထံမှ ထိုင်းနိုင်ငံ ဧည့်သည်တော်များက သီလခံယူဆောက်တည်ကြသည်။ နဂါးနစ်ကောင်ဆရာတော်က ထိုင်းဘုရင်မင်းမြတ် ပုံတော်ရှေ့၌ ဘုရင်မင်းမြတ်အား မေတ္တာဓာတ်ဖြန့်ဝေပြီးနောက် ထိုင်းနိုင်ငံ သံဃာတော်များ၊ ဧည့်သည်တော်များနှင့် အမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

သတင်းတိုများ

သဃ်န်းကျွန်းမြို့နယ် ဓာတ်အားပြတ်တောက်မှုမရှိရေး အမြန်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်နေမှုများအတွက် ဓာတ်အားပုံမှန်ပြန်လည်ရရှိရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ ယခုရက်ပိုင်းအတွင်း (၆၆/၆ ဒသမ ၆) ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ ဓာတ်အားပြတ်တောက်မှုကို အသိပေးကြေညာခြင်း၊ ချက်ချင်းကွင်းဆင်းပြုပြင်ပေးခြင်းနှင့် ခြူး ၁၀၀၀ ကေဗွီအေထရန်စဖော်မာ Cable ပြုပြင်နေစဉ် မီးစက်များဖြင့် အစားထိုးဓာတ်အားဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွေးမွေး(သဃ်န်းကျွန်း)

မူလပိုင်ရှင်တောင်သူများထံ မြေယာလွှဲပြောင်း

ယခင် လမ်းစဉ်ပါတီလက်ထက် လေယာဉ်ကွင်း တည်ဆောက်ရန် လျာထားသတ်မှတ်သိမ်းဆည်းထားသော မြေဧက ၇၀ အပါအဝင် တပ်မတော်မှ သိမ်းဆည်းထားသော မြေဧက ၃၀၀ ကို စွန့်လွှတ်ပြီး မူလပိုင်ရှင်ဖြစ်သည့် ကျောက်မဲမြို့နယ် ကောင်းအက်ကျေးရွာမှ တောင်သူများသို့ မေ ၁၁ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။ ယနေ့တိုင် လုပ်ကိုင်စိုက်ပျိုးနေကြသော ကောင်းအက်ကျေးရွာတောင်သူများ ပိုင်ဆိုင်မှုတိကျစေရေးအတွက် ကျောက်မဲမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများက မြေဧရိယာတိုင်းတာသတ်မှတ် ဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါ စွန့်လွှတ်မြေဧက ၃၀၀ မှ ကောင်းအက်ကျေးရွာ၊ တောင်နောက်ကျေးရွာ၊ အောင်မြေသာယာကျေးရွာ၊ နမ့်စော့ကျေးရွာထိစပ် တောင်ယာမြေများ မူလပိုင်ရှင် များ အငြင်းပွားမှုမဖြစ်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(ကျောက်မဲ)

တောင်ငူ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

တောင်ငူ မေ ၁၃

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ မေ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

(ယာပုံ) အခမ်းအနားတွင် တောင်ငူခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌတောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲလက်ရာ စိစစ်ရေးအဖွဲ့ဝင် တောင်ငူပညာရေးကောလိပ် ဦးစီးအရာရှိ ဦးမြင့်သူက ကာတွန်း၊ ပန်းချီ၊ ပိုစတာရေးဆွဲခြင်းနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ပြိုင်ပွဲစည်းကမ်းချက်များ လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်းတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀၈ ဦးက (က) ကျန်းမာပြည့်ဝဘဝသုခ မူးယစ်ဆေးဆိုကင်းစင်မှ Make Health Your 'New Hight' In Life, Not Drugs၊ (ခ) အားကစားမြင့်တင်စိတ်လန်းရွှင်၊ ဆန့်ကျင်မူးယစ်ဆေး၊ (ဂ)မူးယစ်သားကောင်မဖြစ်စေရေး ဖေးမကူညီဝိုင်းဝန်းပေး၊ (ဃ)မူးယစ်ဆေးဝါး တိုက်ဖျက်ဖို့ ဒို့လူငယ်တွေစည်းရုံးစို့၊ (င) မူးယစ်စွဲသူဖေးမကူ ပြည်သူများကို ဝိုင်းဝန်းစို့၊ (စ) မူးယစ်စွဲသူဖေးမကူ ညီတူလမ်းပြနိုင်ငံအလှ စသည့် ပြိုင်ပွဲ၏ ရည်မှန်းချက်ဆောင်ပုဒ်များဖြင့် ပါဝင်ယှဉ်ပြိုင် ရေးဆွဲကြသည်။

အနာဂတ်ကလေးများ ဘဝရည်မှန်းချက်များ ပိုမိုခိုင်မာလာစေရန် ရည်ရွယ်၍ "ကျန်းမာပျော်ရွှင် မူးယစ်ကင်းစင်သည့် လူ့ဘောင်ဘဝဖြစ်လာဖို့ တစ်ကမ္ဘာလုံးဝိုင်းဝန်းဆောင်ရွက်စို့၊ အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး၊ တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ၊ မူးယစ်ကင်းစင်အောင်ပွဲဆင်၊ မင်းဘဝ မင်းမိသားစု မင်းပတ်ဝန်းကျင်လုံခြုံဖို့ မူးယစ်ဆေးရှောင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

KBZ Industries Ltd.,

ကွန်ကရစ်လမ်းဖောက်လုပ်ရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ KBZ Industries Ltd., တောင်ကြီး(ပင်းပက်ဒေသ)ရှိ တစ်ရက်တန် ၁၀၀၀ ကျ ကမ္ဘောဇဘိလပ်မြေစက်ရုံမှ တောင်ကြီး-ဟိုပုန်းပြည်ထောင်စုလမ်းသို့ (၅.၅)မိုင်၊ စက်ရုံမှ ဟိုပုန်း-ဆီဆိုင်လမ်းသို့ နှစ်မိုင်ခန့် စုစုပေါင်း (၇.၅)မိုင်ခန့်အား ကွန်ကရစ်လမ်းဖောက်လုပ်ရန် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ ကွန်ကရစ်လမ်း၏ အရည်အသွေးအား စက်ရုံမှတွက်ချက်ထားသည့်အတိုင်း ကမ္ဘောဇဘိလပ်မြေများသုံးစွဲ၍ တည်ဆောက်ပေးရမည်ဖြစ်ပြီး ၁မိုင်ဈေးနှုန်း၊ ဈေးနှုန်းကာလ၊ စတင်ဆောင်ရွက်နိုင်မည့်အချိန်၊ ငွေကြေးရယူလိုသည့်စနစ်၊ ယန္တရားနှင့် လုပ်သားစာရင်း၊ ကုမ္ပဏီမှတ်ပုံတင်တို့ဖော်ပြ၍ ၁၅-၆-၂၀၁၄ ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ အမှန်တကယ်ဆောင်ရွက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူကိုယ်တိုင်လာရောက် စုံစမ်းနိုင်ပါသည်-

KBZ Industries Ltd.,
အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်ဘဏ်လမ်းထောင့်
Strand Condo (၃)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈၊ ၀၁-၃၇၃၆၄၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၇၂၈၀၊ Honda C90 custom CMV M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင်ဦး ၉/အမရ(နိုင်)၀၀၀၆၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁(ကမာရွတ်)၊ မြေကွက်အမှတ် ၁၇/ခ၁၊ အမှတ်(2-B)၊ ပါရမီလမ်း၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် မြေအမည်ပေါက်ပိုင်ဆိုင်သူ Seven Golden Lions Enterprise Ltd. ထံမှ မိမိ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆုံးခန်းတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ချို(တရားလွှတ်တော်ရှေ့နေ)(စဉ်-၆၃၂၀)
အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၃၀၊ မြေကွက်အမှတ် ၆၅၃၊ မြေအကျယ်အဝန်း(၄၁ပေ×၇၅+၇၄ပေ)ရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့ မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေယာစီမံ ခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်ခင်ကြည် CA-၀၀၀၀၀၇ အမည်ဖြင့်မှတ်သားတည်ရှိသောမြေကွက်အား ဒေါ်မော်မော်ဦး ၁၂/တမန(နိုင်)၀၄၃၄၈၈သည် ရောင်းသူ ဦးစိန်မောင်ထံမှဝယ်ယူမည်ဖြစ်ပါသည်။ ရောင်းသူ ဦးစိန်မောင် ၁၂/ဥကတ(နိုင်)၁၁၈၉၆၇အား ဒေါ်မော်မော်ဦးသည် စရန်ငွေတစ်စိတ်တစ်ဒေသပေးထားပြီး ပြန်လည် ဝယ်ယူမည်ဖြစ်ပါသောကြောင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း အောက်ပါလိပ်စာအတိုင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

ဒေါ်မော်မော်ဦး
ဖုန်း-၀၉-၅၀၉၀၂၁၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ် ၁၁၁ဟုခေါ်တွင်သော (အလျား၄၀ပေ×အနံ၆၀ပေ)၊ ၀ ဒသမ ၀၅၅ဧက၊ စတုရန်းပေ၂၄၀၀အကျယ်အဝန်းရှိမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်အပါအဝင် မူလပိုင်ရှင် ဒေါ်နှင်းရီ(ဘ)ဦးဘရှင်အမည်ပေါက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှထုတ်ပေးထားသော နှစ် ၆၀ မြေငှားဂရန်အမျိုးအစားလက်ဝယ်ရှိပြီး ဝယ်ယူနေထိုင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကာ အဆိုပါနေအိမ်ခြံကွက်နှင့်ပတ်သက်၍ တရားဝင်လွှဲပြောင်းစီမံရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စန်းစန်းဝေ ၁၂/မဂဒ(နိုင်)၀၉၇၆၀၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများပြသ၍ ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပြည့်စုံခိုင် LL.B
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၃၇၃၃၃၂၆

စည်သူအံ့ဘွယ် LL.B
တရားလွှတ်တော်ရှေ့နေ (Advocate)
စုပေါင်းရုံးဝင်း၊ ရှေ့နေများနားနေခန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၂၁၁၂၃၊ ၀၉-၄၂၈၀၂၂၄၉၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၉၊ မြေကွက်အမှတ်၁၂၈၊ အကျယ်အဝန်းပေ (၄၀×၆၀)ကို အမည်ပေါက်ပိုင်ဆိုင်သူကိုယ်စား ရောင်းချခွင့်ရှိသူ နော်ဆာဖောထံမှ ဦးဉာဏ်ဝင်းက အပြီးအပိုင်ဝယ်ယူရန်စီစဉ်ထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဉာဏ်ဝင်း
ဖုန်း-၀၉-၅၀၈၅၃၃၆၊ ၀၉-၄၃၀၃၈၉၂၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရေနုတ်မြောင်းကို သက်ဆိုင်ရာမှ ပြုပြင်ပေးရန် လိုလားလျက်ရှိ

ရန်ကုန် မေ ၁၃

ကျောက်တံတားမြို့နယ် အမှတ်(၃)ရပ်ကွက် ၃၆ လမ်း(အလယ်) အနော်ရထာလမ်းနှင့် ၃၆လမ်း(လယ်)ဆုံ ရာထိပ်နေရာရှိ ရေနုတ်မြောင်းမှာ ယခုရက်များအတွင်း ရန်ကုန်မြို့တွင်း နေရာအနှံ့ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိနေသဖြင့် ရေနုတ်မြောင်းမှရေများ လျှံတက်ကာ ရေကြီးရေလျှံဖြစ်စဉ်များ အစဉ်အမြဲဖြစ်ပေါ်လျက် ရှိနေသည်။

အဆိုပါ ရေနုတ်မြောင်းပိတ်ဆို့ပြီး ရေကြီးရေလျှံဖြစ်ပေါ်မှုနှင့် စပ်လျဉ်း၍ လမ်းအတွင်းနေထိုင်သူ ပြည်သူတစ်ဦးက "နှစ်စဉ်မိုးရာသီဆိုဖြစ်နေကျပါ။ ပိုဆိုးသွားတာက လမ်းထိပ်မှာကွန်ဒိုမီယံတိုက်သစ် ဆောက်ပြီးကတည်းက ဖြစ်သွားတာပါ။ သူတို့က ရေမြောင်းနုတ်ခမ်းကို မြှင့်ထားတော့ ကျွန်တော်တို့လမ်းထဲကို မြောင်းရေတွေက ဒလဟောထိုးဝင်တယ်လေ။ ဒီထက်ပိုဆိုးတာက အမှိုက်တွေနဲ့ ပိတ်ပြီး ရေမြောင်းကလည်းနိမ့်နေတော့ ရေလျှံမှုဖြစ်တာပါ။ လမ်းအတွင်း ကွန်ကရစ်ခင်းထားတာကလည်း ပိုမြင့်နေတော့ ပိုဆိုးသွားပါတယ်။ နှစ်စဉ်ဖြစ်နေကျပါ။ အဲဒီအနားအောက်ထပ် နေအိမ်တွေနဲ့ တိုက်ခန်းအမြင့်က သူတွေကလည်း မိုးရွာလို့ ရေမြောင်းလျှံပြီဆိုရင် အောက်ထဲကိုမမြင်ရတော့ ခဏခဏ ခြေထောက်ကျွံမှုတွေ ဖြစ်နေတာပါ။ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေအတွက်လည်း အခက်အခဲဖြစ်နေပါတယ်။ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဒီနေရာက ရေနုတ်မြောင်းကတော့ အခြေအနေအဆိုးဆုံးပါပဲ။ မြင်တဲ့အတိုင်းပါပဲဗျာ" ဟု ရှင်းပြခဲ့သည်။

ထို့အပြင် ယင်းရေနုတ်မြောင်း၏ အခြားတစ်ဖက်တွင်လည်း နောက်ဖေးလမ်းကြားမှ တိုးထွက်လာသော ရေဆိုးရေပုပ်များကြောင့် လမ်းသွားလမ်းလာ အများပြည်သူများနှင့် အနီးအနားပတ်ဝန်းကျင်များမှ အများပြည်သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေကာ ကျန်းမာရေး ထိခိုက်နိုင်သောကြောင့် ပြုပြင်ဆောင်ရွက်ပေးသင့်ပါသည်။ ကျောက်တံတားမြို့နယ်အတွင်းရှိ လမ်းနေရာများတွင် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိသည်ကို တွေ့ရပြီး ယင်းနေရာ ရှိ ရေနုတ်မြောင်းနှစ်ခုမှာ အခြေအနေဆိုးရွားလျက် ရှိနေသောကြောင့် မိုးတွင်းကာလ ဝင်ရောက်နေပြီဖြစ်သဖြင့် အဆိုပါ ရေနုတ်မြောင်းအား သက်ဆိုင်ရာမှ အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးပါရန် လမ်းအတွင်း နေထိုင်ကြသူများမှ လိုလားလျက်ရှိနေကြောင်း သိရသည်။

စိုးဝင်း(SP)

ငါးဖမ်းလှေပေါ်မှ ကရင်လူငယ်အားကယ်တင်၊ မြဝတီပွဲစားကို ဖမ်းမိ

မြဲဘူရီ မေ ၁၃

ထိုင်းနိုင်ငံ မြဲဘူရီခရိုင် ချောင်းစမေးစံ ငါးဖမ်းလှေဆိပ်တွင် ရောင်းစားခံရသည့် ကရင်ပြည်နယ် ဘားအံမြို့မှကရင်တစ်ဦးအား ပူးပေါင်းအဖွဲ့များမှ မေ ၈ရက်က ကယ်ထုတ်လိုက်နိုင်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

လွန်ခဲ့သည့် ရက် ၂၀ ခန့်က ကရင်ပြည်နယ် ဘားအံမြို့မှ အသက် ၁၉ နှစ်အရွယ် ကရင်လေး(ခ)ရန်နိုင် ဆိုသူအား မြဝတီမြို့ ငှက်ပျောတောရပ်ကွက်မှ ပွဲစားဦးတင်စိုးဆိုသူက ထိုင်းနိုင်ငံတောင်ပိုင်း မြဲဘူရီခရိုင် ချောင်းစမေးစံ ငါးဖမ်းလှေဆိပ်ချိဝစ်တံတား လှေအမှတ်(၁၇) တွင် ဘတ်ငွေ ၁၄၀၀၀ဖြင့် ရောင်းစားခဲ့ကြောင်း မြဝတီလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သို့ ၎င်း၏ဇနီးဖြစ်သူက တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

မေ ၈ ရက်က မြဝတီလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ အဆိုပါ ပွဲစားကို မြဝတီမြို့ ငှက်ပျောရပ်ကွက်တွင် လက်ရဖမ်းဆီးရမိခဲ့ပြီး တိုက်ဆိုင်စွာဖြင့် တစ်ဆက်တည်းတွင် ကရင်လေးလှေမှာလည်း ရောက်ရှိ ဆိုက်ကပ်လာခဲ့သဖြင့် MAT နှင့် ပူးပေါင်းအဖွဲ့တို့က ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကာ ရောင်းစားခံခဲ့ရသည့် ကရင်လေးအား သက်သေထွက်ဆိုနိုင်ရန်အတွက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ရုံးတာဝန်ခံကိုစိုင်းအေးကိုယ်တိုင် မြဝတီလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သို့ သွားရောက်ပို့ဆောင်မည် ဖြစ်သည်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "မြန်မာနိုင်ငံမှာ လူကုန်ကူးမှု ပြစ်မှုထင်ရှားရင်တော့ ပွဲစားကတော့ပြစ်ဒဏ်ကို ထိုက်ထိုက်တန်တန်ခံရမှာပဲလေ၊ ကျွန်တော်တို့အားရပါတယ်။ မြန်မာအစိုးရလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ကို ထိုင်းဘက်က တပ်ဖွဲ့တွေလို ပစ္စည်းကိရိယာတွေနဲ့ လမ်းစရိတ်တွေ ပြည့်ပြည့်စုံစုံသုံးနိုင်အောင် မြန်မြန်ဖြစ်စေချင်ပါတယ်ဗျာ" ဟုပြောခဲ့သည်။

ကရင်လေးအား ထိုင်းနိုင်ငံမြဲဘူရီမှ သွားရောက် ခေါ်ဆောင်ခြင်းနှင့် ထိုင်း- မြန်မာနယ်စပ်နေရာဖြစ်သော မြဝတီမြို့သို့ လိုက်လံပို့ဆောင်သည့် စရိတ်စကများကို ထိုင်းနိုင်ငံမြို့တော်ဗန်ကောက်မှ မြန်မာအေဂျင်စီနှစ်ခုနှင့် ထိုင်း-မြန်မာနယ်စပ် မဲဆောက်အခြေစိုက် SAWအဖွဲ့တို့က ကူညီပံ့ပိုးပေးခဲ့ကြသဖြင့် MAT အဖွဲ့မှ ကျေးဇူးတင်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မှုခင်းသတင်းများ

လွယ်ဂျယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မြန်မာနိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ အောင်ချမ်းသာရပ်ကွက်၌ မေ ၆ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် လွယ်ဂျယ် နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လေး ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အောင်ချမ်းသာရပ်ကွက်ရှိ ဒေါ်သန္တာဆွေနေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၉ ပြား၊ 88 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၊ ဘိန်းဖြူဟုယူဆရသော အဖြူ/အဝါအမှုန့်အလေးချိန် ၂ ဒသမ ၉ ဂရမ်ခန့် စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၂၅၃၇၀၀၀ ဖမ်းဆီးရရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဒေါ်သန္တာဆွေ(၄၈နှစ်)ကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရေပိုက်လုပ်သားတစ်ဦး ဓာတ်လိုက်ခံရ၍ သေဆုံး

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ခနသိဒ္ဓိလမ်း အိမ်အမှတ်(ည/၄၇) နေ ဦးမောင်မောင်သိန်း၏ နေအိမ်၌ ရေပိုက်ပြင်လုပ်သားတစ်ဦး ဓာတ်လိုက်ခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ခနသိဒ္ဓိလမ်း အိမ်အမှတ် (ည/၄၇) ရှိ အိမ်ရှင်ဦးမောင်မောင်သိန်း၏ နေအိမ်ရှိ ရေပိုက်လိုင်းကို မောင်ရဲကိုကို (၂၂နှစ်) မ/၄၈၇၊ မင်းကြီးလမ်း ရွာမအရှေ့ရပ်ကွက် အင်းစိန်မြို့နယ်နေသူသည် မေ ၈ ရက် မွန်းလွဲ ၁ နာရီက ရေပိုက်ပြုပြင်နေခိုက် ဓာတ်လိုက်ခံရသဖြင့် အင်းစိန်ဆေးရုံသို့ ပို့ဆောင်ရာ အင်းစိန်ဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

အငှားယာဉ်နှင့် မြို့ပတ်ရထားတို့ တိုက်မိမှုဖြစ်

မင်္ဂလာဒုံမြို့နယ်ဘက်မှ ရန်ကုန်မြို့ထဲဘက်သို့ စက်ခေါင်းမောင်း ဦးစိုးကြိုင်မောင်းနှင်သော စက်ခေါင်းအမှတ် DD-940 ငစိန်(၇) မြို့ပတ်ရထားနှင့် ယာဉ်မောင်း ဇော်မင်းသန့်(၃၉နှစ်) (၄)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေသူ မောင်းနှင်လာသော 3E-----အေဒီဗင် အဖြူရောင်အငှားယာဉ်တို့သည် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေဥမင်ဘုရားဘုန်းကြီးကျောင်းရှေ့ရှိ မီးရထားသံလမ်းကူးတွင် မေ ၇ရက် နံနက် ၁၀နာရီ ၄၅မိနစ်က ပွတ်တိုက်မိခဲ့ကြကြောင်း သိရသည်။ ထိုသို့ တိုက်မိမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် 3E-----အေဒီဗင် အငှားယာဉ်၏ ရှေ့ပိုင်းမှာ ပိန်ချိုင့်ပျက်စီးသွားခဲ့ပြီး မြို့ပတ်ရထားမှာ နံနက် ၁၀နာရီ ၅၅မိနစ်တွင် ရန်ကုန်မြို့ထဲသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ ယင်းကဲ့သို့ အန္တရာယ်ဖြစ်အောင်မောင်းနှင်သူ ယာဉ်မောင်း ဇော်မင်းသန့်ကို မြန်မာ့မီးရထားမှ ဒုလက်ထောက်ကြီးကြပ်ရေးမှူး ဦးဝင်းနိုင်၏ တိုင်ကြားချက်အရ မြောက်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့/ရပ်ကွက်၊ မြို့သစ် ၂ လမ်း၊ တိုက်အမှတ် ၁၅ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် ၄စီ/၁၊ မြေကွက်အမှတ် ၆၉ ရှိ အဆောက်အအုံအမှတ် ၁၅၊ ခြောက်ထပ်တိုက်၏ အခန်းအမှတ် (သုံးလွှာ/အေ)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို လက်ဝယ်ရှိအမည်ပေါက် ဒေါ်သီတာ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြု၍ ယင်းတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်မှုရှိသဖြင့် ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီရိဝင်း(စဥ်-၂၈၂၁၇) — **LL.B,D.B.L** — **အထက်တန်းရှေ့နေ**

ဦးအုန်းသန်း(စဥ်-၈၂၃၉) — **B.A(Geog),H.G.P,R.L,D.B.L** — **တရားလွှတ်တော်ရှေ့နေ**

အမှတ် ၃၁၀/ခ၊ ဗလ္လိက ၁၂ လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ဖုန်း-၀၉-၇၃၀၈၅၄၉၈၊ ၀၉-၂၅၄၂၇၃၅၅၀၊ ၀၉-၄၅၀၀၁၉၇၄၅

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးရန်အောင် ၁၂/မရက(နိုင်)၁၃၈၀၄၃ အမှတ် ၂၄၊ သန့်ဇင်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏အမှုသည် ဦးရန်အောင်က ဦးရန်နိုင်မျိုး (ဘ)ဦးမောင်လှ(ခ)ဦးအေးမြင့် ၁၂/ဥကတ(နိုင်)၁၄၄၂၁၃ အမှတ် ၆၅၆၊ ဓာနည် ၁၅ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ နေသူအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးထားခဲ့ကြောင်း သိရှိရပါသည်။ သို့ရာတွင် ဦးရန်နိုင်မျိုးသည် ဦးရန်အောင်၏ကိုယ်စား ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြန်လည်တင်ပြခြင်းမရှိသဖြင့် ဦးရန်အောင်က အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ ဦးရန်နိုင်မျိုး၏ လုပ်ကိုင်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍လည်း ကျွန်ုပ်တို့ မိတ်ဆွေ ဦးရန်အောင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမောင်မာင်စိုး(အထက်တန်းရှေ့နေ) ဦးစိုးသိန်း(တရားလွှတ်တော်ရှေ့နေ) ဦးညီညီစိုး(တရားလွှတ်တော်ရှေ့နေ)

ရုံး-အမှတ် ၅၀၊ အခန်း (အေ-၁၄)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၇၃၀၂၁၆၈၄

အိမ်-တိုက် ၁၇၊ အခန်း ၁၊ ကြို့ကုန်းရိပ်သာ၊ ကြို့ကုန်းအနောက်ရပ်ကွက်၊အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၇၃၁၆၁၃၁၈၊ ၇၃၁၇၃၉၆၃

အဓိပတိ Law Firm

အမှတ် ၅၅၊ အခန်း ၄၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၂၂၀၃/က၊ မြေကွက်တည်နေရာ ဇေယျာဝတီ ၅ လမ်း၊ (၁၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးအေးမောင်အမည်ပေါက် နှစ် ၆၀ဂရန်မြေ၊ ဧရိယာစတုရန်းပေ ၁၂၀၀၊ ပေ(၂၀×၆၀)ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတိုးမြင့်စံ ၁၂/မဘန(နိုင်)၀၁၆၅၉၄ထံမှ ကျွန်မ ဒေါ်လောဟွေရှိုး ၁၃/ကခန(နိုင်)၀၃၉၅၁၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်မထံသို့ အထောက်အထားပြည့်စုံစွာဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်လောဟွေရှိုး ၁၃/ကခန(နိုင်)၀၃၉၅၁၅

အမှတ် ၁၃၂၊ မြေညီ၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၁၁၅၂၁၇၊ ၀၉-၄၇၁၄၂၁၁၁၊ ၀၉-၂၅၉၀၁၃၁၁၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၆င/၁၃၉၁ SKAT LFJ 3048G, Dump Truck (4x2) L ယာဉ်လက်ဝယ်ရှိသူ Khit Thit Ngwe Kyei Family Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၃၀၈နေ ကျွန်ုပ်အမှုသည် ဒေါ်ခင်တုတ် ၁၂/ဥကမ(နိုင်)၀၇၈၃၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်ခင်တုတ်မှ ဒေါ်နှောင်းဝဿန် ၁/ဗမန(နိုင်)၀၄၆၇၂၃သို့ လွှဲအပ်ထားသော ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ မှတ်ပုံတင်အမှတ် ၄၃၂၈/၂၀၁၃ ရက်စွဲ ၁၃-၃-၂၀၁၃ ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့(ဤသတင်းစာတွင် ကြော်ငြာပါသည့် ရက်မှ)စ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စု LL.B — တရားလွှတ်တော်ရှေ့နေ — စဥ်-၉၀၆၆ — ဖုန်း-၀၉-၄၂၂၄၄၃၅၂၆

ဒေါ်ဇင်သန္တာဖြူ LL.B — အထက်တန်းရှေ့နေ — စဥ်-၃၄၂၇၁ — ဖုန်း-၀၉-၄၂၂၅၀၃၅၆၆

အမှတ် ၂၁၊ ခနိတော ၈ လမ်း၊ (၁)ရပ်ကွက်၊ ဖျာပုံမြို့

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၇ရှိ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ ၁၈ လမ်း၊ အမှတ် ၂၇ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ ၀၅၅ရှိသော နှစ် ၆၀ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးကြွေ AA-၀၄၈၇၃၀အမည်ဖြင့် မှတ်သားတည်ရှိပါသည်။

ထို့နောက် ၁၉-၁၀-၂၀၀၀ ရက်တွင် ဦးကြွေကွယ်လွန်ပြီး တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသော သမီးများဖြစ်သည့် ဒေါ်ကျင်နု B/RGN-၀၀၃၂၂၄နှင့် ဒေါ်ကျင်ယု B/RGN-၀၀၃၂၂၆တို့ထံမှ ယခုလက်ရှိ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ညို ၁၁/တကန(နိုင်)၀၅၁၅၅၁က ရောင်းချလိုကြောင်းကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စွာငြိမ်း(အထက်တန်းရှေ့နေ) (စဥ်-၃၁၆၈၁)

အမှတ် ၅၄၂၊ MAY SHOPPING CENTRE (အပေါ်ထပ်)၊အခန်းအမှတ် C-4၊

ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့် (အိန္ဒိယသံရုံးရှေ့)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၆၃၅၁၁

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ ဦးဇိနဘုရားလမ်း၊ အမှတ်(၉၄/ဘီ)နေ
ဒေါက်တာဦးမျိုးဆွေကြည် [ပြည်နယ်အထူးကုဆရာဝန်ကြီး(ခွဲစိတ်)-ငြိမ်း]-ဒေါက်တာဒေါ်တင်တင်လှိုင်
[ပြည်နယ်အထူးကုဆရာဝန်ကြီး(ခတ်မှန်)-ငြိမ်း]တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးသောင်းထိုက်

M.B., B.S (DSMA), M.Med.Sc (Internal Medicine)

အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ရန်ကုန်မြို့

နှင့်

သထုံမြို့၊ သိမ်ကုန်းရပ်၊ ဒူးရင်းဆိပ်လမ်း၊ အမှတ် (၁၄၇)နေ
(ဦးမြင့်စိုးညွန့်)-ဒေါက်တာဒေါ်အေးအေးလှတို့၏သမီးကြီး

ဒေါက်တာအေးမြင့်သွယ်

M.B., B.S(Mgy), 2nd Year, M.Med.Sc (Radiology)

ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်မြို့

တို့၏ ၂၀၁၄ခုနှစ် မေ ၄ရက်တွင် မော်လမြိုင်မြို့ Strand Hotel မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့်ဇနီးဒေါ်ကြည်ကြည်ထွန်း၊ မင်္ဂလာအောင်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော အမှတ်(၅) စစ်မြေပြင်ဆေးတပ်ရင်းတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် ဇနီးဒေါ်သန္တာမောင်မောင်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော မွန်ပြည်နယ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ခြင်းနှင့် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဒေါ်သီတာအောင်မြင့်၊ မင်္ဂလာပန်းကြဲပေးသော မချိုမြင့်သွယ်၊ မင်္ဂလာအောင်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မဖြူခင်ဦး၊ မင်္ဂလာအောင်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေမြင့်သွယ်၊ သတို့သားအရံအဖြစ်ဆောင်ရွက်ပေးသော ဗိုလ်ကြီးအေးအောင်ကိုနှင့် ဗိုလ်ကြီးအောင်ဖုန်းဇော်၊ သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးသော မရီမွန်ခင်နှင့် မနော်ပရက်ရက်ဝင်းချယ်တို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော အောင်မိုးလွင်၊ မင်္ဂလာဝတ်စုံ ညီညီမောင်(စမ်းချောင်း)၊ မှတ်တမ်းတင်ဓာတ်ပုံကိုညီဇော်နှင့် Iris (ကိုဟန်ထွန်း)၊ မှတ်တမ်းတင်ဗီဒီယိုကိုညီဇော်၊ ကိုဝေယံမင်းသူနှင့်ရွှေစင်အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းအလှဆင် ကိုသားချို၊ ရွှေကြီး(ရွှေဝတီ)မိသားစု၊ မင်္ဂလာအခမ်းအနားပြင်ဆင်ပေးသော Strand Hotel မှ Events Manager မခိုင်သဇ္ဇာသိန်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်စေရန် အဘက်ဘက်မှ မေတ္တာ၊ စေတနာတို့ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော မသီတာညွန့်(စိုးမိုးသူရတနာရွှေဆိုင်၊ မော်လမြိုင်)နှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား မင်္ဂလာသတို့သား၊ မင်္ဂလာသတို့သမီးနှင့် နှစ်ဖက်သောမိဘများမှ လှိုက်လှဲစွာ အထူးပင်ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသောင်းထိုက်-ဒေါက်တာအေးမြင့်သွယ်

အမြန်ရောင်းမည်

အကျိုးဆောင်နိုင်သည်-အကျိုးဆောင်ခ (၁)ရာခိုင်နှုန်း

၁။ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ ကီလီရိပ်သာကွန်ဒို ၂၈၄၈ စတုရန်းပေအကျယ်၊ ဓာတ်လှေကားနှစ်စင်း၊ ကားပါကင်တစ်ခုပါ။ **ဈေးနှုန်း-(ညှိနှိုင်း)**

၂။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းမကြီးပေါ်၊ ထောင့်ကွက်၊ (၃၇)ရပ်ကွက်၊ ပေ(၄၅×၆၀)၊ တစ်ထပ်အုတ်ညှပ်၊ ရေမီးစုံ၊ ဂရန်။ **ဈေးနှုန်း (ညှိနှိုင်း)**

၃။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းမကြီးပေါ်၊ (နှစ်ကွက်တွဲ)၊ ပေ (၈၂×၆၀)၊ (၃၈)ရပ်ကွက်၊ မြေသီးသန့်၊ ဂရန်မြေ၊ **ဈေးနှုန်း (ညှိနှိုင်း)**

ဝန်ထမ်းအလိုရှိသည် (Sale & Marketing)

ဆက်သွယ်ရန် **'သံလွင်မေတ္တာ'** အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၉၃၆၊ ဘုရင့်နောင်လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၁-၈၀၁၁၂၈၅၊ ၀၁-၈၀၁၁၂၈၆၊ ၀၉-၄၅၀၀၅၀၃၁၅၊ ၀၉-၃၁၄၂၅၈၈၈

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၃၅၁၊ မြေကွက်တည်နေရာအမှတ် ၃၅၁၊ ၂၅ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်စောညွန့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်စောညွန့်(ခင်ပွန်း) ဦးသိန်းလွင်(သား) ဦးဝင်းတင်တို့အသီးသီး(ကွယ်လွန်)သဖြင့် ဒေါ်တင်ရှိန် ၁၂/ဥကတ(နိုင်)၀၁၈၁၅၅၊ ဦးဇော်ဝင်း ၁၂/ဥကတ(နိုင်)၀၁၆၅၄၀၊ ဒေါ်မြင့်ဆွေ ၁၂/ဥကတ(နိုင်)၀၂၀၁၄၆တို့က သားသမီးနှင့်ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၁၀၃၊ မြေကွက်တည်နေရာအမှတ် ၆၃၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတေ(ခ)ဦးစောနှင့် ဦးမောင်ဦး(ခ)မောင်မောင်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတေ(ခ)ဦးစော (ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်လှလှမြင့် ၁၂/ဒပန(နိုင်)၀၂၈၃၀၇နှင့် ကျန်ပူးတွဲအမည်ပေါက် ဦးမောင်ဦး(ခ)မောင်မောင်ဦး DBN-၀၀၃၈၈၀ တို့ထံမှ GP-၁၈၀၃၀/၂၄-၉-၁၃ နှင့် ၁၈၀၃၁/၂၄-၉-၁၃ ဖြင့်ရရှိသူ ဦးရူပ ၁၂/ပဇတ(နိုင်)၀၀၀၆၀၇ မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၇-၅-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၁)တွင် ပါရှိသော ကန့်ကွက်ကြောင်းအများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာ ၁ လမ်း၊ မြေကွက်အမှတ် ၂၆၀/က၊ မြေအကျယ်အဝန်း (၂၀×၆၀) မြေကွက်နှင့်ပတ်သက်၍ ကျွန်တော်တို့မောင်နှမခုနစ်ဦးမှ ၃၀-၄-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရှေ့နေဒေါ်ယဉ်ယဉ်ကြည်(စဉ်-၃၀၀၂၂) ကန့်ကွက်နိုင်ပါကြောင်း သတင်းစာကြော်ငြာအား ကန့်ကွက်ခဲ့ပါသည်။ သို့ရာတွင် ယခုအခါ မိသားစုအချင်းချင်း အထက်ပါမြေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းပြေလည်မှုရရှိသွားပြီဖြစ်သဖြင့် ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်းအား မောင်နှမခုနစ်ဦးမှ သဘောတူညီစွာဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁) ဦးသန်းဆွေ ၁၂/ရပတ(နိုင်)၀၀၃၅၇၀ (၂) ဒေါ်မာမာတင် SOKA-၀၆၅၃၇၆
(၃) ဒေါ်ရီမြင့်(ကွယ်လွန်) (၄) ဦးခင်ဇော် ၁၂/အလန(နိုင်)၀၀၅၂၃၃
(၅) ဦးမြင့်အောင်(ကွယ်လွန်) (၆) ဦးမြင့်ထွေး ၁၂/ဥကတ(နိုင်)၀၂၂၂၄၄
(၇) ဦးမျိုးအောင် ၁၂/ဥကတ(နိုင်)၁၃၁၈၀၇

အမှတ် ၂၆၀/က၊ မင်းရဲကျော်စွာ ၁ လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၁၀၀၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်ကျော် C/RGN-၀၀၇၇၉၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် LL.B, D.B.L, D.M.L ဒေါ်ဖြူဖြူခိုင် LL.B, D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ငြိမ်းချမ်းစုရည် LL.B
အထက်တန်းရှေ့နေ
အမှတ် ၂၇ (ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဦးအေးမင်း (ဘ)ဦးသာဒင် ၅/စကန(နိုင်)၀၀၄၇၂၀ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပြည့်ဖြိုးထွန်း ၅/စကန(နိုင်)၁၆၅၄၇၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအေးမင်းနှင့်အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စီတီးကျေးရွာအုပ်စု၊ ဆွမ်းချက်တောင်ကွင်း၊ ကွင်းအမှတ် ၈၁၇၊ ဦးပိုင်အမှတ် (၁/၃)၊ (၂/၁)၊ (၂/၂)ယာမြေများအား ယခုသက်ရှိထင်ရှားရှိနေသူ မူလပိုင်ရှင် ဒေါ်ပိုင် (ဘ)ဦးပွေး ၅/စကန(နိုင်)၁၄၆၈၆၇ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များရရှိထားသည့် ယာမြေများဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေများကို ဥပဒေစည်းကမ်းချက်များနှင့်အညီ လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့်ပြုမိန့်များရရှိခဲ့၍ ကျွန်ုပ်တို့၏မိတ်ဆွေက စက်သုံးဆီအရောင်းဆိုင်နှင့် စက်သုံးဆီသိုလှောင်သည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

ကျွန်ုပ်တို့၏မိတ်ဆွေက ဥပဒေနှင့်အညီ ပိုင်ဆိုင်လုပ်ကိုင်နေခြင်းအား ဦးအေးမင်းဆိုသူက ဥပဒေမဲ့ အထက်ဌာနများသို့ အကြောင်းမဲ့တိုင်တန်းနေခြင်းကို ရပ်တန့်ရန်နှင့် ထပ်မံ၍ ကျွန်ုပ်တို့မိတ်ဆွေ ဦးပြည့်ဖြိုးထွန်း၏ ပိုင်ရေးပိုင်ခွင့်အပေါ် ထိပါးနှောင့်ယှက်အကျိုးစီးပွားနစ်နာမှုများ ပြုလုပ်လာပါက မည်သူကိုမဆို ဥပဒေအရ တုန့်ပြန်ဆောင်ရွက်အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုလတ် LL.B
စဉ်-၇၈၉၅
တရားလွှတ်တော်ရှေ့နေ
ဦးလှတင်ထွန်း LL.B ဒေါ်နန်းပြုံးပြုံးညို LL.B
စဉ်-၄၁၃၂၇ စဉ်-၃၈၄၅၂
အထက်တန်းရှေ့နေများ
အမှတ် ၂၈၊ (ယ/၇)အကွက်၊ လမ်းသွယ် ၁၉၊ (၆၇×၆၈)လမ်းကြား၊
(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃M၊ မြေကွက်အမှတ် III-၁၃၀၊ မြေကွက်တည်နေရာအမှတ် ၁၉၊ စပယ်လမ်း၊ စော/နောက်၊ အလုံမြို့နယ် (ဦးမောင်ထင်-ဒေါ်မြသန်း)အမည်ပေါက် နှစ် ၉၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်ထင်နှင့် ဒေါ်မြသန်းတို့နှစ်ဦးစလုံးကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်မြတ်မြတ်သင်း ၁၂/အလန(နိုင်)၀၁၂၆၉၆ မှ သေစာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဂရန်မိတ္တူ၊ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၉၊ မြေကွက်အမှတ် ၁၃၀ အမည်ပေါက် ဒေါ်ဂိုမနာအုန်းခင် ၁၂/သဃက(နိုင်)၀၀၅၅၀၈ သည် မြေချပါမစ်မိတ္တူမှုန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက မြေချပါမစ်မိတ္တူမှုန်ထုတ်ပေးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၄၉ မြေကွက်ရရှိထားသူ ဦးစောမြသိန်း ၁/မကန(နိုင်)၁၁၆၄၈၁ ၏ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဦးပါန်ဂရာလို (ဘ)ဦးဝမ်ကွယ်ကျိန် ၁၃/လရန(နိုင်)၀၉၄၅၉၆ နှင့် အများသိစေရန်

မန္တလေးမြို့၊ ၇၆ လမ်း၊ ၃၂×၃၃ လမ်းကြားနေ ဦးသက်ဝေ(ခ) Jaisiyi ၁/မညန(ပြု) ၀၀၀၀၁၄၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ် ၅၀၆၊ ဦးပိုင်အမှတ် (၃)၊ ဧရိယာ ၀.၀၄၉၁ ဧကနှင့် ဦးပိုင်အမှတ်(၄)၊ ဧရိယာ ၀.၀၃၄၄ ဧက အကျယ်အဝန်းစီရှိ ဘိုးဘပိုင်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်တွင် တည်ရှိသောအဆောက်အအုံများ၊ သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမီတာတို့၏ ဆက်လက်သုံးစွဲပိုင်ခွင့်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးပါန်ဂရာလိုမှ ဦးသက်ဝေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုမှုအပေါ် ဦးသက်ဝေမှ လက်ခံသဘောတူညီခဲ့ပါ၍ ၁၈-၁-၂၀၁၂ ရက်စွဲပါ ကတိစာချုပ်ပြုလုပ်ချုပ်ဆိုပြီး စရန်အဖြစ် ငွေအချို့ပေးချေခဲ့ပြီးဖြစ်ပါသည်။

၁၈-၁-၂၀၁၂ရက်စွဲပါ စရန်ပေးကတိစာချုပ်အရ ၁၀-၂-၂၀၁၂ ရက်တွင် ဦးသက်ဝေမှ ဒုတိယအကြိမ်စရန်ပေးချေရန်ဖြစ်သော်လည်း ရောင်းချရန် ကတိပြုသူ ဦးပါန်ဂရာလိုမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုသည့်ရက်တွင်မှသာ ရောင်းကြေးကျန်ငွေများကို ပေးချေရန်ပြောဆိုခဲ့ပါ၍ နှစ်ဦးနှစ်ဖက်တို့မှ ၁-၂-၂၀၁၂ ရက်စွဲပါ ကတိစာချုပ်တစ်ရပ်ကို ထပ်မံပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။

၁-၂-၂၀၁၂ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်ပြုလုပ်ချုပ်ဆိုပြီးနောက် ဦးသက်ဝေသည် ကျန်ရောင်းကြေးငွေများကိုပေးချေရန် အသင့်စောင့်ဆိုင်းနေသော်လည်း ဦးပါန်ဂရာလိုမှ တစ်စုံတစ်ရာဆက်သွယ်မှုမရှိပါ၍ ဦးသက်ဝေမှ ၁၄-၉-၂၀၁၂ ရက်စွဲပါ အကြောင်းကြားစာပေးပို့ခဲ့ရပါသည်။

ဦးသက်ဝေပေးပို့ခဲ့သည့် အကြောင်းကြားစာအပေါ် ဦးပါန်ဂရာလိုမှ ၎င်း၏အကျိုးဆောင်မှတစ်ဆင့် ၂၁-၉-၂၀၁၂ ရက်စွဲပါ စာဖြင့်အကြောင်းပြန်ကြားရာတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးနိုင်သကဲ့သို့ ရောင်းချရန်ကတိပြုထားသော ပစ္စည်းအရပ်ရပ်တို့ကိုလည်း လက်ရောက်ပေးအပ်နိုင်ပါသည်ဟု ဖော်ပြပါရှိခဲ့ပါသည်။

အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီထားသော ပစ္စည်းရပ်များနှင့်ပတ်သက်၍ မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၃၄/၂၀၁၃) ဖြစ်ပွားနေ၍ အရောင်းအဝယ်ပြုလုပ်ရနိုင်သည့် အခြေအနေမရှိခဲ့ပါ။

ယခုအခါ အဆိုပါအမှုသည် ပြီးပြတ်ပြီးဖြစ်ကြောင်း စုံစမ်းသိရှိရပါ၍ ဦးပါန်ဂရာလိုနှင့် ဦးသက်ဝေတို့အကြား ပြုလုပ်ချုပ်ဆိုထားသည့် ၁၈-၁-၂၀၁၂ရက်စွဲပါကတိစာချုပ်နှင့် ၁-၂-၂၀၁၂ရက်စွဲပါ ကတိစာချုပ်များအရ ဦးသက်ဝေမှ ကျန်ရောင်းကြေးငွေများကို ၃၀-၅-၂၀၁၄ရက်တွင် အပြေအကျေပေးချေမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ရက်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးပါရန်နှင့် ရောင်းချရန်ကတိပြုထားသောပစ္စည်းအရပ်ရပ်တို့ကို ဦးသက်ဝေထံ ကိုယ်ထိလက်ရောက်လွှဲပြောင်းပေးအပ်ပါရန် ဦးပါန်ဂရာလိုနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးသက်ဝေ
လွှဲအပ်ညွှန်ကြားသူ

ဦးသက်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၇၉၉/၁၉၈၆)
အမှတ် (၃၃)၊ ၃၁ လမ်း၊ (၆၆×၆၇)လမ်းကြား၊
အကွက် (၇၆၃)၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၆၁၃၈၁၊ ၀၉-၅၁၁၉၄၆၁

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းပဒေသာပင်အတွက် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်နှင့်နေရပ်လိပ်စာ	အလှူငွေ
၁။	ဒေါ်ခင်လေးရီ(တူမ) မယမင်းသူ(သမီး) Hei di ဝေနှင်းစိုး၊ (တူ) Orion ဘုန်းမြတ်ဇင် မွေးနေ့အလှူ၊ အမှတ်-၉/ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။	၂၀၀၀၀၀ိ/-
၂။	ကွယ်လွန်သူဖခင်ကြီး ဗိုလ်မှူးအုန်းစိန်/ငြိမ်းအားရည်စူး၍ Capt:နေမျိုးအုန်း-ဒေါ်ခင်သီမွန်၊ (မြေး)ဖွဲ့ဝေယံမျိုး၊ ညီဝေယံမျိုးကောင်းမှု၊ တိုက် ၂၄၊ အခန်း ၃၇၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်။	၁၀၀၀၀၀ိ/-
၃။	ကွယ်လွန်သူဖခင်ကြီး ဗိုလ်မှူးအုန်းစိန်/ငြိမ်းအား ရည်စူး၍(သမီး) ဦးဗိုလ်ဝင်း-ဒေါ်ညိုမီအုန်း၊ (မြေး)ခင်ချောလဲ့ဝင်း၊ ဒေါက်တာခင်ချောစုဗိုလ်ကောင်းမှု၊ တိုက် ၂၄၊ အခန်း ၃၇၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်။	၁၀၀၀၀၀ိ/-
၄။	ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးအုန်းစိန်/ငြိမ်းအားရည်စူး၍ (သား)ဦးသစ်လင်းအုန်း-ဒေါ်မေစန်းသိန်း၊ (မြေး)မောင်သုဟန်သစ်၊ မသက်နှင်းသစ္စာကောင်းမှု၊ တိုက် ၂၄၊ အခန်း ၃၇၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်။	၁၀၀၀၀၀ိ/-
၅။	ဦးတင်ထွန်းခင်-ဒေါ်ရီရီ(ဒေါ်ရီရီ၏မွေးနေ့အလှူ)မိသားစု၊ အမှတ် ၅၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။	၁၀၀၀၀၀ိ/-
၆။	ရုပ်ရှင်ဒါရိုက်တာဦးစိန်ဖေတင်အားရည်စူး၍ (ဇနီး)ဒေါ်ထွေးယဉ် သားသမီးမိသားစုကောင်းမှု၊ ၂၉/D၊ ဦးဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	၅၀၀၀၀၀ိ/-
၇။	ကွယ်လွန်သူမိခင်ကြီးဒေါ်အုန်းမြင့်အားရည်စူး၍ မိသားစုကောင်းမှု၊ အမှတ် ၁၉၄၊ ၄ လွှာ၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	၁၀၀၀၀၀ိ/-
၈။	ဖခင်ဦးတင်-မိခင်ဒေါ်ရန်၊ အစ်ကိုဦးစံမြင့်၊ အစ်မဒေါ်မြမြဝင်း၊ ဒေါ်ခင်ဝင်းကြည်နှင့်ဒေါ်တင်ကြည်တို့အားရည်စူး၍ သားသမီးများနှင့် မြေးများကောင်းမှု၊ အမှတ် ၈၊ မြဟသာလမ်း၊ ဒေါင်းဇရပ်၊ မော်လမြိုင်မြို့။	၁၀၀၀၀၀ိ/-
၉။	ကျေးဇူးရှင်ဘိုးဘွားမိဘများအားရည်စူး၍ (သမီး)ဒေါ်နန်းမြသန်းဌေး မိသားစု၊ အမှတ် ၂၄၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၁၀၀၀၀၀ိ/-
၁၀။	ကွယ်လွန်သူဦးဝင်းနိုင်(ဒုဝန်ကြီး/ငြိမ်း)၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ၃ နှစ်ပြည့်အတွက် ဇနီးဒေါ်ရီရီဝင်း၊ (သမီး)မသူဇာဝင်းနိုင်၊ မခိုင်သွယ်တင့်မိသားစု၊ အမှတ် ၃၃၆၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏမြို့သစ်။	၁၀၀၀၀၀ိ/-
၁၁။	ဦးတာရာမြင့်ဆွေ-ဒေါ်ခင်သက်ထားဆွေ (သမီး) မမဥ္ဇူသက ရက်(၁၀၀) ပြည့်မွေးနေ့အလှူ၊ အလုံမြို့နယ်။	၆၀၀၀၀၀ိ/-
၁၂။	သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒုတိယအစည်းအဝေး၊ ဆွမ်းဆက်ကပ်မှုပိုငွေလှူဒါန်းခြင်း။	၆၈၇၇၉၃-၂၀ါး
၁၃။	ဦးစန်းထွန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်အေးအေးရီ (အထပြ/ငြိမ်း)မိသားစု၊	၁၀၀၀၀၀ိ/-
၁၄။	မသီရိနို(ထားဝယ်)ကောင်းမှု၊ အမှတ် ၁၉/A၊ ပထမထပ်၊ စမ်းချောင်းမြို့နယ်။	၁၀၀၀၀၀ိ/-
၁၅။	(ကွယ်လွန်သူ ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူး/ငြိမ်း၊ သသန)-ဒေါ်သန်းသန်းဝင်းမိသားစု အမှတ် ၇၁၂၊ ငွေပုလဲ ၂ လမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။	၁၀၀၀၀၀ိ/-
၁၆။	ကွယ်လွန်သူဦးအောင်လှ-ဒေါ်စောတင်တို့အားရည်စူး၍ ဦးလှမြင့်-ဒေါ်သန်းသန်းဆင့်မိသားစု၊ အမှတ် ၂၄/A၊ လမုတန်း၊ မော်လမြိုင်မြို့။	၁၀၀၀၀၀ိ/-
၁၇။	ဦးဗိုလ်ကြီး၊ ဒေါ်တင်လုံး၊ ဒေါ်ငွေစော၊ မြောက်လူးကန်ရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်း။	၁၀၀၀၀၀ိ/-
၁၈။	ဒေါ်ခင်လှမွေးနေ့အလှူ၊ အမှတ် ၃၊ ယိုးဒယားလမ်းသွယ်၊ ၉ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။	၁၀၀၀၀၀ိ/-
၁၉။	ကျေးဇူးရှင်နှစ်ဖက်သောအဘိုးအဘွား၊ မိဘများ၊ ညီအစ်ကိုမောင်နှမဆွေမျိုးများနှင့် မိတ်ဆွေတို့အား ရည်စူး၍ ဦးဇော်ဝင်း-ဒေါ်ခင်မာကြွယ်မိသားစု၊ အမှတ် ၂၂၈၊ ၄၀လမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏမြို့နယ်။	၅၀၀၀၀၀ိ/-
၂၀။	(ဦးမြင့်ချို)-ဒေါ်ခင်စီလွင်၊ မောင်ချိုလွင်ထွန်း-မဆုလဲ့ရည်ကျော်၊ မသဉ္ဇာအောင်၊ မောင်ညီလွင်မြင့်-မခိုင်စုဝေ၊ (မြေး)မောင်ပိုင်ဇေသန်း၊ မသွန်းဖြိုးရတနာမိသားစု၊ အမှတ် ၆၂၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။	၁၀၀၀၀၀၀ိ/-
၂၁။	ကိုကျော်စွာဝင်း-မသက်သက်မွန် မင်္ဂလာဦးအလှူ၊ နန္ဒင်းတော်ဘိုးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။	၁၀၀၀၀၀ိ/-
၂၂။	ဦးသောင်းဌေး-ဒေါ်တင်ရွှေ(မွေးနေ့)ကောင်းမှု၊ အမှတ် ၂၀၊ ၁၃၉လမ်း၊ မအူကုန်း၊ တာမွေမြို့နယ်။	၁၀၀၀၀၀ိ/-
		၅၀,၈၇,၇၉၃-၂၀ါး

ဆက်သွယ်ရန် ဖုန်း-၆၆၀၁၄၉၊ ၆၆၀၉၉၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ၂၀၁၄ ခုနှစ် ဧပြီ ၁ရက်မှ ၃၀ရက်အထိ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်နှင့်နေရပ်လိပ်စာ	အလှူငွေ
၁။	ကွယ်လွန်သူ ဦးဝင်းနိုင်(ဒုဝန်ကြီး/ငြိမ်း)၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ၃ နှစ်ပြည့်အတွက် ဇနီးဒေါ်ရီရီဝင်း (သမီး)မသူဇာဝင်းနိုင်၊ မခိုင်သွယ်တင့်မိသားစု၊ အမှတ် ၃၃၆၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏမြို့သစ်။	၃၆၃၀၀၀ိ/-
၂။	ဦးသကြ်န်ကျော်-ဒေါ်စုဝတ်ရည်မိသားစု၊ အခန်း၄/A၊ တိုက် ၇၁၊ ဗိုလ်ရာညွန့်လမ်း၊ တော်ဝင်နှင်းဆီကွန်ဒို၊ ဒဂုံမြို့နယ်။	၂၀၀၀၀၀ိ/-
၃။	(ဗိုလ်မှူးအုန်းစိန်/ငြိမ်း)၊ (၃)နှစ်ပြည့်အားရည်စူး၍ ဇနီး ဒေါ်လှလှသိန်း၊ သားသမီး၊ မြေးတစ်စု၊ အခန်း ၃၇၊ တိုက် ၂၄၊ ဦးဝိစာရအိမ်ရာ၊ မင်းမနိုင်ရပ်ကွက်၊ဒဂုံမြို့နယ်။	၅၀၀၀၀၀ိ/-
၄။	ဗိုလ်မှူးရဲထွဋ်အောင်(ငြိမ်း)-ဒေါ်မြသီ (၂၅နှစ်ပြည့်မင်္ဂလာဆွမ်း) မိသားစု၊ အခန်း ၂၈၊ ၂၈ ခန်းတွဲ၊ အကောက်ခွန်အိမ်ရာ၊ ၅၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်။	၂၀၀၀၀၀ိ/-
၅။	ဒေါ်ရီရီနှင့် မြေး အောင်ဘုန်းပြည့်မွေးနေ့အလှူ၊ အမှတ် ၅၄/က၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။	၁၀၀၀၀၀ိ/-
၆။	(ဗိုလ်ကြီးမြင့်ခိုင်)-ဒေါ်ရီလေးမြင့်မိသားစု၊ အမှတ် ၁၇၇၊ ပန်းပိတောက်လမ်း၊ ခရေပင်ရိပ်မွန်။	၁၀၀၀၀၀ိ/-
၇။	မင်္ဂလာဈေးအထည်ရောင်းဝယ်ရေးမိသားစု၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၃၀၀၀၀၀ိ/-
၈။	ဦးတာရာမြင့်ဆွေ-ဒေါ်ခင်သက်ထားဆွေ၊(သမီး)မမဉ္ဇူသက ရက် (၁၀၀)ပြည့်မွေးနေ့အလှူ၊ အလုံမြို့နယ်။	၆၃၅၀၀၀ိ/-
၉။	မောင်ကျော်ကိုကို-မဥမ္မာမြင့်တို့၏ မင်္ဂလာဦးဆွမ်းအလှူ၊ ရန်ကုန်မြို့။	၁၀၀၀၀၀ိ/-
၁၀။	စစ်တက္ကသိုလ်အပတ်စဉ်-၂၈၊ ကျောင်းဆင်းအရာရှိများ ကောင်းမှု။	၂၀၀၀၀၀ိ/-
၁၁။	စစ်တက္ကသိုလ်အပတ်စဉ်-၃၈၊ ကျောင်းဆင်းအရာရှိများ ကောင်းမှု။	၃၅၀၀၀၀ိ/-
၁၂။	စစ်တကောင်းဗုဒ္ဓဘာသာအသင်း၊ အမှတ် ၁၅၈၊ အထက်ပန်းဆိုးတန်းလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၁၀၀၀၀၀ိ/-
၁၃။	(ကွယ်လွန်သူ ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူး/ငြိမ်း၊သသန)-ဒေါ်သန်းသန်းဝင်းမိသားစု၊ အမှတ် ၇၁၂၊ ငွေပုလဲ ၂ လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။	၂၀၀၀၀၀ိ/-
၁၄။	ဒေါက်တာဉာဏ်ထွဋ်-ဒေါက်တာဒေါ်ခင်မာလာဝင်းမိသားစု၊ အမှတ် ၅၆/D/၇၊ သီရိမာလာလမ်းသွယ်၊ ၇မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်။	၂၅၀၀၀၀ိ/-
၁၅။	ကိုဝင်းသိန်းအေး-မခိုင်ဝါဦး မင်္ဂလာဦးဆွမ်းအလှူ၊ အမှတ် ၁၈၈/B၊ အခန်း ၁၀၂၊ သုခလမ်း၊ လှိုင်မြို့နယ်။	၃၀၀၀၀၀ိ/-
၁၆။	ကွယ်လွန်သူ ဖခင်ကြီးဦးဖုန်းအားရည်စူး၍ ဒေါ်ကြည်ကြည်၊ (သမီး)ဦးတင့်ဆွေ-ဒေါ်မီမီဖုန်း၊ မြေး ဒေါက်တာမြဖုန်းတင့်၊ မောင်ခန့်စိုးထက်မိသားစု၊ အမှတ် ၁၄၄၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်။	၃၀၀၀၀၀ိ/-
၁၇။	ကွယ်လွန်သူ ဒေါ်မြမြ (၁)နှစ်ပြည့်အားရည်စူး၍ ဒေါ်ခင်ငြိမ်းငြိမ်း၊ သားသမီးမြေးတစ်စု၊ အမက-၁၅၊ ရန်ကင်းမြို့နယ်။	၃၀၀၀၀၀ိ/-
၁၈။	ကိုကျော်စွာဝင်း-မသက်သက်မွန် မင်္ဂလာဦးအလှူ၊ နန္ဒင်းတော်ဘိုးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။	၂၀၀၀၀၀ိ/-
		၄၆,၉၈,၀၀၀ိ/-

ဆက်သွယ်ရန်ဖုန်း-၆၆၀၁၄၉၊ ၆၆၀၉၉၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (နှစ်ပတ်) အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဦးဝင်းထွန်း	၁၂/ဗဟန(နိုင်) ၀၃၃၂၅၅	အမှတ်(၂၁၀/၉)ပင်လုံလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်	ဒဂုံမြို့သစ်	၃၀	၂၁၀/၉	ဦးဝင်းထွန်း	အမည်ပြောင်းခြင်း

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင် အထကကျောင်း နဝမတန်းမှ မသိမ့်အိန္ဒြာလွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းရွှေ ၇/ညလပ(နိုင်) ၀၈၉၁၀၇ ဖြစ်ပါသည်။

အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ဘောဂလမ်းထောင့်နေ ဦးကြည်အောင်(အောင်မြင့်မိုရ်ဗီဒီယိုလုပ်ငန်း) ၁၀/မလမ(နိုင်)၁၄၅၀၄၂က အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်နှင့် မခိုင်ဇာမွန် ၁၀/ဘလမ(နိုင်)၁၀၄၅၈၁တို့သည် ၂၀၀၅ခုနှစ် ဇွန်လတွင် ဘီးလင်းမြို့၌ လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီး သွန်းဝတီအောင်အား မွေးဖွားခဲ့ပါသည်။

မခိုင်ဇာမွန်သည် ၆-၄-၂၀၁၃ရက်တွင် အိမ်၌စုဆောင်းထားသော စိန်ရွှေနှင့် ငွေကျပ်သိန်း၄၀၊ အိမ်ခြံမြေဝယ်ယူသည့်စာချုပ်တို့ကို ကျွန်တော်မသိအောင် ယူဆောင်ထွက်သွားခဲ့သဖြင့် ၁၇-၄-၂၀၁၃ရက်တွင် ဘီးလင်းမြို့နယ် ရဲစခန်း၌ လူပျောက်တိုင်တန်းခဲ့ပါသည်။

၎င်းသည် ခင်ပွန်းနှင့် သမီးတို့အား စွန့်ပစ်ခဲ့သူဖြစ်သည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဇနီးအဖြစ်မှ ပြတ်စဲပြီးဖြစ်ကြောင်း၊ ၎င်းပြုလုပ်သော ကိစ္စအဝဝသည် ကျွန်တော်နှင့် သက်ဆိုင်ခြင်းမရှိ၍ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကြည်အောင် ၁၀/မလမ(နိုင်)၁၄၅၀၄၂

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၈၄၁၊ မြေကွက်တည်နေရာ အမှတ် ၈၄၁၊ ဆရာစံလမ်း၊ မြို့မ(၄)ရပ်ကွက်၊ ဒလမြို့နယ် ဦးသန်းညွှန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းညွှန့် ၁၂/ဒလန(နိုင်)၀၂၈၅၉၀ထံမှ (၁-၄-၂၀၁၀) ရက်စွဲပါ အပိုင်ပေးကမ်းခြင်း အရပ်ကတိစာချုပ်ဖြင့်ရရှိသူ ဒေါ်သင်းသင်းအောင် ၁၂/ဒလန(နိုင်)၀၂၉၃၅၆ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက် လျှောက်ထားသည့် မြေပေါ်တွင်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးထောက်ခံစာတို့တင်ပြပြီး နှစ် ၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်ခင်နှင်း အသက်(၈၁)နှစ်
(ရွှေဒင်္ဂါး၊ 777 ပလတ်စတစ်ကြိုးလုပ်ငန်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ A(၇)ရပ်ကွက်၊ လမ်း ၆၀၊ အမှတ် ဆ/၂၉နေ (ဦးကျောက်စွမ်း-ဒေါ်ခင်ချိုင်)တို့၏သမီး၊ (ဦးပု-ဒေါ်စော)တို့၏ချွေးမ၊ (ဦးစန်းအောင်)၏ဇနီး၊ ဒေါ်ခင်စန်းအေး-ဦးအောင်မင်းဦး၊ ဦးတင်မောင်လွင်-ဒေါ်မြင့်မြင့်ဦး၊ ဦးခင်မောင်လွင်-(ဒေါ်ရှိဇင်းဒါ)၊ ဦးဝင်းလွင်-ဒေါ်အေးအေးမော်၊ ဦးဝင်းကြည်-ဒေါ်ဖြိုးဖြိုးငယ်တို့၏မိခင်၊ မြေး၁၄ယောက်တို့၏အဘွားသည် ၁၁-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍၁၇-၅-၂၀၁၄ရက်(စနေနေ့)နံနက်၇နာရီမှ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြင့်မြင့်ဝင်း (ခ) ဒေါ်နွယ်နွယ်အေး (တောင်ကြီး)
(မဟာခရီးသွားလုပ်ငန်း) အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၆၁)A၊ ရွှေတောင်ကြားလမ်း၊ (၂)ရပ်ကွက်နေ (သခင်အေးမောင်-ဒေါ်မြရင်)တို့၏သမီးကြီး၊ မြင်းခြံမြို့နေ (ဦးစံရင်-ဒေါ်ညိုပိုင်း)တို့၏သမီးချွေးမ၊ ဦးထွဏ်းအောင်ကျော်(မဟာခရီးသွားလုပ်ငန်း)၏ဇနီး၊ Mr. Imaimasahiro-ဒေါ်ဥမ္မာကျော်၊ ဦးခိုင်မင်းအောင်-ဒေါ်မြတ်မင်းမင်းညို၊ (ဦးမင်းယဉ်ထွန်း)-ဒေါ်ချိုချိုသန့်၊ ဒေါ်သဲသဲကျော် (MISY)တို့၏မိခင်၊ Imaikasuki၊ Imaimiyuya၊ ဝေဖြိုးအောင်(ဒုတိယနှစ်-အနောက်ပိုင်းနည်းပညာတက္ကသိုလ်)၊ မောင်နေလင်းအောင်(MLA International School)၊ မောင်ထက်မြတ်အောင်တို့၏အဘွားသည် ၁၂-၅-၂၀၁၄ရက် နံနက် ၁း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၂ နာရီအထိ အမှတ်(၆၁)A၊ ရွှေတောင်ကြားနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်နွယ်နွယ်အေး (တောင်ကြီး)
(မဟာခရီးသွားလုပ်ငန်း) အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၆၁)A၊ ရွှေတောင်ကြားလမ်း၊ (၂)ရပ်ကွက်နေ ဦးထွဏ်းအောင်ကျော်၏ဇနီး၊ ဒေါက်တာသိန်းဌေး-ဒေါ်စိုးစိုးအေး၊ ဦးဇော်ဝင်း-ဒေါ်နန်းစံခမ်း (USA)၊ ဦးကျော်ဝင်း-ဒေါ်ဌေးဌေး၊ ဒေါက်တာမင်းညို-ဒေါ်နန္ဒာစီ၊ ဦးတင်မောင်အေး(USA)၊ ဦးစိုးတင့်အေး-ဒေါ်သက်မာ၊ ဦးသန်းထွန်းအေး-ဒေါ်နန်းပင်း၊ ဦးဝင်းဆွေ-ဒေါ်အေးအေးမော်၊ ဦးစိုးတင်ဝင်း-ဒေါ်သင်းသင်းပြုံး၊ (ဦးအောင် ကျော်ညွှန့်)-ဒေါ်လှခင်တို့၏အစ်မ၊ မြင်းခြံမြို့နေ (ဦးတင်အုန်း)-ဒေါ်ရင်ရင်မြ၊ (ဦးကျော်သိန်း)-ဒေါ်သင်းသင်းလှတို့၏ညီမသည် ၁၂-၅-၂၀၁၄ ရက် နံနက် ၁း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဒေါ်စိန်စိန်မြင့်
အသက်(၆၅)နှစ်

